www.burmeseclassic.com



www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၅၀၁၇၁၇၁၀၀၈
အဖုံးခွင့်ပြုချက်အမှတ် – ၅၀၁၇၇၉၁၂၀၈

■

စီစဉ်သူ ▭ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း

ပထမအကြိမ် ▭ ၂၀၀၉၊မတ်လ
အုပ်ရေ ▭ ၅၀၀
မျက်နှာဖုံး ▭ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ▭ *Welfare*
အတွင်းဖလင် ▭ *Quality*

■

ပုံနှိပ်သူ
ဦးမန်းနော်တင် (မိုးကရင်ပုံနှိပ်တိုက်) (၀၂၈၀၁)
အမှတ်(၁၂၀)၊ မင်းရဲကျော်စွာလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

■

ထုတ်ဝေသူ

ဦးတင်ထွန်း ( မြ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး – ၂၀၀၀ကျပ်

BURMESE CLASSIC

# မာတိကာ

| စဉ် | ဝတ္ထုအမည် | စာမျက်နှာ |
|---|---|---|
| ၁။ | အချိုသောတိရစ္ဆာန်တို့သည် ကျေးရွာသိတတ်ကြကုန်၏ | ၁ |
| ၂။ | လူထူးဆန်းဘတိုက်ပုံနှင့် အငြိုးကြီးငမဲ | ၂၄ |
| ၃။ | စိတ်တစ္ဆေခြောက်တဲ့ည | ၃၀ |
| ၄။ | နလုံးသားလှသူတို့ရဲ့ လောကနိဗ္ဗာန်အကျိုးပေး | ၆၀ |
| ၅။ | လေဆင်နှာမောင်း | ၉၄ |
| ၆။ | ဇရာရင့်နှလုံးသားပေါ်က ရှင်သန်ဆဲပန်းပွင့်များ | ၁၂၄ |
| ၇။ | လေးမည်ရထွန်းကြိုင် | ၁၆၀ |
| ၈။ | ဘဝပျက် … ကျားကြီး | ၁၈၀ |

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အချို့သောတိရစ္ဆာန်တို့သည် ကျေးဇူးသိတတ်ကြကုန်၏

(၁)

ရှေ့က ကန်သင်းရိုးနံဘေးမှာ လူတစ်ယောက် လဲကျလူးလွန့်နေ၏။ တိုက်ပုံရင်ကွဲ ဆံပင်ရှည်ရှည် ပုဆိုးအစုတ်အပြဲနှင့် ယောဂီရောင်လွယ်အိတ်ကြီး စလွယ်သိုင်းထားသော ပြုတ်စဗျင်းတောင်း အရူးလိုလူကြီးသည် ထိုလူရှိရာသို့ ပြေးဝင်သွားလိုက်၏။

လူရွယ်က အသက် (၃၀)ကျော်ခန့်ရှိမည်။ အံကြိတ်ပြီးညည်းညူနေ၏။ အကြောများဆွဲနေ၏။ သူ့ညာလက်က ခြေဖမိုးကိုဖိရင်း ဝေဒနာခံစား နရဟန်။





မျက်နှာပေါ်မှာ ကန့်လန့်ဖြတ်ခြားခုတ်ရာ အမာရွတ်ကြီးကလည်း ကြောက်စရာကြီး။ ပါးနှစ်ဖက်မှာ ပါးမြိုင်းမွေးများက အပြိုင်းအရိုင်း . . .။

တိုက်ပုံရင်ကွဲနှင့် ဆံပင်ရှည်အဘိုးအိုသည် ပြင်းထန်စွာဝေဒနာခံစားနေရသည့် ကိုပါးမြိုင်းအနီးမှာ ဒူးထောက်၍ထိုင်ချအကဲခတ် လိုက်စဉ် . . .

"ဪ"

"အလို . . ."

ကြည့်စမ်း၊ တစ်လံကွာလောက်မှာ ပါးပျဉ်းခွက်နေသည့် မြွေကြီးတစ်ကောင်။ မြွေက မြွေဟောက်ကြီး။ မရှိဘူးဆို လက်ကောက်ဝတ်ခန့် အလုံးရှိမည်။ ပါးပျဉ်းကိုခွက်၍ ဒေါသတကြီးအသံပြုကာ လူစိမ်းရှိရာသို့ စိန်းစိန်းကြီး စိုက်ကြည့်နေစဉ် . . .

အဘိုးအိုသဘောပေါက်လိုက်ပြီ။ ဒီပါးမြိုင်းကို မြွေကိုက်လိုက်တာပဲဖြစ်ရမည်။

မြွေဟောက်သည် အဘိုးအို၏ လှုပ်ရှားနေသော သဏ္ဌာန်ကို မြင်လိုက်သောအခါ ပါးပျဉ်းခေါင်းကို နောက်သို့ယိမ်းလိုက်ပြီး ရန်ပြုရန်စိမ်းမည်းမည်းကိုယ်လုံးကို ရှေ့သို့ လှုပ်ရှားလိုက်သောအခါ . . .

ဖြုန်းခနဲ အဘိုးအိုက ညာလက်ဝါးကို ထောင်၍ ကာပြလိုက်သည်ရှိသော် . . .

ဒေါသတကြီးပြေးဝင်လာသော မြွေဟောက်ကြီး တန့်သွားသည်။ မြွေဟောက်ကြီးလည်း အဘိုးအို၏ညာလက်ဝါးပေါ်က အင်းစမကွက်ကို စိုက်ကြည့်ပြီး နောက်ကို အလိုလို လွင့်၍ဆုတ်သွား၏။

အဘိုးအိုကလည်း အင်းစမညာလက်ဝါးနှင့် ကာဟန်ပြားရင်း



www.burmeseclassic.com

www.burmeseclassic.com



က မေးလိုက်သည်။

''မင်း . . . ဒီလူကို ကိုက်လိုက်တယ် မဟုတ်လား''

''ဘာလို့ ရန်ပြုလိုက်ရတာလဲ''

''မင်းကို သူက ရန်ပြုလို့လား''

အဟိတ်တိရစ္ဆာန် မြွေဟောက်က ဘာတစ်ခွန်းမျှ ပြန်မဖြေ။ ငြိမ်၍ နားထောင်နေသည်။

''မင်းကို ဝါမေတ္တာပို့ပါတယ် မြွေဟောက်ကြီး။ မင်းလည်း ကျန်းမာချမ်းသာပါစေ။ ဒီလူနာလည်း အသက်ရှည်ကျန်းမာချမ်းသာပါစေ။ ဒီလူကို ကျွန်ုပ်ကုပါရစေ။ အသင်နှင့်တကွ ကွင်းပိုင် တောင်ပိုင်များပါ ခွင့်ပြုကူညီကြပါ။ ဒီလူ့ရှယ် အမှားရှိခဲ့ရင် ခွင့်လွှတ်ကြပါ။ ဒီမြွေဆိပ်ကို အသင်မြွေကြီး သနားသဖြင့် ပြန်နုတ်ယူပါ။ ပြီးရင် လိုရာ ခရီးကို သွားပါတော့ အသင်မြွေကြီး . . .''

သို့ကလို မေတ္တာရပ်ပြီးနောက် ခြေထောက်ကြီးညိုမည်းစပြုပြီး အကြောများဆွဲကာ ညည်းညူနေသည့် မြွေကိုက်လူနာကို ကောက်မွေ့လိုက်သည်။ ပြီးနောက် လွယ်အိတ်ထဲမှ ဘူးတစ်ဘူးကို ဖွင့်၍ ဆေးမှုန့်အနည်းငယ်ကို လူနာ၏ပါးစပ်ဖြဲ၍ မရအရသွင်းကာ လျှာကို ပွတ်ပေးလိုက်သည်။

ပြီးနောက် ကြိုးစတစ်စနှင့် အဆိပ်ပုံ့စပြုနေသည့် ခြေထောက်အထက်မှာ ခပ်တင်းတင်းစည်းလိုက်ပြီး ဉာလက်ဝါးနှင့် မြွေဆိပ်ချမန္တန်ကို (၃၇)အုပ်ရွတ်၊ သပ်ချလိုက်သည်။

ဖြူဖွေးသော အရည်ကြည်များ၊ မည်းနက်စပြုသော သွေးများ စီးလိမ့်၍ ကျလာခဲ့သည်။

မကြာခင် လူနာခေါင်းထောင်၍ ထိုးအန်တော့သည်။ အစာ





များ၊ အရက်များ။ အတန်ကြာထိုးအန်ပြီးနောက် လူနာသတိရလာပြီး အဘိုးအိုကို ထူးဆန်းအံ့ဩစွာ ငေးစိုက်ကြည့်နေ၏။

''မင်း သတိရပြီလား''

''အင်း''

''မင်းကို မြွေဟောက်ကိုက်တာ သိလား''

''သိ . . . သိပါတယ်''

''အခု မြွေဆိပ်ပြယ်သွားပြီကွ''

''ဟုတ် . . . ဟုတ်''

''မင်းနာမည် ဘယ်သူလဲ''

''ကြူးအော်''

''ကြူးအော် . . . ဘာလဲ ကြူးအော်ဆိုတာ ကျော်ဦးလား''

''ဟင့်အင်း . . . ကြူးအော်လို့ အများက ခေါ်ကြတယ်''

''မင်းက ဘာအလုပ်လုပ်လို့လဲ''

''ငှက်ခတ်၊ ကြွက်ထိုး''

''အခု . . . ထနိုင်ပြီလား''

''အင်း . . . ထ . . . ထနိုင်ပါပြီ ခင်ဗျ''

''ထစမ်း''

သူ့အားယူ၍ ကုန်းထလိုက်ပြီး အရပ်ဘေးဘီ (သူ့ငှက်ထောင်ချောက်များရှိရာသို့) မျက်လုံးကို ကစားလိုက်သည်ရှိသော် . . .

''အ . . . မ . . . လေး''

''ဟာ . . . ဘာဖြစ်လို့လဲ . . . ကြူးအော်''

''မြွေ . . . မြွေကြီး . . . မြွေကြီး . . . အမလေးဗျ''

ကြူးအော်ဆိုသူ ငှက်ခတ်သမား လူပေလူတေကြီးသည်



www.burmeseclassic.com

www.burmeseclassic.com



အသက်သခင်ကျေးဇူးရှင် အဘိုးအိုကိုမျှ နှုတ်မဆက်နိုင်ဘဲ . . .

သူ့ကို ပါးပျဉ်းထောင်ပြီး စိန်းစိန်းစိုက်ကြည့်နေသည့် မြွေဟောက်ကြီးကို မြင်လိုက်သည်နှင့် ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် ပြေးတော့လေသည်။

သူပြေးသည်နှင့် မြွေဟောက်ကြီးလည်း ကွင်းစပ်ဝါးနက်တောရှိရာသို့ ချာခနဲ လှည့်ပြေးဝင်သွားလေသည်။

အဘိုးအို အနီးဝန်းကျင်ကို လေ့လာအကဲခတ်လိုက်သောအခါ တောချက်အရက်ကော် တစ်ပုလင်း(သောက်စ)၊ ဓားမြှောင်တစ်ချောင်း၊ လောက်လေးခွနှင့် လောက်စာလုံးများ၊ ပြီး ငှက်ထည့်ပလိုင်းတစ်လုံး။

"ဂီး . . . ဂီး . . . အစ် . . . အစ် . . . ဂီး . . . ကျိ"

"ဖြန်း . . . ဖရမ်း . . . ဖြန်း"

"ဂီ . . . ဂီ . . . အစ် . . . အစ်ကျိ . . . ကျိ"

"အလို . . . ငှက်အော်သံပါလား"

အသံလာရာ ကြားရာသို့ ကြည့်လိုက်တော့ ကျော့ကွင်းထဲ ငှက်ကြီးတစ်ကောင်၊ တယ် . . . စွန်ရဲငှက်ကြီးပါလား။ နည်းနည်းနောနော အကောင်ကြီးမဟုတ်။ ငန်းအကြီးစား တစ်ကောင်ခန့်ရှိ၍ . . .

သူ့ခြေထောက်မှာ သံမဏိကြိုးကျော့ကွင်းက တင်းကျပ်စွာ မိနေပြီး လွတ်ရှားရုန်းကန်လိုက်တိုင်း နာကျင်၍ စူးရှစွာအသံကုန် အော်ဟစ်နေ၏။ ရုန်းကန်၍မရသောအခါ ခြေတစ်ပေါင်ကျိုးနှင့် ထလိုက်ဝပ်လိုက်လုပ်ပြီး သံမဏိနှောင်ကြိုးကို ဒေါသတကြီး ကိုက်ဖြတ်နေ၏။

တိုက်ပုံရင်ကွဲနှင့် အဘိုးကြီး သူ့အနားသို့ရောက်သော် . . .

ရန်သူမှတ်၍ နှုတ်သီးကောက်ကို ဖြဲ၊ အတောင်ကို ဖြန့်ပြီး ဒေါသမျက်လုံးနှစ်လုံးနှင့် တုံ့ပြန်ရန် အော်ဟစ်နေ၏။





အဘိုးအိုက ကြင်နာသနားသော မျက်လုံးအစုံနှင့် သူ့ကိုစိုက်ကြည့်ပြီး သူ့စမအင်းပါ ညာလက်ဝါးကို ထောင်ပြ၍ အနီးသို့ ချဉ်းကပ်လိုက်၏။

ငှက်ကြီးသည် အဘိုးအိုညာလက်ဝါးကို အထူးအဆန်းလို စိုက်ကြည့်ရင်းမှ ငြိမ်ကျသွားခဲ့၏။

"ငှက်ကြီး၊ မင်းကို ငါလုံးဝရန်မမူပါဘူး သားရယ်။ မင်း ဒုက္ခကို အဘိုးကူညီပါ့မယ်။ မင်း အဘိုးကို ရန်မမူနဲ့၊ ငြိမ် . . . ငြိမ် . . . ငြိမ်"

ဒီလိုပြောဆို အမိန့်ပေးလိုက်တော့ စွန်ငှက်ရဲကြီးသည် လူ့စကားကို နားလည်သဘောပေါက်သည့်အလား ငြိမ်၍ကြည့်နေ၏။ ဒီမှာ အဘိုးအိုက စွန်ငှက်ရဲကြီး၏ ညာခြေထောက်မှ သံမဏိကျော့ကွင်းကို ဖြုတ်လိုက်သည်။ ကျော့ကွင်းက စွန်ငှက်ရဲကြီး၏ ခြေသလုံးသားကို ရစ်ပတ်လှီးပြီး အရိုးပါ ပေါ်နေရကား နီရဲသောသွေးများစီး၍ ကျနေ၏။ ငှင်းနောက် . . .

လွယ်အိတ်ထဲမှ ဆေးမှုန့်ဘူးကို ထုတ်လိုက်ပြီး ဆေးမှုန့်အချို့ကို စွန်ငှက်ရဲကြီးရဲ့ ဒဏ်ရာပေါ်မှာ ဖြူးအုံ၍ အဝတ်စုတ်အစနှင့် သေချာစွာ ပတ်တီးစည်းပေးလိုက်ပြီးနောက် . . .

"မင်း ဒုက္ခဆင်းရဲကို ငါကူညီကယ်တင်ခဲ့ပါပြီ စွန်ရဲကြီး။ နောင်ကို အစာရှာရင် ဘေးကင်းရာအရပ်မှာ အစာရှာပါ သား။ မင်း နှလုံးစိတ်ဝမ်း အေးချမ်းပါစေ။ ကိုင်း . . . လိုရာအရပ်ကို လွတ်လပ်စွာ သွားပေရော့ . . ."

သူ စွန်ငှက်ရဲကြီးကို လေထဲမှာ မြှောက်၍ လွှင့်တင်လိုက်သည်။ ငှက်ရဲကြီး အတောင်နှစ်ဖက်ကို တဖြုန်းဖြုန်းရိုက်ခတ်ရင်း အသံပြုကာ အော်ဟစ်ဝဲပျံနေ၏။



www.burmeseclassic.com

www.burmeseclassic.com



စွန်ငှက်ရဲကြီးသည် ကောင်းကင်လေထဲမှာ အော်ဟစ်ဝဲပျံရင်းက စိုက်ထိုးဆင်းလာပြီး အဘိုးအိုညာဘက် ပခုံးပေါ်သို့ ဝင်နားလိုက်၏။

ငှက်ရဲ့ ကိုယ်အလေးချိန်နှင့် ခြေကုတ်အားကြောင့် အဘိုးအိုညာဘက်ပခုံးနိမ့်ခနဲ ဖြစ်သွားသော်လည်း အဘိုးအိုက ကျေနပ်နေလိုက်သည်။

သူ့မေတ္တာ ကရုဏာကို ငှက်စွန်ရဲကြီးသည် တိရစ္ဆာန်ဖြစ်သော်လည်း နားလည်နေသလို ခံစားလိုက်ရသောကြောင့် . . .။

ဒီမှာပဲ ငှက်စွန်ရဲကြီးက ရန့်ဆိုးလှသော နှုတ်သီးချွန်ချွန်ကောက်ကောက်ကြီးနှင့် အဘိုးအိုရဲ့ပါးကို ပွတ်သလိုလုပ်နေ၏။ ကျေးဇူးစကားများ ဆိုနေပြုနေရှာရော့သလား။

အဘိုးအိုက ကျေနပ်စွာပြုံးရင်း ငှက်စွန်ရဲကြီးရဲ့ ဦးခေါင်းကို ဘယ်လက်နှင့် ပွတ်သပ်ပေးလိုက်သောအခါ ငှက်စွန်ရဲကြီးသည် စူးရှစွာ တစ်ချက်အော်ဟစ်ပြီး ထက်ကောင်းကင်လေထဲသို့ ပျံဝဲ၍ တက်သွားခဲ့လေသည်။ တိုက်ပုံရင်ကွဲနှင့် ဆံပင်ရှည်ရှည် အဘိုးအိုကား . . .

ဝေသီသော မျက်လုံးအစုံနှင့် မော့ကြည့်ပြီး လက်ပြနှုတ်ဆက်၍ မြေပြင်မှာ ကျန်ရစ်ခဲ့လေသည်။

✦✦✦✦✦✦✦

(၂)

ရွာလယ်မှာ သီချင်းသံက လွင့်ပျံ့နေ၏။

"ရွှေဖျဉ်းညီနောင် ××× ဖောင်တော်စီးပါလို့ ×××
ရေလှိုင်းတွေက တဖွေးဖွေး၊ ရေလှိုင်းတွေက တဖွေးဖွေး ×××
နတ်နန်းရယ် သာလှတယ် ××× ငါ့နန်းရယ် သာလှတယ် ×××
ဆီးကြိုပါ့ နှမများရယ် ××× ဆီးကြိုပါ့ ညီတော်များရယ် ×××
ယီးလေးလေး ××× ယီးလေးလေး ××× ယီးလေး ယို ဖော့
××× ဟော့"

"အဘိုးလာပြီဟော့ . . ."

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဘတိုက်ပုံကြီး လာပြီကွ။ ဘုမတို့၊ ဆွဲမိတို့၊ ကုလားမတို့ လာကြဟေ့ . . . တို့အဘတိုက်ပုံကြီး လာနေပြီဟ"

"တော့ . . . ကိုဖော်ဖေ . . . အဘလာနေတယ်တဲ့"

"ဟဲ့ . . . ပွေးဆင့် . . . ပွေးဆင့်၊ အနာကျကောင်လေးရဲ့ အဘလာနေပြီ။ ရှေ့ဆုံးက နေရာရအောင် ပြေးပါတော့လား . . . ငနဲ လေးရဲ့"

ကလေး လူငယ် လူရွယ်များသာမက အပျိုအအို လူကြီးများ ပါမကျန် ရွာလယ်လမ်းမရှိရာသို့ ပြေးသွားကြ၏။

ရွာလယ်လမ်းမမှာ အညာဖျင်ကြမ်းတိုက်ပုံ မည်းညစ်ညစ် ရင်ကွဲ၊ ဆံပင်ရှည်ရစ်ဝဲ၊ နှုတ်ခမ်းမွေးကားကား၊ မျက်နှာလေးထောင့် ကျကျနှင့် ပုဆိုးအဖြူအောက်နားကွဲကြီးဝတ်၊ ဖျင်ညိုလွယ်အိတ်ကို စလွယ်သိုင်းလွယ်ပြီး အသက် (၆၀)ကျော်ခန့်ရှိမည့် အရူးလိုလို အနှမ်း လိုလို လူကြီးတစ်ဦး နတ်ချင်းတစ်ပုဒ်သီဆို၍ ကနေ၏။

သူ့ကို အများက "ဘတိုက်ပုံ"ဟု အလွယ်ခေါ်ကြ၏။ သူ့ရဲ့ အမည်အရင်းကို မည်သူမျှမသိကြ။

မေးလည်း မပြော။

ဒီလူထူးဆန်း အဘိုးကြီး ဘယ်မြို့သားဘယ်ရွာသားလဲ၊ ဘယ် ကလာပြီး ဘယ်သွားမှာလဲ၊ ဘာလုပ်နေတာလဲ ဘယ်သူမှ မသိကြ။

ဒါပေမဲ့ သူသည် ဤ "ခြောက်လုံးပတ်"ရွာသို့ သာမက ငွေးပင်ချောင်၊ သာဂရ၊ မကျီးကုန်း၊ ကတော့ဝဲစသည့်ရွာများသို့လည်း တစ်နှစ်လျှင်တစ်ကြိမ်မှ နှစ်ကြိမ်ရောက်လေ့ရှိ၏။

ဖော်ပြပါ ရွှေဖျဉ်းညီနောင်နတ်ချင်းကို အော်ဆို၍ အားရပါးရ ကမည်။ ပြီးလျှင် လွယ်အိတ်ထဲက သကြားလုံးများ၊ သကြားပြားများကို





ကြဲပေမည်။ သည့်နောက် . . .

မိုက်ဆံမုန့်စေ့၊ မတ်စေ့၊ ဆယ်ပြားစေ့၊ ငါးပြားစေ့များကို လူ ချမ်းသာကြီးအလား ကြဲလိုက်ဦးမည်။

ပြီးရင် မင်းသားဖိုးစိန်လိုလို၊ ရွှေမန်းတင်မောင်လိုလို၊ နတ် ကတော် ဒေါ်နက်ထည်လို အကမျိုးစုံ ကမည်။ က, ကလို့စလျှင် ထူးဆန်းသော စကားများကိုပြောမည်။ ဟောမည်။ ထူးတော့ အလွန် ထူးဆန်း၏။

မနှစ်ကရော တစ်နှစ်ကလည်း ဒီလိုစပါးပေါ်ချိန်မှာ ဤ လူ ထူးဆန်း အဘိုးအို ရောက်လာခဲ့၏။

သည်တုန်းက-ရွာက သူ့ကိုစိတ်မနှံ့သူ အရူးကြီးအဖြစ် စတင် သဘောပေါက်ပြီး လှောင်ပြောင်ခဲ့ကြ၏။ သို့သော် . . .

သူ့စကားလုံးများက လေးနက်၏။ နိုင်ကျည်၏။ တန်ဖိုးကြီး ၏။ သူကြဲသည့် သကြားလုံးစားမိကြသူများလည်း သူကြိုတင်အမှာပါး သကဲ့သို့ အနာရောဂါ ပျောက်ကင်းကြ၏။

ရွာထဲက မခင်အေးမှုသား ကုမရ ဝဲထူ ဥဩဏ်ကျယ်လေး အဘိုးအိုရဲ့ သကြားလုံးစားပြီး ဝဲစိုရော ဝဲခြောက်ရော နှစ်ရက်အတွင်း အဖေးလိုက်[illegible]ကျ၍ ပျောက်ခဲ့၏။

အနူရောဂါစွဲနေသော ဦးမင်းကြည်လှိုင်ဆိုသူ (တစ်မယားကွာ) ကြီး အဲဒီသကြားလုံးစားပြီးနောက် အနူ(ကိုယ်ရေပြားရောဂါ) ယူပစ် သလို ထူးဆန်းစွာပျောက်သွားခဲ့၏။

စုန်းပူးသလို၊ နတ်ပူးသလို သွေးဆုံးကိုင်ပြီး စိတ်မနှံ့သလိုလို ဖြစ်နေသော လင်တရှူး ဒေါ်ခရေတစ်ယောက်လည်း အဘိုးကြီးရဲ့ သကြားလုံးလည်းစား၊ အဘိုးကြီးကြဲခဲ့တဲ့ မတ်စေ့ကိုလည်း ရေစိမ်သောက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရာ အူကြောင်ကြောင်ရောဂါများ ရက်ပိုင်းအတွင်း ထူးဆန်းစွာ ပျောက်သွားခဲ့၏။ မျက်စိအမြင်အားနည်းနေသော ပုသိမ်ဦးသောင်းယဉ် ဆိုသူလည်း မယုံမရဲနှင့် မတ်စေ့ကို ရေစိမ်ပြီးမျက်စဉ်းခတ်၍ မျက်နှာသစ် ပေးခဲ့ရာ အခု အပ်ဖာအပ်ချည်ထိုးနိုင်ခဲ့၏။

ကျန်သကြားလုံး၊ သကြားပြားစားမိကြသော ကလေး လူကြီး များပါ အနာ၊ အဖျား၊ ဝမ်းရောဂါ တစ်ဝန်းလုံး လုံးဝမဖြစ်ကြ။

ဘတိုက်ပုံပြောသည့်အတိုင်း ကျန်းမာချမ်းသာကြ၍ နှစ်စဉ် စပါးပေါ်ချိန်ရောက်တိုင်း ၎င်းလူထူးဆန်း ဘတိုက်ပုံကြီးကို မျှော်နေ ကြရကား။

ဟော . . . ခု အဘရဲ့ သီချင်းသံကို ရုတ်ခြည်းကြားလိုက်ရ သောအခါ တစ်ရွာလုံးနီးပါး ဝမ်းသာအားရ လူရောခွေးရော အပြေး ရောက်လာခဲ့ကြတော့၏။ ကြည့်စမ်း . . .

ဘတိုက်ပုံဝန်းကျင်မှာ ရွာသူရွာသား ကလေးလူကြီးများ ဖွေး လို့။ ခွေးများက ရှေ့ဆုံးကဖြစ်၏။

ဘတိုက်ပုံကြီး နံဘေးမှာ ရွာခွေးများကလည်း တအီအီနှင့်။ ဒါကလည်း အကြောင်းရှိ၏။

ရွာခွေးများသည် လူစိမ်းသူစိမ်းသာမက နယ်ကျွံ ကျွဲနွားများ ပါ အလွတ်မပေးသော်လည်း ၎င်းလူထူးလူဆန်း ဘတိုက်ပုံကြီးကိုမူ လုံးဝမကိုက်ရဲကြ။ အဘက ပြီးရင် မုန့်များကျွေးသည်ကို မှတ်မိနေကြ ၏။

"ချစ်လို့ရယ် ခင်မင် ××× ယဉ်ရှာရှာသလား ××× ကိုကြီး ကျော်ရေ ×××

(ဗျို့ ××× ဗျို့)





မောင်ကြီးကျော်ရေ ×××

(ဗျာ ××× ဗျာ)

ဒီဖမ္ဘူမှာ ဖြိုင်ဘက်ရှား ×××

မိုးကျနတ်သား ××× ဟေ့ ××× ဟေ့ ××× ဟေ့"

ဘတိုက်ပုံကြီးက သီးချင်းဆို၊ ရွာသားများက ဗျို့လိုက် ဗျာလိုက် နှင့် ဝိုင်းကအလွမ်းကို စည်ကားနေ၏။

"အဘ . . . သကြားလုံး ကြွပါဦးတော့ . . ."

"ဘိုးဘိုးကြီး . . . သကြားပြား ဝေပါတော့ဗျို့"

"အဖေကြီး . . . ပိုက်ဆံအမြန်ကြွပါတော့ ခင်ဗျ"

"အဘိုးရေ . . . သမီးကြီးတို့ဘက်ကို အလျင်ကြွပါနော် အဘိုး"

အဘိုးကြီးက အော်ဟစ်တောင်းဆိုနေသည့်အသံများကို ဖုံး လွှမ်းအော်ဟစ်ပြန်၏။

"ရွှေအိုးစည် စလွယ်သိုင်းနဲ့ ဘယ်ကိုင်းလို့ ညာယိုင် ဖောင်းစက မြိုင်ဗျ"

"ဘာတဲ့တုံး ××× အဘရေ့ လုပ်လိုက်ပါဦး ခင်ဗျ"

"သိကြားကိုဖြိုင် ××× အောင်နိုင်မယ့်မောင်ထွေး ××× လက် သီးကိုတင်ရုံနှင့် ××× လက်သီးကို တင်ရုံနှင့် ××× ကိုရင် ဗုံအိုးစည် ကြီးရယ်"

"ဘတိုက်ပုံတော့လား မောင်တို့ရေ ×××"

"ဟုတ်ပါ့ ကိုမှိုင်းရေ ××× ရွာဆော်ကြီး ဘတိုက်ပုံပါခင်ဗျ"

"ကိုရင်ဗုံ အိုးစည်ကြီးရယ် ××× အလိုဗျာ ××× ဟည်းလှ တယ် ××× လေး ××× ဟေး ××× ဟေး ××× ဟေး"



www.burmeseclassic.com

www.burmeseclassic.com



"ယောက်ျားကွ"

"မင်းသားကြီးတဲ့ ဟေ့နော်"

"ဒါမှ တို့အဘကွ"

ရွာကာလသားများက မြှောက်ပေး၊ ဘတိုက်ပုံကြီးက ကွေးနေအောင်က။ ပွဲဝေး၊ အလှူဝေး ရွာကြီး မြိုင်လို့ စည်လို့။

"အကကို ရပ်ပါတော့ အဘရဲ့"

"ဟဲ့ ငမှိုင်းတို့ . . . ငတိုးတို့၊ တို့အဘမောနေပြီ။ အနာကျတွေရဲ့ အဘရပ်ပါတော့"

"ဘိုးဘိုး . . . သကြားလုံး ကြဲပါတော့ဗျ"

"ပိုက်ဆံလည်း မမေ့ပါနဲ့ . . . ဘဘရေ"

ချွေးဒီးဒီးကျ ကလို့ စတော့(ပ်)ရပ်လိုက်သည်။ ပြီးနောက် ညောင်မြစ်ဆုံပေါ်သို့ ခုန်တက်ရပ်ပြီး အသံပြုလိုက်၏။

"သားတို့ . . . သမီးတို့ . . . မြေးတို့"

အားလုံး မီးကိုရေနှင့်ငြိမ်းလိုက်ဘိအလား တိတ်သွားပြီ။ လူထုဆန္ဒ အရှုးလိုလူကြီးရဲ့ မျက်နှာကို စူးစိုက်၍ ကြည့်နေကြ၏။

"အားလုံး မှတ်ထားကြစမ်းဟေ့ . . . ယက်သဲ့ကြား ငါးတင်၊ တင်တဲ့ငါး ကြောင်စား၊ ကျန်တဲ့ငါးမှ ဘုရားမ,မည့် အချိန်ရောက်ပြီကွ။ မကောင်းသူပယ် ကောင်းသူကယ်ချိန်ကွယ့်၊ နတ်မင်းများ စာရင်းကောက်နေပြီဟေ့ . . . ။ ဒါကြောင့် ရတနာသုံးပါး မြဲမြဲကြ၊ အနန္တောအနန္တငါးပါး လေးစားရိုသေကြ၊ ဒါန, သီလ, ဘာဝနာ ခါးဝတ်ပုဆိုးလို မြဲကြ။

"ဒုစရိုက်အမှုကို ရှောင်၊ သုစရိုက်ကောင်းတဲ့အလုပ်ကို ဆောင်ကြ၊ မေတ္တာကရုဏာ မုဒိတာပွားများကြ။ ကိုးတောင်ပြည့်ဘုရားစေတီ





တည်ရင် ဝင်ပြီးသာသနာပြုဖို့ မမေ့ကြနဲ့။ ကိုးတောင်ပြည့်ရင် အကျိုးတစ်ထောင်တွေ့မယ် . . . တကယ်တရားစိတ်နဲ့ အရွယ်အစား အစိတ်စိတ်တို့ အပါယ်တံခါးပိတ်ကြစို့ဟေ့ . . . ။ ရော့ . . . ဟော့ . . . ဟောဒါ ဘိုးတော်သိကြားမင်း လက်ဆောင်ပေးလိုက်တဲ့ သိကြားလုံးဟ . . . "

"ဝေး . . . ဝေး"

"ဟေး . . . ဟေး"

"အဘ . . . ဒီ . . . ဒီဘက်ကိုတော့ . . . "

"ရော့ . . . လဟ . . . ရော့"

"အဘ . . . သားတို့ဘက်ကို ကြဲပါဦးခင်ဗျ"

"ရော့ဗျာ . . . အဲဒါ သကြားပြားဗျာ။ သိကြားမင်း ဦးမာဃကတော်ရဲ့ အိတ်(စ်)ပို့ သကြားပြား"

ဘတိုက်ပုံကြီး လွယ်အိတ်ဖောင်းဖောင်းကြီးထဲကနေ သကြားလုံးများကို ဆုပ်၍ နှိုက်၍ အရပ်လေးမျက်နှာသို့ ကြဲ၏။ လူတိုင်း သကြားလုံး သကြားပြားများရကြ၏။

"အဘိုး . . . ပိုက်ဆံကြဲပါတော့ဗျို့"

"နက်ဖြန်မှ ကြဲမယ်ကွ"

"နက်ဖြန် သမီးတို့မရှိဘူးအဘ . . . ခုကြဲပါရှင်"

"သားတို့လည်း ထင်းခုတ်သွားရမှာ အဘ . . . အခုကြဲပါခင်ဗျ"

"ဒုက္ခပါလားကွာ . . . မင်းတို့ဟာ . . . "

"အခုကြဲတာ နက်ဖြန်ထက် ပိုစိတ်ချရတယ် . . . အဘရဲ့"

"ဟေ . . . ဒီလိုလားဟ၊ ဒါဆို ငါကပဲ မင်းတို့အားလုံးကို တောင်းပန်ပါရဲ့၊ လူလွှန်မသားသမီးတွေရေ . . . ကဲ . . . ခုပဲ ကြဲပြီဟေ့ . . . ရော့ဟေ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ . . . ဒါမှ တို့အဘကွ"

"အဘ . . . ဒီဘက်ကို မုန့်စေ့ကြီးကြီးကြဲပါတော့"

"ဗိုင်းတာမရဲ့ မုန့်စေ့ကြီးကြီး . . . ဟုတ်လား . . . ရော့လဟာ"

"ဝေး . . . တို့အဘကွ"

ဘတိုက်ပုံကြီးက မုန့်စေ့၊ မတ်စေ့၊ ဆယ်ပြားစေ့၊ ငါးပြားစေ့များကိုဆုပ်၍နှိုက်၍ ကြဲသည်။ အတန်ကြာ အားရပါးရကြဲပြီးနောက် . . .

"ဟဲ့ . . . သားတို့ သမီးတို့၊ ဒီသကြားလုံးရသည့် စားသည့်အချိန်ကစ၍ ရတနာသုံးပါးမမေ့ကြနဲ့။ မကောင်းမှု အကုသိုလ် လောဘ၊ ဒေါသများ ရှောင်ကြ၊ သီလကောင်းတာနဲ့ အဲဒီသကြားလုံးစားသူများ အနာရောဂါကပ်က ကင်းဝေးရမဟော့။ ရထားတဲ့ အကြွေစေ့ ဥာဏ်ရှိသလို သုံးကြ။ ဒါကြောင့်မို့လို့ . . .

ရွှေပြုံးကို သွားမယ်လို့၊
သနပ်ခါးတဲ့ သုံးတောင်
ပြောင်လှအောင် သွေး ×××
ကျောက်ပျဉ်ကြီးငယ်တဲ့
မုန့်ဘီးကို ယူခဲ့ပါ ×××

ညီနွဲ့ရဲ့လေး ××× သားတို့ သမီးတို့ ဒါန၊ သီလ၊ ဘာဝနာ ယူခဲ့ကြကွယ်။ ဒါမှ ရွှေပြုံးလို နိဗ္ဗာန်ကို ရောက်မယ်ဟေ့"

✦✦✦✦✦✦✦

(၃)

နောက်တစ်ရွာကူးဖို့ ဘတိုက်ပုံ ဆည်းဆာညိုညို့မှာ ထွက်လာခဲ့လိုက်သည်။ များမကြာမီ သူ့ရဲ့အဓိဋ္ဌာန်ပါရမီစခန်း အောင်မြင်တော့မည်မို့ စိတ်ကူးနှင့် ပျော်နေပြီ။

အဲဒါလေးပြီးရင် . . . တစ်ရွာမှာ ကိုးတောင်ပြည့် စေတီတစ်ဆူ အများကောင်းမှုနှင့် ပေါင်းစု၍ လာတည်မည်။ အားလုံးကိုကောင်းသော မွန်မြတ်သောစခန်းသို့ လှမ်းနိုင်ရန် သူ့အရွယ်ရှိသေးသမျှ ပါရမီရှိသေးသမျှ အချိန်ရှိသေးသမျှ ကြိုးစားလိုက်ဦးမည်။ အခု အလှူ့ရှင်း အတော်အတန် ငွေကြေးစုမိနေပြီ။

---

**စိတ်ကူးသစ်တာပေ**

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ . . . ရှေ့ကလူကြီး ရပ်လိုက်စမ်း . . ."

"ဟင် . . ."

"ဟော့ . . . ရှေ့ကလူကြီး ရပ်လို့ပြောတာ မကြားဘူးလား၊ သေချင်လို့လား . . . ရပ်"

သူ့ကို ရည်စူး၍ ပြောနေမှန်း သိလိုက်သောကြောင့် ဘတိုက်ပုံ ခြေစုံရပ်၍ လှည့်ကြည့်လိုက်သည်။

"ဟယ်"

အမှုသမားတစ်ယောက် . . . လက်ထဲမှာ အရက်ပုလင်းကို ဆုပ်ကိုင်၍ သူ့ထံသို့ ဒယီးဒယိုင်နှင့် လာနေသည်။

မျက်နှာချင်းဆိုင်မိသောအခါ သူ အမှုသမားမျက်နှာကို လှမ်းကြည့်လိုက်သည်။

"ဟင် . . . မင်း . . . မင်း ကြူး . . . ကြူးအော် မဟုတ်လား"

"ဒီမှာ . . . အဘိုးကြီး၊ ကြူးအော်တွေ ကျော်ဦးတွေ လုပ်မနေနဲ့။ ခင်ဗျား လွယ်အိတ်ကြီး ပေးစမ်း . . . ပေးလေဗျာ"

"ဒီ . . . ဒီမှာ သူငယ်၊ မင်း . . . မင်းအဘကို မမှတ်မိဘူးလား။ အဘမင်းကို မြွေကိုက်တုန်းက ကုပေးခဲ့တဲ့အဘလေ"

"လုပ်မနေစမ်းပါနဲ့ဗျာ။ ဘယ်က အဘလဲ၊ ဒါတွေ ကျုပ် လုံးဝနားမလည်ဘူး။ ဖြီးမနေနဲ့ . . . ပေးလွယ်အိတ်ကို . . . ပေးစမ်း။ ဘာလဲမပေးချင်ဘူး . . . ဟုတ်လား၊ ဒီမှာကြည့် . . ."

"ခွမ်း"

မျက်နှာမှာ ဓားခုတ်ရာ ကန့်လန့်ဖြတ်နှင့်လူ . . . ၊ အမှုသမားကြူးအော်၊ သူက အရက်ပုလင်းကို သစ်ပင်နှင့် ရိုက်ခွဲလိုက်သည်။ ပြီးနောက် ချွန်မြသောပုလင်းခေါင်းပြတ်ကိုကိုင်၍ ရှေ့သို့





တိုးကပ်လာ၏။

"ဘုရား . . . ဘုရား ဒီသူငယ် ငါ့ကို မမှတ်မိပါတကား"

"ဒီမှာ မောင်ရင်၊ မောင်ကြူးအော်၊ အဘ မင်းကို မြွေကိုက်တုန်းက ကူညီခဲ့တာပါ။ သေသေချာချာ ကြည့်ပါဦးကွယ်"

"ဗိုး"

"အမလေး"

ပြောလို့မရ။ သူ့ရင်ဘတ်ရှိရာသို့ ပုလင်းခေါင်းချွန်နှင့် ပြေးထိုးလိုက်သဖြင့် ရှောင်ရင်း ဘတိုက်ပုံမြေပြင်၌ ပက်လက်လဲကျသွားခဲ့သည်။ ဒီမှာ သူက ပုလင်းခေါင်းပြတ်အချွန်ကို ကိုင်မြှောက်ရင်း စီးမိုးခြိမ်းခြောက်လိုက်သည်။

"ခင်ဗျားကြီး လွယ်အိတ်ကို အသာတကြည် ချတ်ပေးမှာလား . . . အသေခံမှာလား . . . ပြောစမ်း . . . ပြောလေ . . . တယ်"

"မောင်ရင်ရယ် . . . မ . . . မလုပ်ကောင်းပါဘူးကွယ်၊ ဒါ . . . ဒါ အလှူခံပိုက်ဆံ၊ ဘုရားတည်မယ့်ငွေ . . . ငွေ"

"ဟာဗျာ . . . ဒီလောက်ခေါင်းကြောမာတဲ့ အဘိုးကြီး . . . ကိုင်းဟာ . . . သေပေရော့"

အမှုသမား လူရမ်းကား ကြူးအော်က ပါးစပ်မှ ကြိမ်းဝါးရင်း လက်ကိုမြှောက်ပြီး ဘတိုက်ပုံရင်ရှိရာသို့ ပုလင်းခေါင်းပြတ်ချွန်နှင့် အားကုန်ထိုးစိုက်ချလိုက်သည်။

"ဘုရား . . . ဘုရား ကယ်တော်မူပါဘုရား"

ဘတိုက်ပုံ ရှောင်ဖို့အချိန်မရတော့။ မျက်စိကိုစုံမှိတ်ပြီး လက်အုပ်ချီ၍ ဘုရားကို တ,လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဂိး . . . အစ် . . . ကျိ . . . ဂိး"

"ဝိုး . . . ဝိုး"

"အား . . . အမလေးဗျ"

"ဖရမ်း . . . ဖရမ်း . . . ဖြန်း"

"အား . . . အား . . . အမလေး . . . ကန်းပါပြီဗျ"

လူမိုက် လူရမ်းကား အမှုသမားရန်သူ ကြူးအော်ရဲ့ ထိတ်လန့်တကြား အော်ဟစ်သံကြောင့် ဘတိုက်ပုံ မျက်လုံးဖွင့်ကြည့်လိုက်သောအခါ –

"ဟာ"

"ဘုရားရေ"

ကြီးမားလှသော စွန်ငှက်ရဲကြီးသည် ကြူးအော်ရဲ့ မျက်စိကို နှုတ်သီးနှင့် ဖောက်ကိုက်လိုက်ပြီး မျက်နှာကို ခြေသည်းများနှင့် ကုတ်ခြစ်ပစ်လိုက်၏။

ကြူးအော်၏ မျက်နှာမှာ . . .

သွေးစိမ်းရှင်ရှင်များ ချက်ချင်းစီးကျလာပြီး မျက်နှာအသားအရေများ စုတ်ပြတ်ကုန်သည်။ ကြူးအော်ကြောက်လန့်တကြား ရှန်းကန်ပြီးအော်၍ ပြေးသည်။ ဒီမှာ စွန်ရဲငှက်ကြီးက အတောင်နှစ်ဖက်နှင့် ကြူးအော်ကို ရိုက်သည်။

ခြေသည်းများဖြင့် ခေါင်းကို ကုတ်သည်။ ကျောကို ကုတ်ဆွဲသည်။ ကြူးအော် မြေပြင်မှာ လူးလိမ့်၍နေသည်။

"ဘကြီး . . . ဘကြီး . . . ကျုပ်ကို ကယ်ပါ . . . ကယ်ပါ"

"ကျုပ်ကို အမြန်ကယ်ပါ . . . ဘကြီးရဲ့ . . . အား . . . အား . . . အ . . . အ"





"ဟဲ့ . . . ဟဲ့ ငှက်ကြီး၊ ငှက်ကြီး၊ မလုပ်နဲ့ . . . မလုပ်နဲ့"

"ဘကြီး . . . ဘကြီး . . . အမလေးဗျာ"

စွန်ငှက်ရဲကြီးသည် ကြူးအော်ကို အငြိုးကြီးစွာ ထိုးဆိတ်ကုတ်ဖဲ့နေ၏။ ဒီမှာပဲ ခရီးသွားများတွေ့သွားပြီး ငှက်ကြီးကို မောင်းထုတ်ခြောက်လှန့်ကြသည်။

အရက်သမားကြူးအော်ရဲ့ အဖြစ်ဆိုးကိုမြင်ပြီး အံ့ဩထိတ်လန့်နေကြသည်။

"ဟာ . . . ငှက်ခတ်သမား အရက်သမား ကြူးအော်ပါလား"

"အဘ . . . ဘာဖြစ်ကြတာလဲ"

ခရီးသွား ခြောက်လုံးပတ်ရွာသားများ ဘတိုက်ပုံအနီးသို့ ပြေးလာကြသည်။ ကြူးအော်ကား မျက်လုံးစုံကန်းခဲ့ပြီ။

ဒီအချိန်မှာ ထူးဆန်းစွာပဲ . . .

စွန်ရဲငှက်ကြီးသည် လူထူးဆန်း ဘတိုက်ပုံရဲ့ ညာလက်ပခုံးပေါ် ဝင်နိုနားနေ၍ ရွာသူရွာသားခရီးသွားများ ပိုပြီးအံ့ဩနေကြ၏။

ဘတိုက်ပုံက ပခုံးပေါ်မှာနားနေသည့် စွန်ငှက်ရဲကြီးရဲ့ ခြေထောက်ကို စမ်းကိုင်ကြည့်လိုက်သောအခါ ညာဘက်ခြေထောက်မှာ ဒဏ်ရာကျိုးပေါင်းတက်နေသည့် စွန်ရဲကြီး။ အလို . . . ဒါ . . . ဒါ၊ သူ ကြူးအော်ရဲ့ ကျော့ကွင်းမှ ကယ်တင်ခဲ့သည့် အဟိတ်တိရစ္ဆာန်ကြီး ပါလား . . .။

ဘုရား . . . ဘုရား . . . တော်ပါသေးရဲ့၊ ငှက်စွန်ရဲကြီး ရုတ်ခြည်းဝင်ကယ်ပေလို့။ နို့မို့ . . . သူ ဗိုက်ပွင့်အူထွက်၍ သေပြီ။ ဘုရားတည်မည့်ငွေများလည်း ပါသွားလိမ့်မည်။

ဂုဏ်ဘတိုက်ပုံက ဖြစ်ခဲ့ဖူးသည့် ကြူးရှေ့အော်၊ မြွေပေါက်တစ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်နှင့် ကျော့ကွင်းမိငှက်၊ ဒိငှက်စွန်ရဲကြီးရဲ့ အဖြစ်သနစ်အစုံကို ပြန်လည်ရှင်းပြ ပြောပြလိုက်သောအခါ ကြားရသူများ ကြီးစွာဒေါပွပြီး ကြူးအော်ကို ပြေးကန်ကြတော့သည်။

"ကျေးဇူးရှင်ကို ကျေးစွပ်တဲ့ကောင် . . . သေဟ"

"လူမိုက်၊ လူ့အန္ဓ၊ တိရစ္ဆာန်လောကမှ ကျေးဇူးမသိတဲ့ ခွေး တိရစ္ဆာန်ကောင်၊ ကိုင်းကွာ . . ."

"ကိုင်း . . . ဟာ"

"ဟေ့ . . . ဟေ့ လူလေးတို့၊ သားတို့၊ မလုပ်ကြပါနဲ့ကွယ်။ အဘတောင်းပန်ပါတယ်ကွယ်။ သူ့မိုက်ပြစ်၊ သူ့အကုသိုလ်စရိုက်နဲ့သူ ခံစားသွားရပါပြီ။ အဘတောင်းပန် မေတ္တာရပ်ခံပါတယ်ကွယ် . . ."

"ဟေ့ကောင် . . . ကြူးအော်"

"ဗျ . . . ဗျာ"

"အဘပြောတာ အမှန်ပဲလားဟင် . . . လူမိုက်"

"ဟုတ် . . . ဟုတ်ပါတယ်ဗျာ။ ကျုပ် . . . မိုက်မှားမိပါတယ်။ အဘ . . . ကျုပ်မျက်စိ မ . . . မမြင်ရတော့ဘူး။ ကယ်ပါဦး . . . အဘရယ်၊ ဟီး . . . ဟီး . . . ဟီး"

ကြူးအော် . . . လက်အုပ်ချီ၍ ရှိုက်ကြီးတောင်းပန်နေသည်။

"ကြူးအော် . . . မင်းရဲ့မျက်စိကို အဘပြန်မြင်အောင် ကု လို့ မစွမ်းနိုင်ဘူး။ ဟောဒီဆေးမှုန့်သာ ဒဏ်ရာပျောက်အောင် လိမ်းပြီး ရောဂါသက်သာရင် ဘုရားတရားအလုပ်နဲ့ သမ္မာအာဇီဝလုပ်ကိုင်စားသောက်ပေတော့၊ ရော့ . . ."

ဘတိုက်ပုံက ဆေးမှုန့်ဘူးလေးကို လူမိုက်မျက်ကန်း ကြူးအော်လက်ထဲသို့ ပေးခဲ့ပြီး အားလုံးကိုနှုတ်ဆက်၍ ရေ့ရွာရှိရာသို့





လှမ်းသွားခဲ့၏။ လူထူးဆန်း ဘတိုက်ပုံရဲ့ ခေါင်းပေါ်မှာ ခြေထောက်ချိုးနှင့် စွန်ရဲငှက်ပြီးက လိုက်ပါဝဲပျံစောင့်ရှောက်လျက်။

ဒီဘက်မြေပြင်ပေါ်မှာတော့ လူမိုက်ကြူးအော်ရဲ့ မျက်ရည်စက်များက ကျေးဇူးကန်းမိသော ဘဝဝဋ်ကြွေးအတွက် လက်ငင်းအကြွေးဆပ်ရလျက်။

✤ ✤ ✤ ✤ ✤ ✤ ✤

မောင်ညိုမှိုင်း (သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# လှူထူးဆန်းဘတိုက်ပုံနှင့် အငြိုးကြီးမေ

(၁)

"မင်းပြောတာ အမှန်အကန်ပဲနော် . . . ကျောက်တစ်လုံး"

"အမှန်အကန်ပါ ဆရာမဲရာ . . . ကျွဲကြီးခြေရာရွာသား ကျုပ်တို့လူ ပွေးဆင့်ကိုယ်တိုင် ကျုပ်ကိုပြောတာ"

"တောက်"

"ခွမ်း"

"အမလေး"

ဓားပြခေါင်းဆောင်ငမဲ ပြင်းထန်စွာ တောက်တစ်ချက် ခတ်





လိုက်ပြီး သောက်လက်စ အရက်ပန်းကန်ကို စားပွဲပေါ်ပေါက်ခွဲလိုက်သည်။

ကျောက်တစ်လုံးနှင့် ဉာဏ်ပျော်လန့်၍ ထူခုန်လိုက်၏။ အရက်ရောင်းသူ ကိုဘုကြီးကား ဓားပြခေါင်းဆောင် လူမိုက်ကြီးငမဲ ဘယ်လိုဆက်သောင်းကျန်းမည်ကို မခန့်မှန်းရဲ၍ ကျောက်ရုပ်လို ငြိမ်ပြီး ကြည့်နေလိုက်ရ၏။

"ဒီလိုတဲ့လား။ ဒီအဘိုးကြီးကြောင့်တဲ့လားဟင် . . . ငါ့လုပ်ငန်းကို နှောင့်ယှက်သူမှန်သမျှ လူ့ပြည်မှာ လုံးဝနေခွင့်မရှိဘူး။ သင်းကြောင့် ငါ့တပည့် ကျော်ဦးထိန်ရော၊ ဉာဏ်ကျယ်ရော ထောင်နန်းစံရတော့မယ်။ ဟေ့ကောင် . . . ကျောက်တစ်လုံး"

"ဗျာ . . . ဗျာ ဆရာ . . . အဲ"

"အဲဒီ လူယုတ်မာ အဖျက်ကောင်ကြီးရဲ့ နာမည်က ဘယ်သူ"

"ဦးတိုက်ပုံလို့ခေါ်တယ် ဆရာမဲ၊ အချို့ကတော့ ဦးစမတဲ့"

"ဟင် . . . တိုက်ပုံခေါ်စမ တွေ့ကြသေးတာပေါ့ကွာ။ ငမဲ ဘယ်လိုကောင်လဲ . . . ငမဲဘယ်လို ရက်စက်ကြမ်းကြုတ်သလဲဆိုတာသိချင်ရင် အဝီစိကို သွားမေးကြည့်တော့ ဘတိုက်ပုံရေ . . . ဟား . . . ဟား . . . ဟား . . . ဟား"

"ခွမ်း"

ဓားပြလူမိုက်ကြီးငမဲ ခုလိုခံပြင်းမည်ဆိုလည်း ခံပြင်းစရာကောင်းလှပေလိမ့်မည်။ ပြီးခဲ့သည့်အဖိတ်နေ့က ကျွဲကြီးခြေရာရွာမှ ဦးကျောက်စိမ်းကို ကြိုတင်စာချပြီး ဓားပြတိုက်ခဲ့သည်။

ဦးကျောက်စိမ်း လယ်လုပ်ငန်းအောင်မြင်၍ အကြီးအကျယ်ပင် ရလိုက်သည်ကို ဒလန်များကတစ်ဆင့် စုံစမ်းသိရှိပြီးဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါ့အပြင် လာမည့်တပေါင်းလပြည့်နေ့မှာ သားမြေးများအား ရဟန်းခံရှင်ပြုနားသလုပ်ရန်အတွက် ပရိက္ခရာများပင် ဝယ်ပြီးပြီတဲ့။

တစ်ရွာလုံးကို မီးနိုးတိတ် ဝက်သားလုံးတီးကျွေးမည်ဆိုသည့် သတင်းကလည်း ရွာနီးချုပ်စပ်မှာ ကျော်နေသည်။

ရေစက်ချတရားနာကို သူမစောင့်နိုင်။ သို့ဖြစ်၍ စာကြိုချခဲ့၏။

အဖိတ်နေ့ညက ဦးကျောက်စိမ်းအိမ်ကို ဝင်စီးကြသည်။ လူဆိုးဓားပြ တပည့်လက်သားလေးယောက်နှင့်ပေါင်း သူတို့ငါးယောက်။

ငမဲသည် နယ်ဝန်းကျင်မှ စာကြိုချလျှင် ဘယ်သူမျှ မရှောင်တိမ်းရဲ။ မြို့ရဲစခန်းကို အကြောင်းမကြားရဲ။

အဲဒီလိုလုပ်ခဲ့လို့ ဓားပြတိုက်သည့်ကိစ္စ ပျက်သွားခဲ့သော် အဲဒီ အိမ်ရှင်အဖို့များမကြာခင် ခေါင်းပြတ်၊ ရင်ပွင့်၊ အူထွက် နောက်ဇေ့ပွင့်ပြီး ကွင်းထဲ၊ ချောင်းထဲ ရွာပြင်မှာ သေမင်းနှင့်စက္ကာလ ပွဲတော်တည်ဖို့ အကောင်းဆုံး အမြိန်ဆုံး ဟင်းလျာပွဲဖြစ်ရချေ၏။

ထိုနေ့ညက အားလုံးအပိုင်တွက်ပြီးသား။

လက်နက်ကောင်းများဖြင့် ဝင်စီးကြသည်။ အချိန်က သန်းခေါင်ယံ။

ခြံစည်းရိုးတံခါး ဖွင့်ဝင်ရုံရှိသေးသည်။

ဖြုန်းဆို နွားသိုးအကောင်းမည်းမည်းထွားထွား နွားအုပ်ကြီးတစ်အုပ်သည် ဝုန်းဒိုင်းကြဲ ပြေးဝင်လာကာ . . . သူတို့ လူဆိုးဓားပြငါးဦးကို ဒေါသတကြီး ဝင်ဝှေ့တော့၏။

မျှော်လင့်မထားသည့် ရန်သူများ။

ကျေးရွာကာကွယ်ရေးမဟုတ်။

လျှို့ဝှက်ရောက်ရှိနေသည့် မြို့ဂါတ်မှရဲများမဟုတ်။





သူလိုကိုယ်လို အကြံတူလူဆိုးများမဟုတ်။

နွားသိုးကြီးတွေ ကျယ်လောင်စွာအော်ဟစ်ပြီး ကဆုန်စိုင်းဝင်ကာ တရကြမ်းဝင်ဝှေ့ကြသည်။ ရှောင်ချိန်ပင် မရလိုက်။

ကျော်ဦးထိန်နှင့် ငညာဏ်ကျယ် နွားသိုးချိုဖျားမှာ ကားခနဲပါသွားပြီး နွားနင်းခံလိုက်ရသည်။

လက်စွဲတော် ဂျပန်စစ်သုံး(လက်ကျန်) ဒသမ ၃၀၃ ရိုင်ဖယ်များ၊ နှစ်လုံးပြူးသေနတ်များဖြင့် အရေးပေါ် ပြန်လည်ပစ်ခတ်ပါသော်လည်း ငမဲတို့ သွေးရူးသွေးတန်းမို့ လက်မတည့်တာလား။ နွားသိုးအုပ်ကြီးကပဲ ဘီလူးသရဲတစ္ဆေစီးနေတာလားမသိ။ ထိတ်လန့်တကြားအော်သံများ ကမ္ဘာပျက်သလို ဖြစ်နေကုန်၏။

ဒီမှာပဲ အိမ်ထဲကနေ ''ဓားပြဗျို့ ဓားပြ'' အော်သံများဟစ်၍ကြားလိုက်ရပြီး သူကြီးအိမ်က မောင်းထုသံ၊ ကာကွယ်ရေးအချို့ရဲ့ ပြန်လည်ပစ်ခတ်သံ၊ ရွာခွေးများဟောင်သံ . . .

လင်းလေး၊ ဒူးလေး၊ မှုတ်ပြောင်းများမှ အဆိပ်လူးမြားများ ဥဒဟိုပြေးဝင်လာပြီးနောက် သူတို့သုံးယောက်မနည်းကို သေပြေး ရှင်ပြေးပြေးခဲ့ရ၍ အသက်ချမ်းသာရာရပြီး သေမင်းပွဲတော်အစုမှာ ညလယ်စာဟင်းပွဲ မဖြစ်ခဲ့ရခြင်းဖြစ်၏။

စာရင်းရှင်းလိုက်တော့ . . .

တပည့်နှစ်ယောက် မသေမရှင်နှင့် အဖမ်းခံလိုက်ရသည်။ နှစ်အတန်ကြာ အသုံးတည့်လှသည့် သေနတ်နှစ်လက်ကို မရက်မရောစွန့်လွှတ်လှူဒါန်းခဲ့ရသည်။

ခုတော့ ဦးကျောက်စိမ်းရဲ့ ရေစက်ချအလှူပွဲမှာ တပည့်နှစ်ယောက် ထောင်နန်းစံ၍ သေနတ်နှစ်လက် ပြေးရင်းလွှားရင်း ချွေ့ကော်



www.burmeseclassic.com

www.burmeseclassic.com



ချလှူခဲ့လိုက်ရပြီ။

ဒီနွားရိုင်းအုပ်ကြီး ဘယ်လိုအကြောင်းကြောင့် သူတို့အုပ်စုကို အသေအကြေ ဝင်တွေ့ရတာလဲ။

ဒီလိုအတွေ့အကြုံမှာ ဟံသာဝတီခရိုင် အရှေ့ခြမ်း တောပြ ရာဇဝင်မှာ လုံးဝမကြုံဘူး၊ မကြားဘူး။ ဒါဘယ်သူ့စနက်လဲ။ အကြံ ဉာဏ်လဲ။

သူကြီးမင်း ဦးနက်ကျော်ရဲ့ အကြံဉာဏ်လား။

ရွာကာကွယ်ရေးခေါင်းဆောင် ဖိုးရွှေနီရဲ့ ဉာဏ်နီဉာဏ်နက် လား။

စုံစမ်းလိုက်တော့ ပေါ်ပြီ။

]]'D Æs . . . ဆရာမဲရ၊ အဲဒီနေ့က ကျွဲကြီးခြေရာရွာကို လူထူးဆန်းတစ်ဦး ရောက်လာခဲ့တယ်။ အရူးလိုလို အကောင်းလိုလို သဘင်သည်လိုလို လူကြီးဗျ။ အများကတော့ သူ့ကို ဘိုးတော်လိုလို၊ ဝိဇ္ဇာလိုလို၊ နတ်ဆရာလိုလို၊ ပယောဂဆရာလိုလို ထင်ကြတာပဲ။ ဟုတ် မဟုတ်တော့ မသိဘူး။ ဖြစ်နိုင် မဖြစ်နိုင်တော့မသိဘူး။ ကျိန်းသေ ပေါက် အချက်တစ်ချက်က နွားသိုးအုပ်ကိုကြိုးဖြေပြီး ခြံထဲကြိုလွှတ် ထားတာတော့ အမှန်ပဲတဲ့''

''အဲဒါ ဘယ်သူ့အကြံဉာဏ်လဲ''

''အဲဒီ လူထူးဆန်းအရူးလိုလို၊ နတ်ဆရာလိုလို၊ ဝိဇ္ဇာလိုလို၊ အူကြောင်ကျား ဘတိုက်ပုံဆိုသူ လူကြီးရဲ့အကြံဉာဏ်တဲ့ဗျ''

ဒါကြောင့် . . .

ဟင်း . . .

ခုလောက်ဆို စဏ္ဍာလများနှင့် ရွာကျောင်းဘုန်းကြီးများ





အိပ်မက်ကောင်းကောင်းတွေ မက်နေကြရော့မည်ရယ်လေ။

''ရွှေဖျဉ်းညီနောင် ××× ဖောင်တော်ကိုစီးပါလို့
ရေလှိုင်းတွေက တဖွေးဖွေး ××× ရေလှိုင်းတွေက တဖွေးဖွေး
နတ်နန်းရယ်သာလှတယ် ××× ရွှေနန်းရယ် သာလှတယ်
ဆီးကြိုပါ နှမများရယ် ××× ပြေးကြိုပါ ညီတော်များ
ရယ် ×××

ယီးလေးလေး ××× ယီးလေးလေး ××× ယီးလေး ××× ယီးလေး ××× ယို''

''ဟဲ့ . . . ဘာတဲ့တုံးဗျ . . . ဖာတ်ဆရာကြီးရဲ့ ဟုတ်ပေဗျို့''

''အဲဒါ တို့ဘကြီး (၁၃)ဝမ်းကွဲတဲ့ကွ''

''မဟုတ်ပါဘူး . . . မင်းပထွေး (၇)ယောက်မြောက်ပါဟ ဖော်ဖီရ''

အရူးလိုလိုလူကြီး။ မျက်နှာလေးထောင့်၊ ဆံပင်ရှည်ကုပ် ထောက်နှင့် ရင်ဘတ်တိုက်ပုံ အင်္ကျီပြဲပြဲဟအောက်မှာ အင်းစမကွက် အထင်းသားနှင့်လူကြီး။

အညာဖျင်ညိုလွယ်အိတ်ကြီး၊ စလွယ်သိုင်းလွယ်ရင်း ပုဆိုး အောက်နားကွဲနှင့် နုတ်ခမ်းမွေးကြီး သပ်သပ်ပြီး နတ်ယိုင်သီချင်း အော် ဆို၍ ကနေသည်။

ကနေသည့်နေရာက . . .

ငွေးထောက်ပင် ရွာထိပ်က အဓိကသြောင်ပင်ကြီးရဲ့ နတ်ကွန်း ရှေ့မှာ။ ရွာပြန် ရွာထွက်ခရီးသွားများ၊ လှည်းသမားများ၊ ရွာကလေးများ နှင့် ဖော်ဖီတို့ ကလေးအုပ်စုများက အားရဝမ်းသာ လက်ခုပ်လက်ဝါး တီး၍ အားပေးနေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဇော်ဇီ၊ မောင်သောင်းယဉ်နှင့် မင်းကြည်လှိုင်တို့ မှူးသုံးယောက်က အကဲဆုံး။ ဘတိုက်ပုံ အရှူးလိုလူကြီးသည် ရွာတော်ရှင်နတ်ကွန်းမှ ရွာတော်ရှင် နတ်ရုပ်ကြီးကို မျက်နှာပေးအမျိုးမျိုးနှင့် ချော့ပြီး နတ်ချင်းကို အကြိမ်ကြိမ်ဆို၍ နတ်ချော့ဟန်အမျိုးမျိုးနှင့် ကနေ၏။

ဇာတ်ပွဲ အငြိမ့်ပွဲနှင့် ဝေးနေရကား . . .

ရွာထဲ အရူးဝင်လာသောအခါ မှူးများ၊ ကလေးများ၊ ရွာသူများ ပျော်ရွှင်ကုန်ကြ၏။

လူကြီးများက အရူးတစ်ယောက် သီချင်းဆို၍ ရွာတော်ရှင်နတ်ကွန်းရှေ့မှာ ကနေသောကြောင့် ဒါအတိတ်နိမိတ်ကောင်းသည်ဟု ဆိုကြ၏။

အရူးငိုပြီး ရွာထဲဝင်ရင် ရွာနာတတ်သည်။

အရူးပျော်၍ က,ခုန်ဝင်လျှင် ရွာသူရွာသားများ ပျော်ရွှင်ချမ်းသာကြမည်။ ဒီလို နိမိတ်ကောက်သူလည်း ရှိကြ၏။

ရွာလယ်က နတ်ကတော်ကြီး အမေမခါတွန်ကတော့ သူတို့နတ်ကွန်းရှေ့မှာ နတ်ချင်းဆို၍ ကနေသောကြောင့် ဒီနှစ်အတွင်း ရွာမှာ နတ်ကနားပွဲကြီး ကြုံရမည်။ တစ်ရွာလုံး ရွာတော်ရှင်ကြီး စောင့်ရှောက်၍ ရပ်ရွာအေးချမ်းသာယာတော့မည်ဟု နိမိတ်ဖတ်စကားဆို၏။

အဂ်ဝိဇ္ဇာ ဖိုးရွှေမှိုင်းကတော့ –

"ရွာထဲ အရူးဝင်ရင် ထူးတော့ထူးမှာပဲ . . . ဘာထူးမလဲ မသိပေမဲ့ ဇော်ဇီတို့၊ သောင်းယဉ်တို့၊ မင်းကြည်လှိုင်တို့ မှူးအုပ်စုကတော့ ပိုရှုးသွားပြီ"

ဟု ချိုးမွမ်းစကားဆို၏။

"အရှေ့ကို လျှောက်ပါလို့ ××× "





အနောက်ကယ်တဲ့ ရွှေကူနီ

နီးပြန်ခဲ့ပြီ - ×××

ညနေ ××× ညနေ ××× ဆီမှာလေ ××× လေ

ကူနီကြော့ စံကွန်း

ကိုကြီးကျော် ပလီလွှန်းတယ် ×××

မောင်မောင်ကျော် ××× ပလီလွှန်းတယ် ×××

(အချို့ကလေ ××× မောပြီ ××× မောင်ကြီး ××× ကိုကိုပုံကို ××× ပလီလွှန်း တယ်တဲ့ခင်ဗျ ဟား ဟား ဟား ဟား)

ဆေးစိုက်တဲ့ ××× ကျွန်း ××× ဟွန်း ××× ဟွန်း ××× ကျွန်း ××× ဟွန်း ××× ဟွန်း"

သူသည် နတ်ချင်းများကို တစ်ပုဒ်ပြီးတစ်ပုဒ် သီဆို၏။ အသံဝါအသံအောင်ကြီးနှင့်မို့ နတ်ကွန်းဝန်းကျင် ဟိန်းနေ၏။

နတ်ကတော် အမေမခါတွန်ကား သဘောကျမဆုံး။ လက်ခုပ်လက်ဝါး စည်းလိုက်ပေးနေ၏။ ဘတိုက်ပုံ လူကြီးကနေသည်ကိုကြည့်ပြီး သူမပါ မရိုးမရွဖြစ်ကာ နတ်ဝင်ချင်သလို ဖြစ်လာ၏။

မတော်လို့ဝင်ပြီး ကလိုက်လျှင် သင်းကြီးက ကြိုက်နှစ်သက်လက်ခံလျှင် ကိစ္စမရှိ၊ ကန့်ထုတ်လိုက်လျှင် ငွေထောက်ပင်ရွာက လူရှိသေ၊ ရှင်ရိုသေ နတ်ကတော်ဝါးခြမ်းပြားကြီး လူပုံအလယ် အရှက်ကွဲရချေမည်။

ဒီလူကြီးက ဘာမှန်းမသိ၊ ဘယ်ကမှန်းမသိ။

ရဲလား၊ စုံထောက်လား၊ အရူးလား၊ ဝိဇ္ဇာလား၊ သူလိုကိုယ်လို နတ်ကနားစီးပဲလား။ ဒါသူမကြီး မသိ။

"ဟော့ . . . သားတို့ . . . သမီးတို့ . . . မြေးတို့ . . . မြစ်တို့ . . . ညီနှမတို့"



www.burmeseclassic.com

www.burmeseclassic.com



လူထူးဆန်း ဘတိုက်ပုံကြီးက ကချွဲဆို၍ စသည်ရှိသော ဩဝါဒစကားများ မြွက်ဆိုတော့၏။

''ခင်ညာ''

''ဂျာဂျ''

''ရှိပ့် . . . မင်းသားကြီးရေ''

ဇော်ဖိတို့ ငမူးအုပ်စုကား ရှိသေရလေးစားရမှန်းမသိ၊ မူးမူးနှင့် နောက်ပြောင်နေကြဆဲ။ သင်းတို့ကား နတ်ကတော် အမေမခါတွန် ကြည့်မရသည့် သုံးယောက်ဖြစ်ချေ၏။

''နားထောင်ကြကွယ့် ယက်သဲကြားငါးတင် . . . တင်တဲ့ငါးကြောင်စား . . . ကျန်တဲ့ငါးမှ ဘုရားမ,မည့်အချိန် ရောက်ပြီကွ။ အရှေ့အရပ်မှာ သာသနာရောင်ဝါ နေသို့လင်းပြီဟေ့။ ရတနာသုံးပါးမြဲမြဲကြ။ အနန္တောအနန္တငါးပါး ရှိသေလုပ်ကျွေးကြကွယ့်။

''မကောင်းသူပယ် ကောင်းသူကယ်ချိန်ကွ။ ဒုစရိုက်ကိုရှောင်၊ သုစရိုက်ကောင်းတာကို ဆောင်ကြ။ ဒါန၊ သီလ၊ ဘာဝနာ ခါးဝတ်ပုဆိုးလို မြဲမြဲကြ။ ဘုရားတည် ကျောင်းဆောက်ဝင်ကူညီကြ။ ဒါကြောင့် အဘရောက်လာတာကွ။ လိမ္မာကြဟေ့ . . . အဲဒါကြောင့် ပြောချင်တာကလေ . . .

အတူလေးရယ်နဲ့ ××× ယှဉ်ကာပြိုင် ××× ယှဉ်ကာပြိုင်
အတူလေးရယ်နဲ့ ××× ယှဉ်ကာပြိုင် ××× ယှဉ်ကာပြိုင်
ဖဲမွေ့ရာ ရွှေကော်ဇော ×××
(အဘတို့ သားတို့ သမီးတို့) ရောနှောလို့ ××× ကိုင်း ×××

ရှော့ဟေ့''

ဒီလို စကားထူး စကားဆန်းများကို ပြောဆိုပြီးနောက် အညာ





ဖျင်ညို လွယ်အိတ်ကြီးထဲသို့ လက်နှိုက်ပြီး ဖြန့်ကြဲလိုက်ရာ သကြားလုံး၊ သကြားပြားများ ကျလာကုန်၏။

ကလေးလူရွယ် လူကြီးမိန်းမများကား သကြားလုံး၊ သကြားပြား မမြင်ရတာကြာ၍ အလုအယက် ဝိုင်းကောက်ကြတော့၏။

''ဟောဒါ သိကြားမင်းလုပ်တဲ့ သကြားလုံး . . . ရော့လဟာ''

''ဝေး . . . ဟေး . . . ဟေး''

''ဝေး . . . ဟေး . . . ဟေး''

''အဘ . . . ဒီဘက်ကို ကြဲပါဦးတော့''

''အဘ . . . အဲဒီဘက်မကြဲနဲ့၊ ကျုပ်တို့ဘက်ကို ကြဲပါဗျို့''

''ဟဲ့ . . . သေချင်းဆိုး ကာလနာကောင်''

''လာပြီဟေ့ . . . ဟောဒါ သိကြားမင်း ဦးမာဃကတော် (မေရှိမြင့်) အဲလေ ယောင်လို့ . . . ဘယ်သူပါလိမ့်၊ အဲ . . . အဲ . . . မစွက်ဦးမာဃပေးလိုက်တဲ့ သိကြားပြားဟေ့ . . . ရှော့ဟ''

''ဒါမှ တို့အဘကွ''

''တို့ဘကြီး . . . တိုက်ပုံကွ''

''ဟုတ်တယ်ဟေ့ . . . ဇော်ဖိပထွေး ဦးတိုက်ပုံကွ''

မကြာခင် သကြားလုံး အကြဲရပ်သွား၏။ လူတိုင်း ကလေးတိုင်းလိုလို သကြားလုံး၊ သကြားပြားကိုယ်စီရရှိသွားကြ၏။ ချွေးသံရွှဲရွဲနှင့် အားလုံးပျော်လို့မဆုံး။

''မှတ်ထားကြ သားတို့ သမီးတို့၊ အဲဒီသကြားလုံး သကြားပြား စားရသည့်နေ့မှစ၍ ငါ့ သားသမီးမြေးမြစ်များ အနာရောဂါကင်းကြလိမ့်မဟေ့။ ရတနာသုံးပါးမမေ့ကြနဲ့။ ဒါန, သီလ, ဘာဝနာမြဲကြ။ သွားပြီဟေ့''



www.burmeseclassic.com

www.burmeseclassic.com



သို့ကလိုနှင့် သူပြောလိုရာပြောပြီးသောအခါ လွယ်အိတ်ကြီးကို ပြုပြင်ပြီး လှည့်အထွက်မှာ အဂ်ဂိဇ္ဇာဆရာကြီး ဗိုးရွှေမှိုင်းက –

"ဆရာကြီး"

"ဘာတုံး"

"ကျွန်တော့်အိမ်ကို အလည်ကြွပါဦးလားခင်ဗျာ"

"မင်းအိမ်ကို . . ."

"ဟုတ်ပါရဲ့"

"ငါက . . ."

"ဟုတ်ပဲ့"

"ကြွရမယ် . . . ."

"ဟုတ်ကဲ့ . . . ခင်ဗျ"

"ဟား . . . ဟား . . . ဟား . . . ဟား . . . မင်းလို ရမ်းဖြီးမှန်းတုတ် ဗေဒင်ဆရာအိမ်ကို ခု . . . မဝင်သေးဘူးကွ။ နောင်အလျဉ်းသင့်မှဝင်ခဲ့မယ် သားကြီးရေ။ အဟတ် . . . အဟတ် . . . ဟာ . . . ဟ"

အဂ်ဂိဇ္ဇာ ဆရာကြီး ဗိုးရွှေမှိုင်း အံ့သြပြီး လန့်သွား၏။ "မင်းလို ရမ်းဖြီးရမ်းတုတ် ဗေဒင်ဆရာအိမ်ကို . . . တဲ့ ပြောချလိုက်တာ"

ဒီအဘိုးကြီး သူဗေဒင်ဆရာမဟုတ်မှန်း ဘယ်လိုလုပ် သိနေပါလိမ့်။

မှန်ရာပြောရလျှင် သူသည် အဂ်ဂိဇ္ဇာ နည်းနည်းတတ်ပြီး များများ ဖြီး၍ လုပ်စားနေသူဖြစ်၏။ ရှေ့ဆက်စကားမဟာရဲ၊ နောင်မှ ဝင်ခဲ့မည်ဆို၍ ဘာပဲဖြစ်ဖြစ် ရင်ခုန်သံငြိမ်သွားရ၏။





ဒီမှာ နတ်ကတော် အမေမခါတွန်က လက်အုပ်လေးချီ၍ ဝင်လာ၏။

"အဘ"

"လာပြန်ပြီလား နောက်တစ်ယောက် . . . ဘာတုံးပြော"

"သမီးတော်ကြီးအိမ်ကို ရေနွေးကြမ်းသောက်ကြွပါဦး အဘရဲ့ . . . အဟဲ့"

"အမ်မာ . . . သမီးတော်ကြီးတဲ့၊ ငါးကျည်းခြောက် ကျပ်တင်ရုပ်ကများ၊ ဟဲ့ . . . ငါးကျည်းကြော်ကြီး"

"အင် . . . ဟင် . . . ဟင် . . . ရှင် . . . အဘ"

"နင် . . . အကြွအဖန် လုပ်စားနေတာ ကြာပြီနော် . . . ဟင်း"

"ရှင်"

"ကြည့်လုပ် . . . ကြည့်လုပ်၊ နတ်ဒေဝါတွေကို ရုပ်ပြုပြီး မကြွမဖန်နဲ့။ အရှိအတိုင်း လုပ်စားဟဲ့။ ဒါမှ ကြီးပွားပြီး လူယုံကြည်မယ်။ ကိုင်း . . . ကိုင်း ရွာစဉ်လှည့် ညှော်ခံစရာရှိသေးလို့ နောက်များမှ ဝင်ပြီး စားမယ် . . . ဝါးမယ် . . . ကြွားမယ်ဟေ့။ အားလုံး . . . ဘိုင့် ဘိုင့် ကြက်ချေးယို၊ ဟား . . . ဟား . . . ဟား . . . ဟား . . . အဟတ် . . . အဟတ်"

မောလွန်းလှ၍ ရေပ်တိုင်ကိုမှီပြီး ငိုက်နေမိ၏။ အိပ်ရေးပျက်ပေါင်းများပြီ။ ခရီးပန်းလို့ထင့်၊ ဇက်က ငိုက်ငိုက်ကျသွား၏။ မျက်စိပင် မဖွင့်ချင်။

"ဖောင်း"

"အား . . . မလေးဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုင်းကွာ

"အား . . . အ . . . အ"

"ချ . . . အသေချ . . . ကိုင်းဟာ"

"ဖြောင်း"

"အင့်"

"ဖုန်း . . . ခွပ်"

"အင့် . . . အူး . . . အ . . . အ"

ရိုက်ချက်များက ပြင်းထန်လွန်းလှသည်။ အဦးဆုံး ရိုက်ချက်များသည် သူ့ဦးခေါင်းပေါ်သို့ တိုက်ရိုက်ကျခဲ့ပြီး မှောက်သွားခဲ့သည်။ သည့်နောက် လူနှစ်ယောက်က ရက်ရက်စက်စက် ကန်ကျောက်ရိုက်နှက်ကြရာ စကားပြောချိန်ပင် မရလိုက်။

တောင်းပန် မေးမြန်းချိန်ပင် မရလိုက်။

သူ (ဘတိုက်ပုံ) သတိလစ် မေ့မြောသွားခဲ့လေသည်။

ဘတိုက်ပုံ ပြန်လည်သတိရလာသောအခါ နှောင်ကြိုးလက်ပြန် တည်းလျက်နှင့် ရွာပြင်တဲစုတ်မှာ ရောက်နေ၏။

မျက်စိကို အားယူဖွင့်ကြည့်လိုက်သည်။ သူကိုယ်ပေါ်သို့ အေးစက်သော ရေတစ်ပုံးအပက်ခံလိုက်ရသည်။

"သတိရပြီလားဗျ"

ကြည့်လိုက်တော့ ဗလကောင်းကောင်းနှင့် လူသုံးယောက်။

ခေါင်းဆောင်ဖြစ်ဟန်တူသည့် အသားမည်းမည်းလူက ဒါးကြားမှ ပြောင်းတိုတစ်လက်ထိုး၍ ခါးထောက်ပြီးကြည့်နေ၏။

ကျန်နှစ်ယောက်ကား ရိုင်ဖယ်လို ပြောင်းရှည်သေနတ်များလွယ်၍ သူ့လှုပ်ရှားမှုကို စိုက်ကြည့်နေကြ၏။





"မင်းတို့ ဘယ်သူလဲ။ ငါ့ကို ဘာကြောင့် နှိပ်စက်ညှဉ်းပန်းချုပ်နှောင်ထားရတာလဲကွ ဟေ"

"ဟား . . . ဟား . . . ဟား ပြောချင်လိုက်တာ ပါးစပ်ကိုယားလို့ပါပဲဗျာ။ ဒါနဲ့ ခင်ဗျားနာမည် ဘတိုက်ပုံနော် . . . ဟုတ်လားပြောလေဗျာ"

အသားမည်းမည်းနှင့် လူက သူ့ကို ပါးပုတ်၍မေးလိုက်၏။

"ခေါ်နေကြတာပါပဲကွာ"

"ဒါဆို ခင်ဗျားနာမည်အရင်းက ဘယ်သူလဲ"

"မသိဘူး"

"ခင်ဗျား ရဲလား။ စုံထောက်လား"

"ဒါလည်း . . . မသိဘူး"

"ကိုင်းဟာ . . . မသိဦး"

"ဖောင်း"

"အား . . . ကျွတ် . . . ကျွတ် . . . ကျွတ်"

ပြင်းထန်သော လက်သီးတစ်လုံးက သူ့ဝမ်းဗိုက်အရှိက်ရှိရာသို့ ထိမှန်လေရာ အသက်ကို ထွက်သွားပလားမှတ်လိုက်ရ၏။

"မင်း . . . မင်းတို့ ဘယ်သူတွေလဲကွာ ဟင် . . . ဟင်။ အဘမှာ ဘာ . . . အွား . . . ကျွတ် . . . ကျွတ်"

"ဟား . . . ဟား . . . ဟား . . . ဟား . . . ကိုယ့် အပြစ်ကို ကိုယ်မသိဘူး ဟုတ်လား။ ဒီမှာ . . . ခင်ဗျား ဦးကျောက်စိမ်းကိုသိလား"

"မသိဘူး"

"ငမဲရော ကြားဖူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ကြားဖူးတယ်"

"မြင်ဖူးလား"

"ဟင့်အင်း . . . မမြင်ဖူးဘူး"

"မှတ်ထား . . . ဟံသာဝတီ အရှေ့ခြမ်းက ခါးပြမဲဆိုတာ ကျုပ်ပဲဗျာ"

"ဟင်"

"ဟား . . . ဟား . . . ဟား . . . ဟား"

"ဟီး . . . ဟီး . . . ဟီး . . . ဟီး"

"အဟတ် . . . အဟတ် . . . အဟတ် . . . အဟေ့"

"ခင်ဗျားကြီး ကျွဲကြီးခြေရာရွာက အလှူ့ဒါယကာလောင်းကြီး ဦးကျောက်စိမ်းအိမ်ကို ကျုပ်တို့ ခါးပြတိုက်ဖို့ စာချခဲ့တုန်းက ဝင်ရှုပ်ခဲ့တယ်"

"ဟင် . . . အဘ ဘာရှုပ်လို့တုံး"

"ခင်ဗျား . . . နွားရုပ်တွေနဲ့ အင်းချစီမံပြီး နွားသိုးတွေ ကြိုးဖြေလွှတ်ပြီး ကျုပ်တို့ဝင်တိုက်ရင် ဝင်ဝှေ့အောင် အကြံပြုခဲ့တယ်။ ခင်ဗျားကြီးရဲ့ ကြံကောင်းစီရာ အစီအမံကြောင့် ကျုပ်တပည့်နှစ်ဦး နွားဝှေ့ခံရပြီး သေကောင်ပေါင်းလဲ ဒဏ်ရာနဲ့ ထောင်နန်းစံခဲ့ရတယ်။

"အဲဒါ ခင်ဗျားဝင်နှောင့်ယှက်လို့ ကျုပ်အများကြီးဆုံးရှုံးခဲ့ရတယ်။ ဒီမှာ . . . အဘိုးကြီး၊ မဲဆိုတဲ့ကောင်က သူ့အလုပ်ကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်ဟန့်တားခဲ့ရင် အဲဒီလူကို လူ့ပြည်မှာ ဘယ်တော့မျှ အရှင်မထားဘူး။ ဒီနေ့ ခင်ဗျားသေလှည့်။ ကိုင်းဟာ . . . ကဲဟ . . . ကိုင်းဟာ"

"ဖုန်း"





"အင့်"

"ခွပ်"

"အား"

"ဖောင်း"

"အမလေးဗျ"

"ခွပ်"

"အီး . . . အ . . . အ . . . အ"

ရိုက်ချက် ကန်ချက် ထိုးကြိတ်ချက်ပေါင်းများစွာကြား၊ ဗလကြီးသုံးယောက်ရဲ့ ညှဉ်းပန်းနှိပ်စက်မှုအပြီး လူထူးဆန်းကြီး ဘတိုက်ပုံကြီး ဇက်ကြိုးကျိုးကျသွားခဲ့လေပြီ။

"ကြည့်စမ်း . . . ကျောက်တစ်လုံး"

"ဇက်ကျိုးသွားပြီဗျ . . . သေပြီ"

"ကျိန်းသေရဲ့လား"

"လှုပ်မှမလှုပ်နိုင်တော့ဘဲဗျာ"

"ကြိုးဖြေပြီး တောင်သလဲပင် သင်္ချိုင်းကိုထမ်းခဲ့"

သူတို့ကြိုးများ ဖြေလိုက်ကြသော် ဘတိုက်ပုံအရုပ်ကြိုးပြတ်လဲကျသွားခဲ့၏။ တစ်ကိုယ်လုံး သွေးများခြင်းခြင်းရဲနေ၏။ ကျောက်တစ်လုံးက ပခုံးပေါ်မွေ့ထမ်း၍ လာလိုက်၏။

နာရီဝက်ခန့် လျှောက်လာသောအခါ တောင်သလဲပင် သင်္ချိုင်းသို့ ရောက်လာခဲ့၏။ သင်္ချိုင်းရောက်ချိန်ကား မှောင်ရီဖျိုးဖျဖြစ်၏။ ကုက္ကိုပင်ဝိုင်းများ ညို့နေ၍ သူတို့လှုပ်ရှားမှုကို ဘယ်သူမျှမမြင်ကြ။ မြင်လည်း ဂရုမစိုက်။

ဂူပျက်များ၊ ဂူသစ်များ အစီအရီပြန့်ကျဲနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ငမဲတို့လူစုသည် ပွင့်နေသည့် ဂူပျက်ကြီးရှေ့မှာ အဘိုးကြီးကို ချလိုက်၏။ ၎င်းနောက် ဂူပေါက်ထဲမှ ခေါင်းခွေးသစ်သားစများကို ဖယ်ရှားလိုက်၏။ ၎င်းနောက် ဂူဟောင်းထဲသို့ ရရာတုတ်ဟောင်းနှစ်ချောင်း ကန့်လန့်တင်လိုက်ပြီး ဘတိုက်ပုံအမည်ရှိ အဘိုးကြီးကို ဦးခေါင်းကစ၍ သွင်းလိုက်၏။

ခြေနှစ်ချောင်းဝင်သွားသောအခါ ဂူပေါက်ကို ကျောက်ပြားတစ်ချပ်နှင့် ပိတ်လိုက်ကြ၏။ စိတ်မချသေး၍ ဘယ်လိုမှ ဖယ်ရှားလို့ မရနိုင်အောင် ဂဝံကျောက်တုံးများ၊ ကျောက်ပြားများဖြင့် အထပ်ထပ်ဖိကာ ပိတ်ဆို့လိုက်သည်။

စိတ်ချရပါပြီ။

အကယ်၍ မသေတောင် ဒီဂူပေါက်က ဘယ်လိုမှ မထွက်နိုင်တော့။ ၎င်းနောက် အသင့်ယူလာသည့် ဘိလပ်မြေမဆလာများဖြင့် ကိုင်လိုက်ကြ၏။ လူမပြောနှင့် ကြွက်တောင်ထွက်နိုင်စွမ်းမရှိတော့။

"ခင်ဗျား အရမ်းကံကောင်းတယ် ဦးတိုက်ပုံ။ အခြားသူတွေဆိုရင် ချောင်းထဲတွင်းထဲ လင်းတစာဖြစ်ခဲ့ရတယ်။ လူကြီးမင်းက ဂူနဲ့ဘာနဲ့၊ ကျကျနန သေခွင့်ရတာ နောင်ဘဝမှာဂုဏ်ယူပြီး သာဓုခေါ်တော့ဗျာ"

၎င်းနောက် သုံးယောက်သား ပါလာသည့် အရက်ပုလင်းများကိုမော့ပြီး မှောင်ရီဖျိုးဖျထဲမှာ ဒယီးဒယိုင်လျှောက်၍ လာခဲ့ကြလေသည်။

"သောက်ကွာ . . . ကျောက်တစ်လုံး"

"ချပါတယ် . . . ဆရာမဲရ၊ အာစရိရော တော်ပြီလား"

"တစ်ခွက်လောက်တော့ ရပါသေးတယ်ကွာ"





"ရရင် . . . ဆင်းလိုက်ဗျာ"

ငမဲတပည့်ကျော် ကျောက်တစ်လုံး ငှဲ့ပေးလိုက်သည့် အရက်ခွက်ကို မော့ချပြီး အမဲခြောက်ဝါးလိုက်၏။

"အာစရိ . . . အေ့ . . . ဝေ့"

"ဘာလဲ . . . ကျောက်တစ်လုံး"

"ဦးကျောက်စိမ်းကို ဘယ်နေ့ရှင်းမလဲ"

"ရှင်းမယ်"

"ဘယ်နေ့ ရှင်းပစ်မှာလဲဗျ"

"ဒီနေ့ည သန်းခေါင်ယံ"

"ဟင် . . . ဒီနေ့ညသန်းခေါင်ယံ"

"ဟုတ်တယ် . . . အားလုံးတစ်ရေးအိပ်ကြမယ်။ သန်းခေါင်ကျရင် ငါနှိုးမယ်။ ကျောက်စိမ်းရော သူ့အိမ်သားအားလုံးရော အကုန်သတ်ပစ်မယ်။ ဒါမှ ငမဲ ဘာကောင် ဘယ်လိုဆိုတာ တစ်နယ်လုံးသိရမယ်။ အိပ်ကြစို့"

သည့်နောက် သေနတ်များကို ကျည်ထိုးပြီး အနီးနားမှာချ၍ အိပ်လိုက်ကြသည်။ မူးနေ၍ ခေါင်းချပြီး မကြာခင် အိပ်မောကျသွားကြ၏။ အိပ်မက်များက ကောင်းလိုက်ကြတာ။

နတ်သမီးလေးများဖြင့် ကောက်ရိုးမွေ့ရာပေါ်မှာ နှစ်ပါးသွားကြသည်။ အိပ်မက်များ –

အိပ်မက်ထဲမှာ ရန်များကြိုင်နေ၏။

အတွေ့အထိများ နူးညံ့အိပျောင်းနေ၏။

"ဟော့ကောင်တွေ . . . ဟော့ကောင်တွေ ထ . . . ထ"

"ဟော့ကောင် . . . ထစမ်း . . . ထ"



www.burmeseclassic.com

www.burmeseclassic.com



အိပ်လို့ကောင်းတုန်း၊ အိပ်မက်က အထွတ်အထိပ်ရောက်တုန်း အနှိုးခံရ၍ ကျောက်တစ်လုံး လူးလိမ့်လိုက်၏။

"ဆရာမဲကလည်းဗျာ၊ အိပ်မက်ကောင်းနေတယ်ဗျာ"

"ဟေ့ကောင် . . . ထစမ်း . . . မြန်မြန်ထစမ်း"

ငမဲသူ့ကို ကန်ကျောက်ပြီး နှိုးခံရ၍ ဒေါသထွက်ပြီး ကုန်းထလိုက်၏။

အလို နေတောင်ထွက်နေပါလား။

ဒီည ကျွဲကြီးခြေရာရှာက ဦးကျောက်စိမ်းကို အပြတ်ရှင်းဖို့ စိတ်ညှိပြီးမှ အအိပ်လွန်သွားမှန်း သိလိုက်ရ၏။ တောက် . . . နာလိုက်တာ။

မကြာခင် ကျောက်တစ်လုံးရော ဘဆင့်ကျော်ပါ အိပ်မှုန်စုံမွှားနှင့် နိုးလာကြ၏။

"ကဲ . . . ဟေ့ . . . အားလုံးနိုးပြီလားကွ"

"ဟင်"

"ဟာ"

"အမလေး"

အသံကြား၍ လှည့်ကြည့်လိုက်သောအခါ ဓားပြခေါင်းဆောင် ငမဲ အပါအဝင် တပည့်နှစ်ယောက် မျက်လုံးများပြူးပြီး အံ့ဩထိတ်လန့်သွားကြသည်။

သူတို့ကို မေးနေသူကား အခြားမဟုတ်။

သူတို့ကိုယ်တိုင် ရက်ရက်စက်စက် ညှဉ်းပန်းနှိပ်စက်ပြီး သေပြီဟု ဆုံးဖြတ်ချက်ချပြီးနောက် တောင်သလဲပင် သချိုင်းမှာ ဂူသွင်း အင်္ဂတေကိုင် မြှုပ်နှံခဲ့သည့် အဘိုးကြီး ဘတိုက်ပုံ။

အလိုလေး . . . အဘိုးကြီး သွေးသံရဲရဲနှင့် သူတို့သုံးဦးကို





ခါးထောက်ပြီး ကြည့်နေကြ၏။

သွေးပေကျံနေသော ဆံပင်ဖားလျားကြီးက ဖြာဝဲပြန့်ကျဲလို့။

"ခင် . . . ခင်ဗျား . . . ခင်ဗျား"

"အေး . . . မှတ်မိရဲ့လားကွ . . . ဘတိုက်ပုံလေကွာ။ ဟား . . . ဟား . . . ဟား . . . ဟား"

"ခင် . . . ခင်ဗျား သေပြီ . . . သေပြီ။ ခင်ဗျားကို ကျုပ်တို့ ဂူသွင်းမြှုပ်နှံခဲ့တာ"

"ဟား . . . ဟား . . . ဟား . . . ဟား မသေလို့ ခုပြန်တွေ့ပြီဥစ္စာကွာ ငမဲရာ"

"ခင် . . . ခင်ဗျား . . . လူ . . . လူ မဟုတ်ဘူး။ တစ္ဆေသံရဲ ဖုတ် . . . ဖုတ်"

"အေး . . . ငါ တစ္ဆေဖုတ်ကြီး ဘတိုက်ပုံပဲ။ မင်းတို့ သုံးယောက် လူယုတ်မာသုံးကောင်ကို လာခေါ်တာ၊ ထ . . . လိုက်ခဲ့ကြ"

"ဟင်"

"ကိုမဲ . . . ပစ်ဗျာ၊ ဖုတ်ရော တစ္ဆေရော 'မထားနဲ့ ပစ်"

"ဟုတ်တယ် . . . ပစ်ကြဟေ့"

သုံးယောက်ကား အနီးရှိ သေနတ်များကို ပြိုင်တူကောက်ကိုင်ပြီး သုံးယောက်ပြိုင်တူ ယှဉ်ခလုတ်ဖြုတ်လိုက်ကြသည်။

"ချောက်"

"ဂျောက်"

"ချက်"

သူတို့ သေနတ်သုံးလက်မှ ယမ်းပေါက်ကွဲသံ မကြားရ၍ အံ့ဩကုန်ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



သည့်နောက် လက်တန်းထိုး၍ နောက်တစ်ကြိမ် ပစ်လိုက်ကြပြန်၏။

"ချောက်"

"ဂျောက်"

"ချက်"

ဘုရားရေ ဒီအဘိုးကြီး သေနတ်ပြီးသည်နှင့်တူရဲ့။ ကျည်ဆန် လုံးဝမထွက်။ သို့နှင့် သုံးဦးသားသူတို့သေနတ်များမှ ကျည်ခလုတ်ကို အမြန်ဖွင့်၍ စစ်ဆေးလိုက်သောအခါ . . .

"ဟာ"

"ဟယ်"

"ဟင် . . . ကျည်ဆန် လုံးဝမရှိပါလား"

"ဟား . . . ဟား . . . ဟား . . . ဟား မင်းတို့ ကျည်ဆန်တွေက ဒီမှာကွ။ ဟောဒီမှာ ဟား . . . ဟား . . . ဟား . . . ဟား"

အဘိုးကြီးသည် တိုက်ပုံအင်္ကျီအိတ်ကပ်ထဲ လက်နှိုက်၍ ဖြန့်ပြလိုက်သောအခါ ရိုင်ဖယ်ကျည်ဆန်များနှင့် ခြောက်လုံးပူး ကျည်ဆန်များကို သူ့လက်ဝါးထဲမှာ အထင်းသားမြင်လိုက်ရပြီး ထိတ်လန့်သွားကြ၏။

"သဘောပေါက်ပြီလားဟေ့ . . . လူမိုက်သုံးကောင်၊ အစိစိ လားမယ့် သုံးကောင်"

ပေါက်ခဲ့ပါပြီ။

ဒီလူကြီး အင်္ဂတေကိုင်ပိတ်ပြီး ထားခဲ့သည့် ဂူထဲမှ ဘယ်လို လုပ်ထွက်လာခဲ့သည်ကို ငမဲတို့သုံးယောက် မစဉ်းစားတတ်။ သူတို့ စဉ်းစားထားမိသည်မှာ သူတို့မူးပြီး အိပ်ပျော်နေစဉ် ဒီအဘိုးကြီး ဒီ





နေရာကို စုံစမ်းရောက်ရှိလာပြီး . . .

သူတို့ သေနတ်များမှ ကျည်ဆန်များကို တိတ်တဆိတ် ထုတ်ယူထားသည်ကိုကား သဘောပေါက်လိုက်သောအခါ . . .

"ချ . . . ရိုက်ကြ . . . ဝိုင်းဖမ်းကြ"

"ကိုင်းကွာ"

"ကိုင်းကွာ"

"ဝီး . . . ဝီး"

"ဖောင်း . . . ဖောင်း"

"ဖန်း . . . ဖန်း"

"ရှစ် . . . ရှစ်"

သုံးယောက်သား သေနတ်များကိုင်၍ ပြေးဝင်ရိုက်ကြသည်။ ဒီမှာ အဘိုးကြီးက ကြောင်တစ်ကောင်လို၊ ကျားသစ်တစ်ကောင်လို လွှားခနဲခုန်၍ ရှောင်လိုက်ရာ အချင်းချင်းရိုက်မိပြီး နှစ်ယောက်ခေါင်းကွဲလို့ မထနိုင်တော့။

"ဟဲ့သာဝတီ အရှေ့ခြမ်းက လူမိုက်ဓားပြ လူယုတ်မာ မသူတော် ငမဲဆိုတာ . . . မင်းလားကွ"

"ဟုတ်တယ် . . . ကျုပ်ပဲ၊ ခင်ဗျားကျုပ်လက်နဲ့ ဒီမနက် သေရမယ်"

သူက ခုန်ဝင်၍ လည်ပင်းကို ဝင်ညှစ်လုံးလိုက်၏။ ဘတိုက်ပုံ ကျင်လည်စွာ လက်ကိုကိုင်၍ လိမ်ချိုးပြီး ကိုင်ပေါက်ပစ်လိုက်၏။

"အား . . . သေ . . . သေပါပြီခင်ဗျ၊ အား . . . ကျွတ် . . . ကျွတ် . . . ကျွတ်"

"ကိုယ့်အလှည့်ကျရင်တော့ နာတတ်သားပဲ . . . ကိုင်းကွာ"



www.burmeseclassic.com

www.burmeseclassic.com



''ကျွတ်''

''အား . . . အ . . . အ''

ဟံသာဝတီ အရှေ့ခြမ်းသား ဓားပြခေါင်းဆောင်ကြီး ငမဲ ခြေသလုံးကျိုး၍ မေ့မြောနေသည့် သူ့တပည့်များအပေါ်သို့ မှောက်လျက်လဲကျသွားပြီး ခွေးနာတစ်ကောင်လို နာကျင်စူးရှစွာ အော်ဟစ်ရင်း မျက်ရည်များ စီးကျနေလေ၏။

မကြာခင် ဝေဒနာကို မခံစားနိုင်တော့ဘဲ မေ့မြောသတိမေ့၍ သွားလေသည်။

မကြာမီ ငွေးထောက်ပင်သူကြီး၊ ကျွဲကြီးခြေရာသူကြီးနှင့် ဆယ်အိမ်ခေါင်း၊ ရာအိမ်ခေါင်း၊ ကာကွယ်ရေးအဖွဲ့ဝင်များ တောင်သလဲပင် သချိုင်းအရှေ့ဘက်ကွင်းထဲရှိ လယ်တဲပျက်သို့ စုဝေးရောက်ရှိလာကြ၏။

အားလုံး လက်နက်ကိုယ်စီနှင့် တဲကိုဝိုင်းလိုက်ကြသည်။

လက်နက်ချ အညံ့ခံရန် ကျွဲကြီးခြေရာသူကြီးက အော်ဟစ်အမိန့်ပေးလိုက်၏။ အထဲက လှုပ်ရှားသံမကြားရ။

သို့နှင့် တရွေ့ရွေ့ ချဉ်းကပ်ဝိုင်းလိုက်သောအခါ သတိလစ်မေ့မြောနေသော ရာဇဝင်လူဆိုးသုံးဦးကို မိလိုက်ကြတော့သည်။

''ဘတိုက်ပုံပြောတာ အမှန်ပဲဗျ ငွေးထောက်ပင်သူကြီးရ''

''အေးဗျာ . . . ကွက်တိပဲ''

''ကျုပ်ကို သွားသာဖမ်း၊ ကြက်ကလေး ဉက်ကလေးလို ဖမ်းလို့ရပြီဆိုပြီး ကျည်ဆန်တွေရော သေနတ်ရော အပ်သွားခဲ့တာဗျ''

''နယ်မြေအေးချမ်းပြီပေါ့ဗျာ''

ငင်းနောက် ငနဲသားသုံးယောက်ကို ရေနှင့်ပက်နှိုးပြီး လက်ပြန်





ကြိုးတုပ်လိုက်ကြသည်။ မေးမြန်းစစ်ဆေးလိုက်သောအခါ ကျူးလွန်ခဲ့သမျှနှင့် ကျူးလွန်ရန် အစီအစဉ်များအားလုံးကို ပြောပြဝန်ခံပြီးနောက်

သေရွာပြန်ဘတိုက်ပုံဆိုသည့် ဖုတ်တစ္ဆေလို လူထူးဆန်းကြီး လက်ချက်နှင့် သို့ကလိုဖြစ်ရပါကြောင်း ဝန်ခံကြသောအခါ ငွေးတောက်ပင် သူကြီးရော၊ ကျွဲကြီးခြေရာ သူကြီးရော၊ ဦးကျောက်စိမ်းနှင့် ကျွန်ုပ်ရဲ့ဖခင် ဦးရွှေနီအပါအဝင် ကာကွယ်ရေးအဖွဲ့ဝင်များ၊ ရွာသားများအားလုံးသည် လူထူးဆန်းဘတိုက်ပုံကြီးရဲ့ အံ့မခန်းအစွမ်းကိုသိပြီး ထိုက်ထိုက်တန်တန် ဂုဏ်ပြုခံရရန် သက်ဆိုင်ရာသို့ တင်ပြကြမည်ဟု ပြိုင်တူဆုံးဖြတ်ချက် ချလိုက်ကြလေသည်။

(မှတ်ချက်။ ။ လူထူးဆန်း ဘတိုက်ပုံဦးရာကျော် အင်္ဂတေကိုင် ကျောက်ပြားကျောက်တုံးများ ပိတ်ဆို့ထားသည့် သချိုင်းဂူထဲမှ မည်သို့ မည်ပုံလွတ်မြောက် လာခဲ့သည်ကို နောင်ရေးသားမည့် ''သေမင်းသုံးကောင်နှင့် ဘတိုက်ပုံဦးရာကျော်''အမည်ရှိ လုံးချင်းဝတ္ထုရှည်များကို အံ့သြဆန်းကြယ်စွာ ဖတ်ရှုကြပါရန် လေးစားစွာ မေတ္တာရပ်ခံပါသည်ခင်ဗျာ။)

* * * * * * *

မောင်ညိုမှိုင်း (သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# စိတ်တစ္ဆေခြောက်တဲ့ည

(၁)

ကျွန်တော်မှာ ထူးဆန်းသော ဖြစ်စဉ်တစ်ခု ရှိနေသည်။ အများအားဖြင့် သည်မှာဘက်ကာလနောက်ပိုင်း ကျွန်တော်ပရဝိညာဉ် နောက်ခံဝတ္ထုတို ဝတ္ထုရှည်များကို အတော်များများ ရေးဖြစ်ခဲ့သည်။ ယခုဆိုလျှင် လုံးချင်းချည်း(၉)အုပ် ရှိသွားခဲ့ပြီ။

ကျွန်တော်ရေးသည့် ဝတ္ထုရှည်လုံးချင်းအချို့ကိုဖတ်ပြီး ညဘက်အိမ်သာမတက်ရဲပါဟု စာဖတ်သူအတော်များများမှ ပြောဆိုလာကြသည်ကို ပြန်လည်ကြားသိရသောအခါ ပို၍အံ့သြခဲ့ရ၏။ အများ





အားဖြင့် လုံးချင်းဝတ္ထု အတော်များများသည် ဖြစ်ရပ်မှန်များကို အခြေခံ၍ ကျွန်တော်စာပေအတတ်ပညာဖြင့် တန်ဆာဆင်မွမ်းမံရေးဖွဲ့ခဲ့ပါသည်။

အထူးသဖြင့် 'ပြိတ္တာရွာသူမကြွေ' လုံးချင်းကို ဖတ်ပြီးသူများက ညဘက်ဖြစ်စေ၊ နေ့ဘက်ဖြစ်စေ ဖတ်ရင်းကြက်သီးဖြန်းဖြန်း ထကြသည်ဟုဆိုလေ၏။ အချို့သော စာဖတ်သူများက 'မကြွေစည်' အဲဒီလို တကယ်ခြောက်ခဲ့ပါသလားဟု မေးကြ၏။

အဲဒီထက်ပိုဆိုးသည်ဟု ကျွန်တော်ပြောချင်၏။ မကြွေစည်ကို လူ့ဘဝကလည်း ကျွန်တော်တို့ ရင်းနှီးခဲ့၏။ ပြိတ္တာတစ္ဆေဘဝ ရောက်၍ မကျွတ်မလွတ်မလပ် လင်စိတ်၊ ပစ္စည်းစိတ်အစွဲအလမ်းနှင့် ခြောက်ချားစရာ ခြောက်လှန့်မှုများကား ပြောဖွယ်ရာမရှိ။ အချို့ကို ရေးရန်မသင့်၍ ကျွန်တော်ချန်ထားခဲ့ရ၏။

ပြီးတော့ 'ကျောင်းသို့အပြန်' ဝတ္ထုမှာ အိပ်ပျော်နေသည့် ဘုန်းကြီးလူထွက်အိမ်ထောင်ပျက်ရဲ့ ဝမ်းဗိုက်ကိုတစ္ဆေက အကျီကြယ်သီးဖြုတ်သည့်ဖြစ်ရပ်။ အိပ်ရာကနိုးတော့ ကြယ်သီး တကယ်ပြုတ်နေ၏။

စာဖတ်သူ မပြောပါနှင့်။ ကျွန်တော်ကိုယ်တိုင် ကိုယ်ရေးသည့် ဓာတ်ကောင်တစ္ဆေများနှင့် ပြန်လည်ပက်ပင်း ဆုံရသောအခါ အိပ်ရာထဲ ချွေးသီးချွေးပေါက် ကျခဲ့ရသည်ကို ပြန်လည်ပြောပြချင်ပါသည်။ ကိုယ့်တစ္ဆေ ကိုယ်ပြန်ခြောက်သည့် စိတ်ဖြစ်ရပ် ဆန်းကြယ် . . .

\+ + + + + + + 

www.burmeseclassic.com

www.burmeseclassic.com

(၂)

ပြီးခဲ့သည့်နှစ်ကုန်ခါနီး၌ မြို့တော်မဂ္ဂဇင်းမှာ 'မြွေသိုက်' အမည်ရှိ ဝတ္ထုတိုကို ရေးခဲ့သည်။ ပြီး . . . ဂန္ထဝင်ရဆန်းကြယ်မဂ္ဂဇင်းမှာ 'မျောက်ဦးနှောက် ဖောက်စားကြသူများ' ဝတ္ထုတိုကို ရေးဖြစ်ခဲ့သည်။

၎င်းဝတ္ထုတိုများကို (၂၀၀၇) ဧပြီလဆန်းက 'ပရလောကနှင့် ဖြစ်ရပ်ဆန်းကြယ် ဂန္ထဝင်ဝတ္ထုတိုများ' အမည်ဖြင့် ဝတ္ထုတို လုံးချင်းထုတ်ခဲ့ပြီး ဖြစ်ပါသည်။ တပေါင်းလပြည့်နေ့က ရွှေပြည်သာ ဘုန်းတော်ကြီးကျောင်းမှာ စာရေးဆရာအချို့ ပွဲတက်ခဲ့ကြ၏။ ခါတိုင်း





စာရေးသူလည်း ဝတ်ခဲ့၏။ ယခုနှစ်ကျန်းမာရေး အခြေအနေကြောင့် မဝတ်ဖြစ်ခဲ့။

သို့ဖြစ်၍ ဦးစီးပဓာနနာယက ဆရာတော် 'စစ်ကိုင်း–ဆုလာဘ်' ရှိရာကျောင်းသို့ အရောက်သွားပြီး ပွဲဝင်ဝတ်နေသည့် စာရေးဆရာများနှင့် သွားရောက်တွေ့ဆုံပြီး အလှူငွေ ထည့်ဝင်ခဲ့လိုက်သည်။

ဒီမှာသက်နှံးဝတ်နေသည့် စာရေးဆရာကြီး 'သာရဝေါ မိုးကြည်'က "ဆရာညီမှိုင်း မြို့တော်မဂ္ဂဇင်းမှာရေးတဲ့ 'မြွေသိုက်'ဝတ္ထုက တကယ့်အဖြစ်အပျက်လား"ဟု မေးတော့၏။

"မှန်ပါ့ . . . တကယ့် အဖြစ်အပျက်ပါဘုရား"

"ဒကာကြီး ရေးထားတာ ဂျပန်ခေတ် နောက်ခံနဲ့နော်၊ အဝေါ်ဆ့်ကို အံ့သြစရာကောင်းလွန်းလို့ပါ။ တကယ့်အဖြစ်အပျက်မှ ဟုတ်ရဲ့လားလို့ ကျုပ်တို့ဖတ်ရင်း စဉ်းစားနေတာဗျ။ အခုတွေ့တုန်း မေးကြည့်ရတာရယ်"

"မှန်ပါ့ဘုရား . . . အဖြစ်အပျက်က ဂျပန်ခေတ်တုန်းက မဟုတ်ပါဘူး ဘုရား"

"ဟင် . . . ဒါဖြင့် ဘယ်တုန်းက ဖြစ်တာတုံး"

"သိပ်မကြာသေးခင် ကာလကပါဘုရား။ ကိုယ်တော်တို့ ဘပည့်တော်တို့ ဝန်းကျင်အနီးမှာပါပဲဘုရား"

သို့ကလို ပြောလိုက်၍ ရဟန်းဝတ် စာရေးဆရာများဖြစ်ကြသည့် ဆရာတက္ကသိုလ်ထိန်လင်း၊ ဆရာသာဓုမြေဘုန်းရှိန်နှင့် မြင်းခြံသား စာရေးဆရာ ရဟန်းများဖြစ်ကြသည့် ဆရာသိဏ်းသန်းအောင် (မြင်းခြံ)တို့ကပါ မျက်လုံးကျယ်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"နေရာဌာနကိုမပြောချင်လို့ နေရာနဲ့ ခေတ်ကိုလွှဲပြီး ရေးလိုက်ရတာပါဘုရား။ မြွေသိုက်ကို တကယ်တွေ့ကြုံပြီး အိမ်နဲ့ခြံရောင်းကို ပြေးရတာပါဘုရား"

"အင်း . . . ဒကာညိုမှိုင်း၊ တတ်လည်း တတ်နိုင်ပါပေ ရဲ့ဗျာ"

ဦးဇင်းကြီး သာရဝေါစိုးကြည်က သဘောကျပြီး ပြုံးတော်မူသည်။ တစ်ခါတစ်ရံ ဂမ္ဘီရဆန်းကြယ်ရေးသည့် စာရေးဆရာသည် အကြောင်းကြောင်းကိုငဲ့၍ ရွှေ့ရပြောင်းရ ဖြုတ်ရဖြည့်ရလုပ်၏။

ဒီလိုမှမဟုတ်လျှင် ဖြစ်ရပ်ဆန်းကြယ် (ဂမ္ဘီရ)ဝတ္ထုများသည် အမည်ရှီးရှီးစဉ်းစဉ်းမျှသာ ရှိနေပေလိမ့်မည်။

တစ်ခါ အလွန်ဆန်းကြယ်လှသည့် ပရဝိဉာဉ်လောက အကြောင်း အရှိအတိုင်းရေးပြန်လျှင်လည်း ဆင်ခြင်ရမည့်အပိုင်းက ရှိနေပြန်၏။ အချို့ကို အရှိအတိုင်းရေးလိုက်ပြန်သောအခါ (အဖွဲ့အနွဲ့ ဖြည့်စွက်ချက်မပါဘဲ ရေးခြင်းကိုဆိုလိုပါသည်) ယုံချင်မှယုံနိုင်ကြပါပေလိမ့်မည်။

ဥပမာ 'မနန်းအိမ်တို့ ချမ်းသာစေချင်စမ်းပါဘိ' ဝတ္ထုတိုတွင် တစ်ဘဝခြားနေသည့် ပရဝိဉာဉ်လောကသား 'အစ်မလုပ်သူက လူ့ဘဝမှာ ရှိနေသည့် ညီမလုပ်သူကို လေထဲမှအသံနှင့် ဆက်သွယ်နေသည့်ကိစ္စ'။ အဲဒါ မနန်းအိမ်တို့ရွာက လူတွေပါကြားနေရသည်။

ကာယကံရှင်များက မယုံလျှင်လာ၍ မေးလှည့်ပါ၊ ရွာက လူများကရော ခင်ပွန်းသည်လုပ်သူကပါ သက်သေခံရန် အဆင့်ရှိပါသည်ဟု ရဲရဲဝံ့ဝံ့ ဆိုလေ၏။ ၎င်းဇာတ်လမ်းကို ကျွန်တော်ရေးခဲ့၏





စာအုပ်ကို မနန်းအိမ်တို့ ဖတ်ဖို့ပေးရန် ရွာလူကြီးကို မျှော်နေစဉ်မှာပင် . . .

ကြေကွဲဝမ်းနည်းစရာ သတင်းစကားကို ရွာလူကြီးမိတ်ဆွေ (စာရေးရန်တိုက်တွန်းသူ၊သူငယ်ချင်း)က လာပြောခဲ့တော့သည်။

(၂၀၀၇) ခုနှစ်၊ လဆန်းက မနန်းအိမ် ကုလားဝဲချောင်းမှာ လှေမှောက်၍ ရေနစ်ကွယ်လွန်သွားခဲ့ပါပြီတဲ့။ လှေမှောက်ပုံဖြစ်ရပ်ကလည်း ဆန်းကြယ်လွန်းလှ၏။

လှေပေါ်မှာ လူစိမ်းမိန်းမချော တစ်ဦးပါလာသည်။ မနန်းအိမ်နှင့် အခြားလူများအလောင်းကို ပြန်ရခဲ့သော်လည်း မျက်နှာစိမ်း မိန်းမချောရဲ့အလောင်းကို ယနေ့တိုင် ရှာလို့မတွေ့ခဲ့။ ဘယ်မြို့ ဘယ်ရွာ၊ ဘယ်အရပ်သူမှန်း ဘယ်သူမျှမသိကြ။ မနန်းအိမ်ရဲ့ ခင်ပွန်းတော့ ကျန်နေသေးသည်။

ကျွန်တော်က မနန်းအိမ်ကိုသူ၏ အကြောင်းရေးသားသည့် ဝတ္ထုအား ဖတ်စေချင်သည်။

ခုတော့ မနန်းအိမ် မရှိတော့ . . .။ လောကဂမ္ဘီရ ဖြစ်ရပ်ဆန်းကြယ်ကိစ္စရပ်များက တကယ့်ကိုဆန်းကြယ် သိမ်မွေ့လွန်းလှ၏။

✤ ✤ ✤ ✤ ✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com

## (၃)

ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်းမှာ ဖော်ပြပါရှိသည့် 'မျောက်ဦးနှောက် ဖောက်စားကြသူများ' ဝတ္ထုသည် ဟိုမှာဘက်ခေတ်က ကျွန်တော့်ဖခင်ကြီးရဲ့ ကိုယ်တွေ့ဖြစ်ရပ်ဖြစ်၏။ ဝဋ်မှ ကြောက်စရာကောင်းလှသည့် 'ကံ'။ တိုက်ဆိုင်မှုကို ပြောချင်လွန်း၍ ရေးရပါသည်။

ဆိုရလျှင် . . . ကျွန်တော်သည် ပရဝိဉာဉ်လောက နောက်ခံဝတ္ထုများကို ကိုယ်တွေ့ဖြင့်လည်း ရေးသားပါသည်။ အိမ်တိုင်ရာရောက်လာပြောကြသည့် ရှေးလူကြီးသူမများရဲ့ မှတ်သားစရာကောင်း





သည့်အချက်ကို လက်ဆင့်ကမ်းချင်၍ ရေးရသည်များလည်း ရှိပါသည်။

ဥပမာ သူရဇ္ဇမဂ္ဂဇင်းပါ 'အနီရောင် ပရိတ်လက်ဖွဲ့ကြိုးတစ်ကုံး' ဝတ္ထု။ ဒီနေရာမှာ ကျွန်တော့်ဘဝ အတွေ့အကြုံဆန်းအချို့ကို ပြောပြချင်ပါသည်။

အချို့သော ဝတ္ထုများသည် ကျွန်တော်ကိုယ်တွေ့လည်း မဟုတ်ပါ။ သက်ရှိထင်ရှား လူသားတစ်ယောက်ယောက်က အိမ်တိုင်ရာရောက်ပြောသည့် ဝတ္ထုဇာတ်လမ်းလည်း မဟုတ်ပါ။

အိပ်ပျော်နေစဉ် အိမ်မက်ထဲမှာ ပုဂ္ဂိုလ်ကာယကံရှင်တစ်ဦးဦးက လာရောက်အိပ်မက်ပေး ပြောကြားသည့် ဇာတ်လမ်းများပဲ ဖြစ်ပေသည်။

ဖြစ်ပုံက ကျွန်တော်စိတ်ကူးယဉ်စွဲလမ်း၍ အစွဲအလမ်းက အိပ်မက်ထဲမှာ ဇာတ်ကွက်ဖြစ်ပေါ်လာတာမျိုး မဟုတ်တာတော့ အမှန်။

ကိုယ်တိုင်က ပြောနေတာမျိုး ခပ်ဆန်းဆန်း ဖြစ်ရပ်များ။ အချို့ကို အိပ်မက်မှလန့်နိုးသည့်နှင့် ဘောလ်ပင်နှင့်ချက်ချင်း ဇာတ်အကျဉ်း ကောက်မှတ်ထားလိုက်ပြီး မိုးလင်းသည်နှင့် ဝတ္ထုအဖြစ် ပြန်ရေးပစ်လိုက်သည်။ ထိုဝတ္ထုတို့များ ကျွန်တော့်ဘဝ အတွေ့အကြုံမှာ မနည်းခဲ့။

ဒီနေရာမှာ ကျွန်တော်ကိုယ် ကျွန်တော် ပြန်ဝေဖန်ရေးလုပ်ကြည့်မိ၏။ သူတို့ပြောသည့် ဇာတ်လမ်း ဇာတ်ကောင်များအကြောင်း ရေးပြီး ရသမျှစာမူခ ကျွန်တော်ချည်း အုပ်နေလို့လားမသိ၊ ကျွန်တော် ညာအပေး ခံလိုက်ရ၏။ သို့မဟုတ် . . .

တစ္ဆေက ကျွန်တော့်အနီး ပူးပူးကပ်ကပ် ရောက်ရှိနေကြောင်း



www.burmeseclassic.com

www.burmeseclassic.com



အသိပေးတာလားမသိ။ ရင်တုန်စရာဖြစ်ရပ်ကို ကျွန်တော် မျက်မြင်ကိုယ်တွေ့ကြုံရတော့၏။

✤✤✤✤✤✤✤

(၄)

ပြီးခဲ့သည့် တပေါင်းလပြည့်နေ့ကစ၍ ကျွန်တော်ကျန်းမာရေးညံ့ခဲ့သည်။ ခေါင်းမူးသည်။ ကျဉ်သည်။ ခေါင်းထဲမှာ ခါတ်လိုက်သလိုခံစားနေရသည်။

သို့နှင့် မြို့က ပြနေကျဆေးခန်းမှ ဆရာဝန်သို့သွားပြရသည်။ ဆရာဝန်က အာရုံကြော အားနည်းတာဟုဆို၏။ စာရေးလွန်း၊ စဉ်းစားလွန်း၊ အညောင်းထိုင်လွန်း၍ ဖြစ်သည့်ရောဂါဟုဆို၏။

ဟုတ်နိုင်ပေ၏။ တစ်နှစ်ခွဲ၊ နှစ်နှစ်အတွင်း လုံးချင်းချည်း (၁၅)အုပ် ရေးပစ်လိုက်သည်။ မဂ္ဂဇင်းများအတွက်၊ ကလောင်နံမည်အုပ်



www.burmeseclassic.com

www.burmeseclassic.com



များအတွက်၊ ပုဒ်ရေကလည်းမနည်း၊ နေ့စဉ်ထိုင်ရေးသည်။ ကြာတော့ ဦးနှောက်အား ခန်းစပြုလာပြီထင်သည်။

သို့နှင့်ဆေးထိုးဆေးစားပြု၏။ ပျောက်ခါနီးအဖျားဝင်၍ အိပ်ရာထဲ ပြန်လဲပြန်၏။ အိပ်ဆေးသောက် အိပ်ရ၏။ အိပ်ဆေးက ကျွန်တော့်ကို တစ်ညလုံးနှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်အောင် မစွမ်းဆောင်နိုင်ခဲ့။ တစ်ရေးနိုး မျက်စိကြောင်တောင်ရှိ၏။

တစ်ညအိပ်နေရာမှ ဖြုန်းဆိုနိုးတော့၏။ ခြင်ထောင်အတွင်းမှ မျက်လုံးဖွင့်ကြည့်လိုက်သောအခါ ကျွန်တော်ခြင်ထောင်နံဘေးမှ ငုတ်တုတ်ကြီးတစ်ခုကို မမျှော်လင့်ဘဲမြင်လိုက်ရ၏။

ငုတ်တုတ်မှ မလှုပ်မယှက် အလင်းရောင်ဝိုးဝါးနှင့် မြင်နေရ၏။ ခေါင်းနှင့်ကိုယ်ကို မြင်ရ၏။ မည်းမည်းကြီး။ ကျွန်တော့်ကို အကြိနှင့် ထိုင်ကြည့်နေသည့်ပုံ။

"ဘယ်သူလဲ"

သူက မထူး။ ငုတ်တုတ်ကြီး ပမာမခန့် . . . ။

"ဟေ့ . . . ဘယ်သူလဲ"

တုန်တုန်ယင်ယင်နှင့် မေးလိုက်ပြန်သည်။ သင်းကမထူး။ စိမ့်၍ ကြောက်လာသည်။ သားလည်းမဟုတ်။ သမီးလည်းမဟုတ်။ သားနှင့် သမီးဆို ပြန်ထူးရမည်။ သူခိုးလား။ သရဲ၊ တစ္ဆေလား၊ အမေးမရသည့်အဆုံး . . . ။

"ကိုင်းကွာ"

"ဝုန်း"

"ခွမ်း . . . ဂလွမ်း"





ထိုးချလိုက်၍ ငုတ်တုတ်ကြီးအပေါ်မှ အောက်သို့ လွင့်ကျသွားတော့သည်။

"အဖေ . . . အဖေ ဘာဖြစ်လို့လဲ၊ ဘာဖြစ်နေတာလဲ"

"မှတ်ထား . . . ငါကွ"

ချက်ချင်း အိမ်မီးများလင်းလာသည်။ အတွင်းခန်းမှ သမီးလုပ်သူနိုးထလာသည်။ ကျွန်တော်ခြင်ထောင်အပြင်မှာ ရောက်နေပြီး လက်သီးကို ဆုပ်ထားဆဲ၊ ဆေးလိပ်ခွက်နှင့် ကောက်ပေါက်ရန် ဟန်ပြင်နေဆဲ . . .

"အဖေ"

"ဟင်"

"အဖေ . . . အဖေ ဘာတွေဖြစ်နေတာလဲ၊ ဝုန်း . . . ဒိုင်းကို ညံနေတယ်"

"ဟို . . . ဟို လူလား၊ တစ္ဆေလားမသိဘူး၊ ခြင်ထောင်နားမှာ ငုတ်တုတ်လာထိုင်နေတာ၊ မေးမရလို့ တီးထည့်လိုက်တာ"

သို့နှင့် သမီးကအောက်မီးကို ဖွင့်လိုက်သည်။

"ဟင်"

"ဘာလဲ . . . ဟင် . . . သမီး"

"ခါတ် . . . ခါတ်ဘူးကြီး၊ ကွဲ . . . ကွဲသွားပြီ အဖေ"

"ဟေ . . . ခါတ်ဘူး . . . ခါတ်ဘူးဟုတ်လား"

ဘုရား . . . သွားပြီ။ ခြင်ထောင်ဘေးမှာ ခါတ်ဘူး အကြီးစားကြီးက ထောင်ထားသည်ကို ညအမှောင်ဝိုးတဝါးမှာ လူ(သို့မဟုတ်) တစ္ဆေမှတ်၍ လက်သီးနှင့်ထိုးချလိုက်တာ . . . သွားပြီ ရေနွေးအောက်



www.burmeseclassic.com

www.burmeseclassic.com



စရာမရှိတော့ . . . ဖြစ်မှဖြစ်ရပလေ။

"အိပ်ဆေးရော သောက်ရဲ့လား အဖေရယ်"

သမီးလုပ်သူက ခါတ်ဘူးကို ပြန်ကောက်ပြီး ကြည့်ရင်းက မေး၏။

ခါတ်ဘူးကား ကွဲသွားခဲ့ပြီ၊ သုံးမရတော့။

"သောက်တာပဲ . . . အိပ်မပျော်ဘူး"

"သိပ်မစဉ်းစားနဲ့ အဖေရော . . . ပြန်အိပ်တော့"

ဟုတ်တယ်။ သိပ်မစဉ်းစားနှင့်။ ကျွန်တော်က အိပ်မပျော်လျှင် စဉ်းစားလွန်း၏။ စဉ်းစားရင်းမိုးလင်းသည့်ညများ မနည်းခဲ့။

မေးခနဲ ပြန်အိပ်ပျော်သွားခဲ့ပြန်သည်။

ထိုစဉ် အိပ်ရာခင်း၊ ကြမ်းကြားမှ လှုပ်လှုပ်လှုပ်လှုပ် ဖြစ်နေ၏။ မကြာခင် ကြမ်းကြားမှ လက်မည်းမည်းကြီး တိုးထွက်လာပြီး ကျွန်တော့်ဘယ်လက်ကို ဆောင့်ဆွဲလိုက်သည်။ လက်မောင်းပြုတ်သွားမလားမှတ်ရသည်။ နာလိုက်တာ . . . ။

ကြမ်းကြားမှ လက်မည်းကြီးသည် လူကိုတရွတ်ပါအောင်ဆွဲနေ၏။ လူက လက်သာပါသွားပြီး ကိုယ်လုံးကကြမ်းပြင်မှာ ကန့်လန့်ခံနေ၏။

"လွှတ် . . . လွှတ် . . . လွှတ်နော်"

"လာ . . . လိုက်ခဲ့"

အလို အိမ်အောက်မှာ စကားပြောသံပါလား။ လာလိုက်ခဲ့တဲ့။ ဘယ်ကို လိုက်ရမှာလဲ။

"လွှတ် . . . လွှတ်ပါဗျ"





"လိုက်ခဲ့ . . . မင်းကို လာခေါ်တာ"

"အို . . . မလိုက်ဘူး . . . မလိုက်ဘူး။ လွှတ် . . . လွှတ် . . . ကဲကွာ . . . ကဲကွာ"

"ဝုန်း . . . ဝုန်း"

"ဖောင်း . . . ဖောင်း"

"ဒုန်း . . . ဒုန်း"

"ကိုင်းဟာ . . . ကိုင်းဟာ"

ဟော . . . လျှပ်စစ်မီးများပွင့်လာပြန်သည်။ သမီးက အလန့်တကြား။ ခြင်ထောင်ကိုလှန်တင်၍ အော်ခေါ်နေသည့် သမီးရဲ့မျက်နှာက စိုးရိမ်ထိတ်လန့်လျက်။

"အဖေ . . . အဖေ"

ကျွန်တော်ကား ဝွမ်းကပ်ကြမ်းပြင်ကို လက်သီးနှင့် အချက်ပေါင်းများစွာထိုးနေဆဲ။

"အဖေ . . . အဖေ"

"ဟေ"

"အဖေ . . . ဘာဖြစ်ပြန်ပြီလဲဟင် . . . ဟင်း"

"ငါ့ . . . ငါ့ကို ကြမ်းကြားကနေ လက်ကြီးနဲ့ လာဆွဲခေါ်နေလို့"

"ဟာ . . . မဟုတ်တာ အဖေရာ၊ အဖေ အိပ်မက်, မက်နေတာပါ"

"ဟင်း . . . အိပ်မက် . . . အိပ်မက် ဟုတ်လား"

"ဟုတ်တယ်လေ . . . အိပ်မက် ဥစ္စာ။ ဘယ်မှာလဲ . . . ကြမ်းပေါက်။ အဖေ အခုထိုင်နေတာ ဖျာပေါ်က ဝွမ်းကပ်အခင်းပေါ်



www.burmeseclassic.com

www.burmeseclassic.com



မှာ။ အဖေလက်သီးနဲ့ ထိုးနေတာ ဂွမ်းကပ်ကို ထိုးနေတာ''

''ဟူး''

ကျွန်တော့် တစ်ကိုယ်လုံး ကြောက်ဖော့များဖြင့် ချွေးများစို့နစ်နေသည်။ သမီးက အကျီလဲပေး၏။ အသားတွေ တုန်နေသည်။ ဆွဲတာမှ အသေအချာကို ကြမ်းကြားကနေ ဆွဲနေတာ။ ဘယ်လက်ပြုတ်ထွက်မလား မှတ်နေရသည်။ ကြောက်စရာ ကောင်းလိုက်တာ။

အခုကြည့်လိုက်တော့ ဘာမှမရှိ။

သို့သော် နှလုံးကတုန်ခါနေဆဲ။ သွေးကလန့်နေဆဲ . . .။

''အဖေ''

''ဟင်''

''အိပ်လို့ပျော်ရဲလားဟင်''

''မသိဘူး''

''ကြောက်နေလား''

''အင်း''

''ဒါဆို ဘုရားစာရွတ်လိုက်''

သမီးက ဘုရားစင်ပေါ်မှ မီးလုံးကို ဖွင့်ပေးလိုက်သည်။ ကျွန်တော်အိပ်ဆေးကို အားမကိုးတော့။ ဘုရားစာကို အားကိုးလိုက်သည်။ ဘုရား . . . ဘုရား၊ ငါ့ဝန်းကျင်အပေါ်မှာ ဗုဒ္ဓဘုရားရှိနေပါကလား။ ငုတ်တုတ်ထထိုင် လက်အုပ်ချီလိုက်သည်။

ငါ့ကိုယ်ပေါ်မှာ အပတွေ မှီနေကြပါလား။ ငါ့ဇာတ်ကောင်တွေများလား။ ဒီအပက စိတ်ကိုလွှမ်းမိုးနေပါတကား။ အပ,ကိုနှင်မှနှင်မှ။





''ယံ ဒုန္နိ မိတ္တံ့ အဝမင်္ဂလဉ္စ၊
ယောစာ မနာပေါ သကုဏာသ သဒ္ဒေါ။
ပါ ပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊
ဗုဒ္ဓါ နုဘာဝေန၊ ဝိနာ သမေန္တု''

''ယံ ဒုန္နိ မိတ္တံ့ အဝမင်္ဂလဉ္စ၊
ယောစာ မနာပေါ၊ သကုဏာသ သဒ္ဒေါ။
ပါ ပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊
ဓမ္မာနုဘာဝေန ဝိနာ သမေန္တု''

''ယံ ဒုန္နိ မိတ္တံ့ အဝမင်္ဂလဉ္စ၊
ယောစာ မနာပေါ၊ သကုဏာသ သဒ္ဒေါ။
ပါ ပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊
သံဃာ နုဘာဝေန၊ ဝိနာ သမေန္တု''

ကျွန်တော် ပုဗ္ဗဏှသုတ်ကို ရွတ်လိုက်သည်။ စိတ်ကို ရတနာမြတ်သုံးပါးမှာ စူးနစ်လိုက်၍လားမသိ။ ငြိမ်လာသည်။ ကြည်လင်လာသည်။ သုတ်ဆုံးသွားသည်နှင့် (၃၁)ဘုံကို အမျှပေးဝေလိုက်သည်။


ဝင်သက် ထွက်သက်ကို မှတ်လိုက်သည်။ မကြာခင် အိပ်ပျော်သွားခဲ့သည်။ ဒီတစ်ခါ အိပ်ဆေးနှင့်အပပယောဂများ အဝေးကို ပြေးကြပြီ။ ကြောက်စိတ်လုံးဝ မရှိတော့။

✦ ✦ ✦ ✦ ✦ ✦ ✦

မောင်ညိုမှိုင်း (သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ ရှင်ရယ်၊ အရက်ရယ်၊ လင်မယားနှစ်ယောက် မြေတိုက်ထဲမှာ ညားကြပေါ့တော့ . . . ဟီး"

ခင်ရွှေကြီးမိန်းမ မနီလာမြင့်က ဖွဲ့ကာနွဲ့ကာ အလက်ာ စာပြောနှင့်ငို၏။

ငိုနိုင်မှာပေါ့။ သူ့ဘကြီးက ဇာတ်ဆရာကြီးမင်္ဂလာဦးမှိုင်းပေတိုး။

သူတို့နည်းတူ မောင်တက်လှူရဲ့ ပါးပြင်ပေါ်မှာ မျက်ရည်များ စီးကျနေ၏။ သွားပြီ . . . ခုတော့ နေ့စဉ် သောက်ဖော်သောက်ဖက် အချစ်ဆုံး သူငယ်ချင်းကြီး။ အရက်ရဲ့ အချစ်ကြီးခြင်းကို ရမွက်ကြီး စွာခံယူ၍ ထာဝရ မူးယစ်အိပ်မောကျခဲ့ပြီ။

"ခင်ရွှေကြီးရေ . . . အချစ်ဆုံးကြီး၊ သူငယ်ချင်းကြီး၊ ငါလည်း မင်းနောက်ကို လိုက်ခဲ့ပါမယ်ကွာ။ ငါ့ကိုပါ လာခေါ်လှည့် သူငယ်ချင်း ရဲ့ . . . ဟီး"

ကိုထက်လှူ မူးမူးနှင့် ဟစ်၍အော်ငိုလိုက်ရာ အသုဘလိုက်ပို့ သူများအလန့်တကြား လှည့်၍ကြည့်ကြရ၏။ ဒီမှာ ခင်ရွှေကြီးရဲ့ သောက် ဖော်သောက်ဖက် တက်လှူမှန်း သိသွားကြသောအခါ–

"မပူနဲ့ တက်လှူရေ့ ဒီအသုဘယာဉ်ကို မင်းအတွက် ကြိုစရန် သတ်ပြီးပဟ . . . စိတ်ချ"

ဒီမှာပဲ သုဘရာဇာကြီး ဦးကျောက်တစ်လုံးက –

"ခု မခွဲမခွာနေချင် သေချင် ရဲရင်လာခဲ့ . . . ငတက်လှူ။ တစ်ကျင်းတည်း ပေါင်းမြှုပ်ပေးမဟ၊ ဟား . . . ဟား . . . ဟား . . . ဟား" တဲ့။

✦ ✦ ✦ ✦ ✦ ✦ ✦



# နှလုံးသားလှသူတို့ရဲ့ လောကနိဗ္ဗာန်အကျိုးပေး

(၁)

အလောင်းကို မြေကျင်းထဲချတော့ သူ့နှမများ ဟစ်၍အော်၍ ငိုလိုက်ကြ၏။

"သောက်ဦးလေ . . . အစ်ကိုကြီးရဲ့။ အခု အရက်က အစ်ကို ကြီးကို မြေကျင်းထဲပို့လိုက်တာ အစ်ကိုကြီးသိရဲ့လား ဖီး . . . ဟီး"

"ကိုခင်ရွှေရေ . . . အရက်ကို မိန်းမထက် ချစ်သူကြီးရဲ့၊



www.burmeseclassic.com

www.burmeseclassic.com

## (၂)

ခုတော့ အဖော်မရှိဘဲ တစ်ယောက်တည်း သောက်သည်။ အချစ်ဆုံး သေဖော်သေဖက်ကြီးမရှိတော့။ သူ့ကို လွမ်းသည့်စိတ်နှင့် ပို၍ သောက်ခဲ့သည်။ သို့ဖြစ်၍ အစာမဲ့သော သူ့ရုပ်သည် နံရိုးကားကား မျက်နှာပွပွ ဒယီးဒယိုင်နှင့် ခွေးတစီစီ။

အရက်သောက်လို့ မူးသည်နှင့် ခင်ရွှေကြီး ညဘက်သေခဲ့သည့် ညောင်ပိန္နဲပင်ကြီးအောက်မှာ ရင်ထုပြီး သွားငိုလေ့ရှိ၏။

ခင်ရွှေကြီးသည် ဒီညောင်ပိန္နဲပင်ကြီးအောက် မူး၍အိပ်ခဲ့ရာ မိုးလင်းတော့ တောင့်သေနေ၏။ အခု ခင်ရွှေကြီး ဒီညောင်ပိန္နဲပင်မှာ တစ္ဆေဖြစ်နေသည်ဟု အရပ်ကပြောကြ၏။ ညဘက်ခင်ရွှေကြီး မူးပြီး ကနေသည်ကို အချို့က မြင်ကြသတဲ့။

သို့နှင့် ညဘက်ရောက်လျှင် –

ငင်းညောင်ပိန္နဲပင်ကြီးအောက်မှာ မည်သူမျှ ဖြတ်၍ မလျှောက်ရဲကြ။ ကိုတက်လူကတော့ ဝမ်းသာသည်။ သူ့သူငယ်ချင်း တစ္ဆေဖြစ်





နေသည်ဆို၍ နေ့ရောညပါ ၎င်းညောင်ပင်အောက်သွားပြီး ခင်ရွှေကြီး နာမည်ကို တကြော်ကြော်အော်ခေါ်ခဲ့၏။

ခင်ရွှေကြီးပေးလို့ တောက်တဲ့အော်သံပင် မကြားရ။

ထိုအခါ ကိုတက်လူက ရှုံးမှုးစွာဖြင့် စဉ်းစား၏။ ငါများ ဘုန်းကြီးနေလို့လား။ ဟော . . . ကံများ ကောင်းချင်တော့ တစ်ည . . . ကိုယ့်လူက အိပ်မက်ပေးတော့၏။

အိပ်မက်ထဲမှာ ကိုယ့်လူခင်ရွှေကြီး ရောက်လာ၏။

"တက်လူရေ . . . တက်လူ"

"ဟာ . . . ခင်ရွှေကြီး၊ မင်း . . . မင်း . . . မ . . . မသေဘူး နော် . . . နော်"

"မသေလို့ ပြန်ဆုံရတာပေါ့။ သူငယ်ချင်းရာ . . . အဟက်"

"ခင်ရွှေ . . . ငါ . . . ငါ မင်းကို ပြန်တွေ့ရတာ ဝမ်းသာလိုက်တာကွာ။ ဒါ . . . ဒါနဲ့ အခုမင်း ဘယ်မှာနေလဲဟင်"

"ငါ . . . နေ့ခင်းဘက်ဆို ငါသေတဲ့ ညောင်ပိန္နဲပင်မှာ နေတယ်။ ညဘက်ဆို ညောင်သုံးပင် သင်္ချိုင်းကို ပြန်တယ်။ ဒီမှာ . . . တက်လူ"

"ပြော သူငယ်ချင်း၊ ငါ ဘာလုပ်ပေးရမလဲ။ မင်း အရက်သောက်မလား"

"အိမ်း . . . သောက်ချင်လို့ လာခဲ့တာပေါ့ကွာ။ အရမ်းကို သောက်ချင်နေတာ"

ဒါနဲ့တက်လူက နောက်ဖေးကိုဝင် အရက်ပုလင်းယူငှဲ့ပြီး ခင်ရွှေကြီးလက်ထဲကို အရက်ခွက်ပေးမလို့ လုပ်ရော၊ ခင်ရွှေကြီး ပျောက်သွားရော။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ရွှေကြီး . . . ခင်ရွှေရေ"

"ခင်ရွှေ . . . သူငယ်ချင်း အရက်သောက်မယ်ဆို . . . လာလေ . . . ခင်ရွှေ"

တက်လူ တကြော်ကြော်အော်ရင်း လန့်နိုးခဲ့၍ လန့်နိုးတော့ အမေက သူ့နံဘေးမှာ လှုပ်နိုးနေ၏။ ဒီတော့မှ အိပ်မက်အစစ်မှန်း သိခဲ့ရသည်။

"အင်း . . . ဒီကောင်ကြီး အရက်သောက်ချင်လို့ ငါ့ကို အိပ်မက်ပေး ပြောတာနေမှာပဲ။ အေးလေ . . . မိုးလင်းရင် သွားတိုက်ရမှာပေါ့"

* * * * * * *

(၃)

နောက်နေ့မျှားမှစ၍ တက်လူ အရက်နှင့် အမြည်းကိုယူပြီး ညောင်ပိန္နဲပင်အောက်မှာ သောက်၏။ သူငယ်ချင်း ခင်ရွှေကြီးရဲ့ ပရဝိညာဉ်ကို မှူးမှူးရှူးရှူးနှင့် အော်ခေါ်၏။

"ခင်ရွှေရေ . . . အချစ်ဆုံးကြီးရေ . . . မင်းကြိုက်တဲ့ အရက်နဲ့ ကဏန်းမီးဖုတ် ငါယူလာပြီ။ ငါနဲ့ခွက်လှည့် လာသောက်ဟ . . . သူငယ်ချင်းရ"

ဒီနောက် တစ်ယောက်တည်းပါးစပ်က ပြောချင်ရာပြောပြီး အရက်ကို ကိုယ်တစ်လှည့် သူတစ်လှည့် စကိုင်သောက်၏။ သောက်နေစဉ် ခြေသံကြားရ၏။ ရယ်သံကြားရ၏။ ညောင်ကိုင်းမှ တစုန်းစုန်း လှုပ်သံကြားရ၏။ လူတော့ မမြင်ရ။

တက်လူ လုံးဝမကြောက်။

ဒါ သူ့ သူငယ်ချင်း ခင်ရွှေကြီးများ အသိပေးရော့သလား။

"ခင်ရွှေလားကွ"

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"လာလေကွာ . . . ချ . . . ချ . . . အော့ . . . ဇော့"

ဒီမှာ စုံးရှသော အပုပ်နံ့ကြီး ညောင်ပင်ဝန်းကျင်မှ ပေါ်လာ၏။ ခြေသံများ ပိုစိပ်လာ၏။ သူ့ကျောကို နောက်က ပုတ်လိုက်သလို ခံစားရ၏။ သူ့ဆံပင်များကို ဆွဲလှုပ်သလိုခံစားရ၏။ ငါများ မူးနေပြီး ထင်မြင်တာလား။ ဒါမှမဟုတ် ခင်ရွှေကြီးပဲလား။

"ခင်ရွှေ . . . မင်းရောက်နေပြီလား"

"ဟော့ကောင် . . . ငါမကြောက်ပါဘူးကွ။ ကိုယ်ထင်ပြကွာ ခင်ရွှေရာ"

ဒီမှာပဲ သူ 'မိုက်'ခနဲ ဖြစ်သွားသည်။ သူ့ကိုယ်ထဲသို့ ခင်ရွှေကြီး ရောက်နေသလို ခံစားရ၏။ သူပျော်သလို ဖြစ်သွားသည်။

သည့်နောက် စကားတွေဖောင်အောင်ပြောပြီး အရက်ကို သောက်လိုက်၊ အမြည်းကို စားလိုက်။ ကုန်ရင် ထကလိုက်။

အရပ်ထဲက လူများက ကိုတက်လူကို ရူးပေါက်သွားပြီဟု ဆိုကြ၏။ ဘယ်အချိန်ကြည့်ကြည့် ညောင်ပိန္နဲပင်အောက်မှာ တစ်ယောက်တည်း အရက်သောက်ပြီး စကားများ အပြန်အလှန်ပြောလို့ ကနေသည်ကို တွေ့ကြသည်ကိုး။

အချို့ကတော့ –

မဟုတ်မှလွဲရော၊ ခင်ရွှေတစ္ဆေက တက်လူကိုဝင်ပူးပြီး အရက် ဖိသောက်နေသည်ဟုလည်း ပြောဆိုဝေဖန်ကြ၏။

အချို့မိန်းမများက –

ဒီညောင်ပင်အောက် သွားရဲ၊ သောက်ရဲ၊ အိပ်ရဲတာ ကိုတက်လူ ပဲရှိတယ်။ မကြာခင် သူလည်း သေမှာပဲဟု ဆိုကြလေ၏။

✢ ✢ ✢ ✢ ✢ ✢ ✢



(၄)

"ကြို့လေ ဘုံဗွေ ဆိုင်ငိုမှိုင်မိမှား ကံ ကံ ငယ်စေလို့သာ ကြို့ရ လေ ကြို့ရလေခြင်း ဟင်း . . . ဟင်း . . . ဟင်း"

တက်လူမူး၍ ပြန်လာလျှင် ဒီသီချင်းကို အမြဲဟစ်၏။ အမှန် တော့ တက်လူသည် နဂိုက လူကောင်းတစ်ဦးဖြစ်၏။ ရပ်အကျိုး ရွာ အကျိုး ပါဝင်လုပ်ဆောင်၏။ အမေမုဆိုးမကြီးနှင့် နေရင်း ဖန်ချက်စက်ရုံ မှာ အလုပ်လုပ်၍ ဝမ်းစာရှာ၏။

မကြာမီ 'ချောညွန့်မေ' ဆိုသူမိန်းကလေးနှင့် အိမ်ထောင် ကျ၏။ သူက ချောညွန့်မေကို အသည်းနင့်အောင် ချစ်ရှာ၏။ တုန်နေ အောင် ချစ်၏။ ချောညွန့်မေကား ကြွနေအောင် လှသူတည်း။

တစ်နှစ်ခန့် ပေါင်းသင်းပြီးနောက်ပိုင်း အလှအပကို မက် မောသော၊ ဆိုရှယ်ကျချင်သော၊ ရှန်းရှန်းစီစီ အပျော်အပါးကို မက် မောသော ချောညွန့်မေ အပေးအကမ်း အပြောညက်ညောသည့် အကြံ သမား 'ဘစည်နောင်'နှင့် နောက်မီးလင်းပြီး လိုက်ပြေးသွား၏။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်ကစ၍ တက်လူအသည်းကွဲပြီး –

အရက်သမားဘ၀ ရောက်သွားခဲ့၏။ ခုတော့ အလုပ်လည်း ပြုတ်ခဲ့ပြီ။

မိခင်မုဆိုးမကြီးရဲ့ လုပ်စာကို ထိုင်စားပြီး ကြုံဖန်၍ အရက်ဖိုးရှာကာ ကျောင်းနေဖက်ငယ်ပေါင်း ခင်ရွှေနှင့်တွဲ၍ အရက်သမားမြိုင်ထကို အပြိုင်ကခဲ့၏။ ခု ခင်ရွှေသေတော့ သူတစ်ယောက်တည်း အရက်သမား တစ်ပင်တိုင်မင်းသားကြီး။

"ကံကြမ္မာငယ် . . . ယို ယွင်း . . . ဟင်း . . . ဟင်း . . . ဟင်း။ ကြိုးဟ်မင်းတို့ မောင့်ကိုမွေ့ နတ်မင်းတို့ နေနိုင်ပေ ဟေ . . . ဟေ . . . ဟေ"

၎င်းဇာတ်လွှမ်းချင်းကို ဆိုပြီး ဒိုချင်ဒို၊ မဒိုလျှင် ရယ်၍ မူးပြီး ပြန်လာ၏။ ၎င်းနောက် မလှကျေးတို့ အကြော်ဆိုင်ရှေ့မှာ တွေ၍ အကြာကြီး ရပ်နေမည်။ စကားလည်း မပြော။ မျက်ရည်များကျပြီး အဝေးကိုငေး၍ ကြည့်နေမည်။

ထိုအခါ မလှကျေးက ကိုတက်လူကို သနား၍ အကြော်နှစ်ခုကို စက္ကူနှင့်ထုပ်ပြီး ပေးလိုက်မည်။ အကြော်နှစ်ခုရလျှင် မျက်ရည်များသုတ်ပြီး အိမ်ရှိရာသို့ ပြန်လာမည်။

တစ်ခုတော့ တက်လူမှာ ညဉ့်ကျောင်းလေးရှိ၏။

သူ့ အိမ်ပြန်လမ်းထိပ်မှာ ဗောဓိညောင်အမျိုးအစား ညောင်ပင်ကြီးတစ်ပင်ရှိ၏။ လွင်ငါးဖက်စာခန့်ကြီးပြီး အရိပ်အာဝါသ အလွန်ကောင်းလှ၏။ ညောင်ပင်မှာ နတ်ကွန်းလေးတစ်ခု ကပ်ရိုက်ထား၏။ ညောင်ရေအိုးရှိသည်။ သွောက်ရေခွက်ရှိသည်။

တက်လူသည် ဘယ်လိုပဲ မူးယိုင်နေနေ၊ ညောင်ပင်ကြီး





အောက်ရောက်လျှင် ပါလာသည့်အကြော် နှစ်ခုအနက် တစ်ခုကို နတ်ကွန်းလေးပေါ်သို့ တင်၏။ ပြီး ပါးစပ်မှ မူးမူးနှင့်ပြောတော့၏။

"အဘိုး . . . ရုက္ခစိုးကြီး ခင်ဗျား။ သား . . . ရင်ကွဲအောင် ခံစားရလို့ သောက်တာပါ . . . အဘိုးရယ်။ ဟောဒီမှာ အဘိုးရုက္ခစိုးကြီးအတွက် သားကြီးအကြော်တစ်ခု လှူဒါန်းပါတယ်။ အဘိုး . . . စားပါ . . . စားပါ . . . ခင်ဗျာ"

ပြီး . . . အဘိုး ရုက္ခစိုးညောင်ပင်ကို ထိုင်၍သော်လည်းကောင်း၊ ရပ်၍သော်လည်းကောင်း လက်အုပ်ချီရှိခိုးသည်။

သည့်နောက် သူ့အိမ်ကို ဒယီးဒယိုင်နှင့် ပြန်မည့်အိမ်မရောက်မချင်း "ကြိုးဟ်မင်းတို့ မောင့်ကိုမွေ့၊ နတ်မင်းတို့ နေနိုင်ပေ" အလွမ်းသီချင်းကို အော်ဆို၍ ဝင်မည်။

မိခင်အိုကြီးကို တွေ့သည်နှင့် –

"ရော့ . . . အမေ၊ အမေ့ဖို့ အကြော်တစ်ခု . . . အော့"

မိခင်မုဆိုးမကြီးက သားအမူးသမားတွဲရင်း သားပေးသည့် အကြော်ကိုယူမည်။ သည့်နောက် သားငမူးကို ထမင်းစားမလားမေး။ စားဘူးဆို ဖျာပေါ်မှာအသာလှဲ၍သိပ်။ စောင်ခြုံပေး။

ဒီမှာ သားငမူးက ပါးစပ်ကနေ ချောညွှန့်ဖမရဲ့အမည်ကို ခေါ်ရွတ်ပြီး မကြာခင် အိပ်မောကျ၍သွား။

မိခင်သည် အကြော်လေးကိုင်ရင်း သားမယားတရူး အရက်သမားရဲ့ ရင်ကွဲဝေဒနာကို မျှဝေခံစားရင်း မျက်ရည်ကျခဲ့ရသည့် ညများနည်းခဲ့။

\+ + + + + + +

www.burmeseclassic.com

www.burmeseclassic.com

(၇)

ဆိုရလျှင် နေ့တိုင်း သူငယ်ချင်းတစ္ဆေရှိရာ ညောင်ပိန္နဲပင်အောက်မှာ အရက်သွားသောက်သည်။ မသောက်လို့မဖြစ်။ သူငယ်ချင်း ခင်ရွှေကြီးက ညတိုင်းနီးပါး အိပ်မက်လာပေး၏။ မင်းနဲ့အရက်အတူ သောက်ရ၍ ပျော်သည်တဲ့။ ဒါနဲ့ အိပ်မက်ထဲမှာ ဝမ်းသာအားရ ပြော လိုက်သည်။ ပျော်ရင် ငါ့ကို ကိုယ်ထင်ပြစမ်းပါ ခင်ရွှေရာဟု ပြော လိုက်တော့ "မဖြစ်လို့ပါ တက်လူရာတဲ့"

"ဘာလို့မဖြစ်ရမှာလည်း ခင်ရွှေရာ"

"မင်း ကြောက်သွားလန့်သွားမှာ စိုးလို့"တဲ့။

ရှိစေတော့။ အပြင်မှာ ကိုယ်ထင်ရှား မတွေ့ရသော်လည်း သူနှင့် အရက်အတူသောက်ရတာ ပျော်သည်ဟု အိပ်မက်ထဲလာပြော ဖော်ရ၍ သူလည်းဝမ်းသာကျေနပ်၏။ သူ့ကိုပဲပူးဝင်ပြီး သောက်နေ သလား။ ဒါမှမဟုတ် သူ့ဘာသာသူ မူးကြောင်ရှူးကြောင် အမြင်အထင် မှားနေသလား။ သူသိပ်ပြီး ခွဲခြမ်းစိတ်ဖြာ၍ မစဉ်းစား။





နေ့တိုင်း ခင်ရွှေကြီး ကွယ်လွန်ခဲ့သည့် ညောင်ပင်အောက်မှာ အရက်သောက်သည်။

အရက်ကုန်လျှင် ကခုန်မည်။ ပြီး . . . မလှကျေးတို့ အကြော် ဆိုင်ရှေ့မှာ ရပ်မည်။ မလှကျေးပေးသည့် အကြော်နှစ်ခုကို ဝမ်းသာ အားရလှမ်းယူမည်။

သည့်နောက် တစ်ခုကို အဘိုးရုက္ခစိုး ရှိသည်ဆိုသော ညောင် ပင်မှာလှူ၍ ကျန်တစ်ခုကို အမေမုဆိုးမကြီးအား ပေးပြီး အိပ်ပစ် လိုက်ရင်း . . .

ထူးဆန်းလှပေစွ။

တက်လူ အိပ်မက်ဆန်းတစ်ခု မက်ပြန်လေ၏။

အိပ်မက်ထဲမှာ အဝတ်ဖြူဝတ်ထားသည့် အသက်(၉၀)ခန့် အဘိုးအိုတစ်ဦးရယ်။ ပိတ်ဖြူခေါင်းပေါင်းနှင့် ပါးရေနားရေတွန့်လို့။ အဘိုးအိုကြီးက တက်လူကို ပြောနေ၏။

"လူကလေး . . . မောင်တက်လူ"

"ဗျာ"

"လူကလေး . . . အရက်ဖြတ်လိုက်တော့"

"မ . . . မ . . . .မဖြစ်ဘူး အဘိုးရေ၊ လုံးဝ မဖြစ်ဘူး"

"ဘာလို့မဖြစ်ရမှာလဲ၊ ဖြစ်အောင်လုပ်ရင် ဖြစ်ကိုဖြစ်တယ် ကွယ့်"

"မဖြစ်ပါဘူး . . . အဘိုးရာ"

"ဘာလို့"

"ကျွန်တော် ညွန့်မေကို လွမ်းလို့၊ ပြီး . . . ပြီး သူငယ်ချင်း အိုလည်း အရက်တိုက်ပြီး သူနဲ့ အတူသောက်ချင်လို့"



www.burmeseclassic.com

www.burmeseclassic.com



"မလုပ်ကောင်း မကြံစည်ရာကွယ်။ ဒီမှာ . . . လူကလေး၊ အရက်ဖြတ်တဲ့နေ့ ကြီးပွားချမ်းသာရမှာကွ"

"ဗျာ . . . , အရက်ဖြတ်တဲ့နေ့ ကြီးပွားချမ်းသာမယ်။ အဘိုးက ဘယ်လိုလုပ် သိနေလို့လဲ။ ဒါနဲ့ အဘိုးက . . . အဘိုးက ဘယ်သူလဲ ဟင်"

"အဘိုးက အဘိုးပေါ့ကွာ။ အရက်သာဖြတ်ဖြစ်အောင် ဖြတ်ကွာ။ ငါ့သား ချမ်းသာရစေမယ် . . . သွားပဟော့"

"အဘိုး . . . အဘိုး"

အဘိုးအိုက သူပြောချင်တာကို ပြောပြီးပြန်လှည့်ထွက်သွား၏။ မိုးလင်း၍ အိပ်ရာကနိုးတော့ သူ ၎င်းအိပ်မက်ကို စဉ်းစား၏။ အရက်ဖြတ်တဲ့နေ့ ကြီးပွားချမ်းသာမတဲ့။ ကြံကြီးစည်ရာ၊ ဘယ်သူမျှ အလုပ်မခန့်တော့တဲ့ကောင်။

သူများပေးစာကမ်းစာ စားနေတဲ့ကောင်။ အမေမုဆိုးမကြီး ရှာကျွေးတာစားနေတဲ့ ရင်ကွဲအသည်းကြွေ အရက်သမား။ ဘယ့်နှယ် အရက်ဖြတ်ရုံနဲ့ ချမ်းသာရမှာလဲ . . . ဗွီ။

\+ \+ \+ \+ \+ \+ \+ \+

(၆)

အရက်ကို သောက်လွန်းလို့လား မသိ။ လူက ပိန်ညှောင် ညည်းသိုး မိုက်ပူမျက်နှာကား ဖြစ်လာ၍ အရင်က သူအရက်ကို တစ်ပိုင်း ဝဲသောက်သည်။ အခု . . . ခင်ရွှေအတွက်ပါ သောက်နေ၍ အရက်က တစ်လုံးကုန်၏။

ခင်ရွှေကလည်း အပြင်မှာ ကိုယ်ထင်သာမပြတာ အိပ်မက် ထဲမှာတော့ ကျေးဖူးတင်စကားတွေ ဖောင်လောက်အောင် ပြောပြီး ဝမ်းကိုသာလို့။ သူငယ်ချင်းဝမ်းသာ၍ သူပျော်၏။

တစ်ခါတစ်ခါ မိုက်မိုက်ကန်းကန်း စဉ်းစား၏။ သူငယ်ချင်း ခင်ရွှေနှင့်အပြီးတိုင် အတူနေရလျှင် ဒီထက်များပို၍ ပျော်စရာကောင်း သေမလား။

အို . . . ငါ့အမေအိုကြီး ရှိနေပါသေးလား။

အမေဆိုသည့် အသိကလေး လှစ်ခနဲဝင်လာ၍ ခင်ရွှေနှင့် အပြီးတိုင်နေလိုသည့် ဆန္ဒကိုလျှော့ချပြီး ညောင်ပင်အောက်မှာသော



www.burmeseclassic.com

www.burmeseclassic.com



အရက်သောက်လေ့ရှိတော့၏။

အမေ့ကိုတော့ ချစ်သည်။

အမေသည် သစ္စာမဲ့သူ မယားချော ချောညွန့်မေထက် သူ့လို မှူးအပေါ် အကြင်နာမေတ္တာပိုသည်။ ကရုဏာ ရှွန်းစိုသည်။ အမြဲ သည်းခံသည်။ နေ့စဉ် မလှကျေး သဒ္ဒါလို့ပေးသည့် အကြော်လေး တစ်ခုအစား သူအာဟာရပြည့်ဝသည့်အစာများ ကျွေးချင်လိုက်တာ။

သို့သော် . . . ဘဝမှာ အရက်က ကုပ်ပေါ်ခွစီး၍ ရုန်းလို့ မရ။

တစ်ညှ . . . အဘိုးအိုက အိပ်မက်ပေးပြန်၏။

"ဟော့ကောင် . . . လူမိုက်"

"ဟာ . . . အဘိုးပါလား၊ လာ . . . အဘိုး"

"မင်းအရက်ဖြတ်တော့၊ မိဘကျေးဇူးကို ဆပ်တော့"

"ပိုက်ဆံမှမရှိပဲ အဘိုးရယ်"

"မင်းကို ငါပြောသားပဲ လူမိုက်ရဲ့။ အရက်ဖြတ်တဲ့နေ့ မင်း ချမ်းသာပါပြီဆို"

"ဒါ အဘိုးက ဘယ်လိုလုပ်သိလို့လဲ"

"တယ်ခက်တဲ့ ကောင်ပဲကိုးကွာ။ အရိပ်ပြလို့လည်း အကောင် မဆင်ပါလား လူမိုက်ရယ်"

"အဘိုး . . . ဘယ်သူလဲ"

ဒီမှာပဲ အဘိုးအိုက လွယ်အိတ်ကြီးထဲ လက်နှိုက်ပြီးနောက် သူ့ရှေ့မှာ ဖြန့်ပြလိုက်၏။

"ဒါ ဘယ်သူ့ပစ္စည်းတွေလဲကွ"

"ဟင်"

"ဒါ အဘိုးလက်ထဲရှိတာ အဘိုးပစ္စည်းပဲပေါ့"





"ငါ့ကို ဒီအကြော်တွေ . . . ငါ့ ဘယ်သူပေးတာလဲ . . . သိလား"

"ဟင့်အင်း"

"မင်းကွ . . . ငနွားရဲ့ မင်း . . . မင်း"

"ဟင်"

ဒီမှာပဲ အဘိုး အကြော်များကိုင်ရင်းမှ ဖြုန်းခနဲ ပျောက်သွား ၏။ တက်လူချက်ချင်း အိပ်ရာမှလန့်နိုးသွား၏။ သူ့ရင်ခေါင်းမှာ အရက် အဆာကြောင့် ပူနေ၏။ သူ့ရေအိုးစင်မှ ရေတစ်ခွက် ခပ်သောက်ပြီး နောက် အိပ်မက်ကို ပြန်စဉ်းစား၏။

"ဒီ . . . အကြော်တွေ . . . ငါ့ . . . ဘယ်သူပေးတာလဲ . . . သိလား"

"မင်းကွ . . . ငနွားရဲ့ မင်း . . . မင်း"

သူ တရိပ်ရိပ် ပြန်စဉ်းစား၏။ တရေးရေး ပေါ်လာ၏။ ဟုတ် ပြီ . . . ဒါ . . . ဒါ သူညောင်ပင်ကြီးက ရုက္ခစိုးကြီးကို ရည်မှန်း၍ ရည်စူး၍ နေ့စဉ် တစ်ခုတစ်ခု လှူခဲ့သည့်ကပ်ခဲ့သည့် အကြော်များ။

"ဟင် . . . ဒါ . . . ဒါဆို၊ ဒါ . . . ဒါ အဘိုးရုက္ခစိုးကြီးများ လား။ အို . . . ဖြစ်နိုင်တယ်။ ဒါ . . . ဒါ အဘိုးရုက္ခစိုး။ ဟာ . . . ဆန်းကြယ်လိုက်တာ"

အမေအိုကြီးက သားလုပ်သူရဲ့ ယိုင်ယဲ့ယဲ့ ခန္ဓာကိုယ်ကို ကြည့်ပြီး အရက်ဖြတ်ပါသားရယ်ဟု မျက်ရည်စမ်းစမ်းနှင့်ပြော၏။

အိပ်မက်ထဲ ရောက်ပြန်တော့ ကွယ်လွန်သူ သူငယ်ချင်း ခင်ရွှေက နက်ဖြန်လည်း အရက်ယူခဲ့ဦးနော်ဟု ပြော၏။

ပြီး–ပိတ်ဖြူစင်ကြယ်ဝတ် အဘိုးသူတော်စင်လိုလို (ရုက္ခစိုး



www.burmeseclassic.com

www.burmeseclassic.com



လိုလို) ပုဂ္ဂိုလ်ကလည်း အရက်ဖြတ်လိုက်။ ဖြတ်တဲ့နေ့ မင်းချမ်းသာပြီတဲ့။

သူ့အမေ မှုဆိုးမအိုကြီးကို သနားသည်။ ပြီး . . . နေ့စဉ်အကြော်နှစ်ခုပေးနေသည့် အကြော်သည် သူဆိုင်းရဲမလေး 'မလှကျေး' ကလည်း 'အစ်ကိုတက်လူရယ် . . . အရက်ကို ဖြတ်ပါတော့'တဲ့။ နေ့စဉ်အကြော်ပေးရင်း ကရုဏာစကား ဆိုရှာခဲ့သည်။ ဖြတ်လို့ရပါ့မလား။ အိပ်မက်ထဲက အဘိုးအိုက 'ဖြတ်ရင်ရတယ်' လို့ ပြောဆိုဆုံးမ၏။

"ဖြတ်ကြည့်မယ်ကွာ"

"ငါ အရက် ဖြတ်ကြည့်မယ်ဟေ့" သူ ဒီနေ့ကစ အရက်ကို ဖြတ်လိုက်သည်။ အရက်ဆိုင်ကို မသွားဟု သန္နိဋ္ဌာန်ချလိုက်ပြီး အိမ်ထဲမှာပဲ ထိုင်နေလိုက်သည်။

သောက်ချိန်တန်၍ မသောက်ရတော့ ရင်ခေါင်းထဲ ပူလာသည်။ အောင့်လာသည်။ သူ အံကြိတ်ပြီး ရေချည်းပဲ သောက်နေလိုက်၏။

ဒါကို အမေမြင်တော့ အံ့ဩသွား၏။

"မင်း . . . အရက်ဆိုင်မသွားတော့ဘူးနော် သား"

"အင်း . . . အင်း . . . အား . . . မ . . . မသွားတော့ဘူး"

"အို . . . အမေ ဝမ်းသာလိုက်တာ သားရယ်"

ဒီမှာ အမေက အိပ်ရာထဲလှဲပြီး လူးလွန့်နေသည့် သူ့ကို ဆန်ပြုတ်တိုက်သည်။ ဆံပြုတ်က ပါးစပ်ထဲမဝင်။ ပြန်အန်သည်။ အူကလီစာများ ပြုတ်တော့မလား ထင်ရ၏။ ခြေလက်များ တုန်ယင်နေသည်။ သူမနေနိုင်သည့်အဆုံး အရက်ဆိုင်ရှိရာသို့ တရကြမ်း ပြေးလာလိုက်သည်။ သူငယ်ချင်း သောက်ဖော်များက သူ့ကို ဝမ်းသာအားရ





ခေါ်ကြသည်။ သူအရက်ဆိုင်ထဲ ဝင်မလို့လုပ်ပြီးမှ ချာခနဲလှည့်၍ ပြန်ပြေးထွက်လာလိုက်သည်။

မကြာခင် အဘိုးရုက္ခစိုး ညောင်ပင်အောက်မှာ မောဟိုက်၍ လဲကျသွား၏။

ခေါင်းတွေမူးပြီး ချာချာလည်နေသည်။ အဘိုးရဲ့ ဘွဲ့ဖြူဝတ်ပုံရိပ်ပေါ်လာသည်။ ခင်ရွှေကြီးရဲ့ မျက်နှာပေါ်လာသည်။ အဘိုးက "တောင့်ထားလူလေး . . . ဒါမှ ယောက်ျား" ဟု သတိပေး၍ ခင်ရွှေကြီးက "ငါ့ဆီကိုလာခဲ့ . . . ငါနဲ့အတူ . . . လာနေလှည့်" ဟု ဆွဲဆုရင်း ခေါ်နေသည်။

ဒီမှာလည်း မေ့ခနဲ။

တတိယမြောက်နေ့မှာ သူရင်ခေါင်းထဲမှ သေမတတ် အောင့်သွန်းလှသည့် ဝေဒနာကို မခံစားနိုင်သည့်အဆုံး ဖြစ်ချင်ရာဖြစ်၊ အမေ့ရဲ့ စဘူးလေးကိုခွဲပြီး ရသမျှပိုက်ဆံများကိုယူ၍ အရက်ဆိုင်သို့ ပြေးခဲ့လိုက်သည်။

အရက်တစ်လုံးကို အလျင်အမြန်ဝယ်လိုက်ပြီး သူငယ်ချင်းကွယ်လွန်ရာ ညောင်ပင်အောက်သို့ ပြေးလာခဲ့လိုက်သည်။ သူငယ်ချင်းမျှော်နေရှာရော့မည်လေ။ သူအရက်ပုလင်းဖော့ဆိုကို လျင်မြန်စွာဖွင့်လိုက်သည်။

သင်းပျံ့သော အရက်နံ့က နှာဝကို အပြုးနှင့် ဝင်လာ၏။ ဒီမှာလည်း သူ့နောက်မှ ခြေသံများကြားရ၏။ ပြီး . . . ရယ်သံလိုလိုကြားရသည်။ စူးထောင်းလှသော အရက်နံ့ကိုရသည်။

သူ ကျောထဲမှ ဖြန်းခနဲ ကြက်သီးထ၍ ခေါင်းများ မကြီးရေး ကြီးသွား၏။



www.burmeseclassic.com

www.burmeseclassic.com



သည့်နောက် ကြောက်စိတ်လျော့သွားစေရန် ပါးစပ်ဝသို့ အရက်ပုလင်းကို တေ့လိုက်သည်။

အရက်ပုလင်းကို တစ်စုံတစ်ယောက်က လုမ်းဆွဲသကဲ့သို့ ခံစားလိုက်ရ၏။

''မသောက်နဲ့''

''ဟင်''

''မင်းချမ်းသာတော့မှာ''

''အလို . . . ဘယ်က အသံပါလိမ့်''

လူမတွေ့ရဘဲ အသံကို နားထဲမှာ ကြားနေရ၏။ အသံက အိပ်မက်ထဲက ထူးဆန်းသော အဘိုးအိုရဲ့အသံ။ သူ . . . ငိုင်သွားသည်။ လေတိုက်သံများ ကြားရ၏။ ညည်းသံလိုလိုလည်း ကြားရ၏။ အပုပ်နံ့ကားပို၍ ရူးဝါးဆိုးရွားစွာ နံဟောင်နေ၏။

''ကိုင်းဟာ''

''ခွမ်း''

သူ အရက်ပုလင်းကို ညောင်မြစ်ပေါ် ရိုက်ချလိုက်သည်။ အရက်ပုလင်းသည် ခေါင်းပြတ်၍ အစိတ်စိတ်အမွှာမွှာကွဲပြီး အရက်များ ညောင်မြစ်နှင့်မြေပြင်ပေါ်မှာ စီးကျသွားသည်။

သည့်နောက် နေရာမှ ဝုန်းခနဲ ထရပ်လိုက်ပြီး ပုလင်းခေါင်းပြတ်အချွန်ကြီးကို ဆုပ်ကိုင်၍ ရုက္ခစိုးနတ်ကွန်းရှိရာ ညောင်ပင်သို့ တရကြမ်း ပြေးလာလိုက်၏။

လမ်းသွားလမ်းလာများက ပုလင်းခေါင်းပြတ် အချွန်ကြီးကိုင်ပြီး ဆံပင်စုတ်ဖွား ပုဆိုးအောက်နားကွဲနှင့် တရကြမ်းပြေးနေသော သူ့ကို တွေ့ကြသောအခါ ရန်ဖြစ်လာသည်မှတ်၍ ကြောက်လန့်ပြီး ပြေးကြ





ရှောင်ကြ အော်ဟစ်ကြ၏။

အကြော်ဆိုင်မှ မလှကျေးကလည်း . . .

''အစ်ကို . . . ဘာဖြစ်လို့လဲ၊ ရန်ဖြစ်နေတာလား . . . မလုပ်နဲ့''

''အစ်ကိုတက်လူ . . . မလုပ်ပါနဲ့''

သူ ဘယ်သူ့ကိုမျှ လှည့်မကြည့်။ ရုက္ခစိုးညောင်ပင်အောက်သို့ ရောက်သောအခါ နတ်ကွန်းကို မျက်လုံးပြူးပြူးရဲရဲကြီးနှင့် ကြည့်ပြီး –

''အဘိုး . . . အဘိုး''

''ကျုပ် . . . ကျုပ် အရက်ဖြတ်လိုက်ပြီ ခင်ဗျ။ ဒီ . . . ဒီနေ့ အရက်လုံးဝ ပြတ်သွားပြီ။ ကျုပ် . . . ကျုပ် အရက်ကို အနိုင်ရလိုက်ပြီ။ အရက်ပေါ် အနိုင်ရလိုက်ပြီ အဘိုးရေ၊ ဟား . . . ဟား . . . ဟား . . . ဟား၊ ဟီး . . . ဟီး . . . ဟီး . . . ဟီး၊ ဟား . . . ဟား . . . ဟား . . . ဟား''

သူ . . . အရူးတစ်ယောက်လို အော်ဟစ်ရယ်မောလိုက်ပြီးနောက်–

''အဲဒါ ငါကွ . . . ငါကွ၊ တက်လူကွ . . . တက်လူကွ''

''ကိုင်း . . . ကိုင်း''

''ကဲကွာ . . . ကဲကွာ''

ဝမ်းသာအားရဖြစ်ပြီး လက်ထဲက ပုလင်းခေါင်းပြတ်အချွန်နှင့် ရုက္ခစိုးနတ်ကွန်းရှေ့က မြေပြင်ကို လေးငါးဆယ်ချက် ဆောင့်၍ ဆောင့်၍ ထိုးစိုက်ချလိုက်သည်။

''ငါကွ''



www.burmeseclassic.com

www.burmeseclassic.com



"တက်လူကွ"

"အရက်ကို ငါ နိုင်ပြီကွ . . . တက်လူကွ"

"စုပ်"

"စွပ်"

"ဒုတ်"

"ဟင်"

"ကိုင်းကွာ"

"ဒုတ်"

"အလို . . . ဘာပါလိမ့်"

သူ မှုးကြောင်ဝမ်းသားအားရနှင့် ရကွဲစိုးနတ်ကွန်းရှေ့မှာ သက်သေပြကြောင်းကို ပုလင်းခွံနှင့် ဆယ်ချက်ခန့် အဆက်မပြတ် ထိုးလိုက်သောအခါ မြေကြီးများ မွမွကြကျန်ရာမှာ အမာခံတစ်ခုကို ထိုးမိသွား၏။

သို့နှင့် ဘာပါလိမ့်ဟု သိချင်ဇောဖြင့် မြေကြီးများကိုယက်ပြီး ဖယ်လိုက်သောအခါအထဲမှ ခုံးခုံးအရာတစ်ခု ပေါ်လာ၏။

ဒီမှာ သိချင်ဇောနှင့် ဘေးနူတ်ခမ်းသားများကို ပုလင်းချွန်နှင့် တူးဆွယက်ဖော်လိုက်သောအခါ –

"အလို . . . စဥ့်အိုးလေးပါလား"

သူ စဥ့်အိုးလေးကို ဖော်လိုက်သည်။ ဟင်းသောက် ပန်းကန် လုံးခန့်ရှိသော အဖုံးပိတ် စဥ့်အိုးလေးပေါ်လာသည်။

ဒီနောက် စဥ့်အိုးလေးအဖုံးကို ပုလင်းချွန်နှင့် ကလော် လိုက်သောအခါ –

"ဟာ"

---

စိတ်ကူးသစ်စာပေ



"ဘုရား . . . ဘုရား"

"ရွှေ . . . ရွှေဒင်္ဂါးတွေ . . . ရွှေဒင်္ဂါးတွေ" သူ ဝမ်းသာအားရ နှင့် စဥ့်အိုးလေးကိုပိုက်ပြီး အဘိုးရကွဲစိုးနတ်ကွန်းကို ဦးသုံးကြိမ်ချကာ အိမ်ရှိရာသို့အားသွန်၍ ပြေးလာခဲ့လိုက်လေသည်။

+ + + + + + +

www.burmeseclassic.com

www.burmeseclassic.com



(၇)

သုံးရက်မြောက် အရက်ဖြတ်သည့်နေ့ကစ၍ တက်လူ့ရွှေအိုးရှပြီး ချမ်းသာခဲ့ရ၏။ အမေလည်း ဝမ်းသာလို့မဆုံး။ ကြားရသူများလည်းအံ့ဩလို့မဆုံး။

တက်လူတို့အိမ်မှာ လူများ အုံ့ပိုင်းနေကြ၏။ တစ်ယောက်တစ်ပေါက် မေးကြမြန်းကြ၏။ တက်လူက အိပ်မက်ဆန်းနှစ်ခုအကြောင်းကို ပြောပြတော့ ကြားရသူတိုင်း စိတ်ဝင်စား၍ ငိုင်သွားကြ၏။

ဒီနေ့တက်လူသည် အရက်သမား တက်လူမဟုတ်တော့။ ကြေးရတတ် လူချမ်းသာလေး တက်လူဖြစ်သွားခဲ့ပြီ။

ဒီမှာ လုပ်ငန်းသုံးခုကို ရှေ့ဆင့်နောက်ဆင့် အကောင်အထည်ဖော်ခဲ့လိုက်သည်။ ပထမလုပ်ငန်းက အကောင်းဆုံး လက်သမားကိုခေါ်၍ အဘိုးရုက္ခစိုးနတ်ကွန်းကို လှလှပပ ခံ့ခံ့ညားညားဆောက်ပြီး ရွှေပိန်းချလိုက်သည်။ ပန်း၊ ရေ၊ ဆီမီး၊ သစ်သီး နေ့စဉ်မပြတ်အောင် ကုသိုလ်ပြုလိုက်သည်။ ပြုသမျှကုသိုလ်ကို နေ့စဉ်အမျှဝေသည်။

ဒုတိယလုပ်ငန်းက –





မကျွတ်မလွတ်ဘဝရောက်ပြီး အရက်ဆာနေသော သူငယ်ချင်းခင်ရွှေကြီးအတွက် ဘုန်းကြီးငါးပါးပင့်၍ သူကွယ်လွန်သည့် ညောင်ပင်အောက်မှာ သင်္ဃိကတရဆွမ်းကပ်လှူပေးခဲ့သည်။ ရဟန်းသံဃာများကို ခင်ရွှေ့ကိုယ်စား သင်္ကန်း၊ ထီး၊ ဖိနပ်၊ ယပ်မှသည် ဝတ္ထုငွေများ ကပ်၍ ခင်ရွှေ့ကို အမျှဝေခဲ့သည်။

ထိုနေ့က ပုပ်စော်နံ့ဟောင်လှေ့ရှိသော ညောင်ပင်သည် အမျှဝေ၍ သာဓုခေါ်ပြီးကြသောအခါ မွှေးကြိုင်သော ပန်းရနံ့လို အနံ့မျိုး သင်းထုံနေသည်ကို တရားနာသူများအားလုံး ထူးဆန်းစွာ ကြုံတွေ့ခဲ့ရသည်။

တတိယလုပ်ငန်းကား –

အိမ်ကောင်းကောင်းတစ်လုံး ကျကျနနဆောက်ပြီးနောက် အမေ့စိတ်ကြိုက် အလှူများကို ပြုလုပ်လှူဒါန်းစေပြီး –

တက်လူက –

မိန်းကလေးတစ်ယောက်ကို ထိုနေ့ လူစုံရာ ရှေ့မှောက်မှာ လက်ဆွဲ၍ ခေါ်လာခဲ့လိုက်၏။

ထိုမိန်းကလေးကား ရှက်ရွံ့ဝမ်းသာသော မျက်နှာလေးနှင့် တက်လူရဲ့လက်ကို အားကိုးတကြီး ဆုပ်ကိုင်ထားသော အကြော်သည် မလေး မလှကျေးတည်း။

✢ ✢ ✢ ✢ ✢ ✢ ✢

မောင်ညိုမှိုင်း (သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# လေဆင်နှာမောင်း

(၁)

''ဝဋ်ဟာ အလွန်ကြောက်မက်ဖွယ်ကောင်းတယ် မောင်ညိုမှိုင်းရဲ့။ ဝဋ်ဟာ တစ်ဖန် ပြန်လည်တဲ့သဘောရှိတဲ့ ဘဝသံသရာထဲက အစိတ်အပိုင်းတစ်ခုပဲ။ ကံလို့ခေါ်တဲ့ အပြုအမူကြောင့် တန်ပြန်တူညီ ခံစားရတာကိုခေါ်တာ။ ရှေးကစကားတစ်ခု ငါ့လူကြားဖူးမှာပေါ့။

''ရှေးက ဝိပါက် (၇)ရက်၊ အခုဝိပါက် ဒူးခေါက်ကတက်တဲ့။ ကောင်းတာလုပ်ရင် ကုသိုလ်၊ မကောင်းလုပ်ရင် အကုသိုလ်၊ တရားမျှတ





တာလုပ်ရင် မမှု၊ မတရားတာလုပ်ရင် အမှုပဲ။ သာမန်လူ မဆိုထားနဲ့ ကွာ၊ တို့ဘုရားရှင် ကိုယ်တော်မြတ်ကြီးတောင်မှ ဝိပါကဝဋ်ကြွေးကို သံသရာမှာ အကြွေး ဆပ်ခဲ့ရသေးသကိုး။ ငါ့လူက စာရေးဆရာဆိုတော့ ဒီအကြောင်းမျိုးတွေ သိချင်ရေးချင်နေမှန်း အဘ သဘောပေါက်နားလည်ပါတယ်။

''အခုပြောပြမှာ အဘတို့ ကိုယ်တိုင်ကြုံတွေ့ခဲ့ရတဲ့ ပစ္စုပ္ပန်လောက ဝဋ်ကြွေးတစ်ခုအကြောင်းပဲ။ ငါ့လူ ရေးလို့ရမယ်ဆိုရေးပေါ့''

ဒီမှာပဲ အသက်ကိုးဆယ်ခန့်ရှိ ဘကြီး ဦးနောင်ကုလားခေါ် အဘိုးအိုက သူတို့ပျို့ရွယ်စဉ်က ကိုယ်တွေ့ကြုံခဲ့ရ ဖြစ်ရပ်ဆန်းကြယ်ဇာတ်ကို ကျွန်ုပ်အားပြန်ပြောပြခဲ့လေသည်။

\+ + + + + + +

www.burmeseclassic.com

www.burmeseclassic.com

## (၂)

ဒီအရပ်နာမည်က အလွန်ဆန်းကြယ်သည်။

နွားငွေ့ကုန်းရပ်ကွက်ဟု ခေါ်၏။ အင်္ဂလိပ်အစိုးရ အုပ်ချုပ်ခါစမှာ ရပ်ကွက်များကို အခြေတကျ မတည်သေး။ ဟိုနားဆယ့်ငါးအိမ်စု၊ ဒီနားအိမ်နှစ်ဆယ်စုနှင့် စုပေါင်းနေထိုင်စဉ် အခြေအနေမျိုးဖြစ်သည်။

နွားအငွေ့ကြမ်းသည့်ကုန်းမှာ အိမ်စုစုဝေးဝေးလေး ပေါ်လာသောအခါ ထိုအစုအကွက်ကို နွားငွေ့ကုန်းရပ်ကွက်ဟု နောက်ဆုံးခေါ်လိုက်ကြပြီး အတည်ပြုခဲ့ကြလေသည်။

၎င်းနွားငွေ့ကုန်းရပ်ကွက်သည် မြို့စီရင်စုဧရိယာထဲ ပါဝင်၏။ မြို့သစ်၊ မွန်စု၊ ပဲခူးစု၊ ထန်းပင်ကုန်း၊ အုတ်ဖိုစု၊ အမှိုက်ပုံရပ်ကွက်၊ အလီမူလာကုလားချစ်တီးနေပြီး ဘိန်းစား၊ အရက်သမား၊ မကောင်းသောမိန်းမများ ကျက်စားနေထိုင်သည့် ရပ်ကွက်ကို 'အလီမူလာရပ်ကွက်' ဟု ခေါ်ကြ၏။

မြို့လယ်မှာ ဈေးကြီးရှိသည်။





အသံတိတ် ရုပ်ရှင်ရုံရှိသည်။

သဲပုံစေတီတစ်ဆူရှိသည်။

မြို့ဈေးသို့ မြို့နှင့်အလှမ်းဝေးသောရွာများက အသီးအနှံ၊ သားငါးများ လာရောက်ရောင်းချကြ၏။

အဲဒီဈေးမှ နာမည်ကြီးဈေးသည်ကား 'မစိန်မျက်ခုံး' ဖြစ်၏။ နွားငွေ့ကုန်းသူဖြစ်၏။ သူမသည် ငါးရောင်း၏။ အများက ရွံရှာလွန်း၍ ငါးသည်ဟုမခေါ်။ ငါးစိမ်းသည်မဟု ပိုးစိုးပက်စက်ခေါ်၏။

နှုတ်အာကြမ်းတမ်းသည့်နေရာမှာ ယောကျ်ားသားများပင် နားပိတ်ထားရ၏။

မျက်ခုံးမွေးကို နက်ထူကော့နေအောင် လက်ဖက်စိမ်း၊ ကွမ်းနှီးနှင့်ဆွဲထား၊ လူတစ်ကိုယ်လုံးမှာ မျက်ခုံးမွေးထင်ရှားသောကြောင့် မစိန်မျက်ခုံးဟုခေါ်၏။

နာမည်ရင်းကား မစိုးဟူသတည်း။

ဒါပေသည့် မစိုးအမည်ပျောက်ပြီး စိန်မျက်ခုံးဟူသော ဈေးသူဈေးသားရောင်းဖော်များ၊ ဈေးဝယ်များက အသိအမှတ်ပြုကြ၏။

အသက်က (၁၉)နှစ်ခန့်ရှိ၏။ အသားဖြူ၏။ ကိုယ်လုံးကိုယ်ပေါက် ဖြောင့်စင်းတောင့်တင်း၏။ ရုပ်ရည်လည်းသင့်တင့် ချောမော၏။

သို့သော် ရက်စက်ကြမ်းတမ်းရာမှာ ကမ်းကုန်သတည်း။

သူမသည် ဤ (—) ဈေးမှာ ငါးရောင်း၏။ ဈေးရောင်းမကောင်းလျှင် ဟိုလူ့မဲ၊ ဒီလူ့မဲပြီး ဈေးဖန်းထဲမှာ ခုန်နေသော ငါးရံ့၊ ငါးခူများကို တုတ်တိုနှင့် အသားလွတ်ရိုက်သတ်နေ၏။ သူမနှင့် နီးကပ်သည့် ငါးစိမ်းသည်များ ဈေးဗန်းမှခုန်နေသည့်ငါးများကို မြင်လျှင်—

"ဒီငါးက ဖိုးကျိုင်းလိုပဲ ထောင့်မကျိုးဘူး သေဟဲ့"

www.burmeseclassic.com



"ဂွစ်"

"ဟိုငါးက မိပြားလိုပဲ၊ နန့်တန့်တန့် ပျံတန်တန် ကြည့်လို့ကို မရဘူး သေ"

"ဖောင်း"

"ဂွပ်"

"ဟဲ့ . . . မိန်းမ စိန်မျက်ခုံး၊ ညည်းကလည်း အလကားနေရင်း အကုသိုလ်များတယ်။ ညည်းလက် အငြိမ်မနေနိုင်ဘူးလား"

ငါးစိမ်းသည်ချင်း ဖြစ်သော်လည်း မခါးကြီးတို့၊ မအိမ်ကျယ်တို့က ဒီလောက်မကြမ်း။ အမြင်မတော်တော့ပြောရသည်။

"အကုသိုလ် ဟုတ်လား။ ဒီမှာ အိမ်ကျယ်၊ ညည်းလည်း ဝယ်သူလာရင် ဒီငါးသတ်ပေးရမှာပဲ။ ညည်းနဲ့ငါ အကုသိုလ်လုပ်တာချင်း အတူတူပဲအေ့။ စောတာနဲ့ နောက်ကျတာပဲ ကွာတယ်။ ကြည့်မရလို့အေ့ . . . ကိုင်း"

"ဟဲ . . . မျက်ခုံးရဲ့၊ ကြည့်မရအောင် ဒီငါးက ညည်းကို ဆဲနေလို့လား"

"ငါးက ဟိုငရုတ်သီးမှုန့်သည် မိပြားလို ပျံတန်တန် နန့်တန့်တန့်မို့ ကြည့်မရလို့တော့"

"အဲဒါဆို နင် ဒီငါးကို မရိုက်ဘဲ မိပြားကို သွားရိုက်ပါလား ဟဲ့"

"ခွင့်မကြုံသေးလို့ပေါ့အေ။ ခွင့်ကြုံရင် စိန်မျက်ခုံးအကြောင်း ညည်းတို့ သိရမှာပါ။ သင်းလို မိန်းမကို ကြည့်မရတာကြာပြီအေ့"

"အကုသိုလ်ကို များပါတယ်တော်။ နင်တစ်နေ့ ခံရမယ်နော် မျက်ခုံး"

---

စိတ်ကူးသစ်စာပေ



"ရယ်တာပေါ့အေ့၊ အဟာစ် . . . ခစ် . . . ခစ် . . . ခစ် . . . ဟစ်"

ပြောရလျှင်–

စိန်မျက်ခုံးကား သို့ကလို မိန်းမတည်း။

✤ ✤ ✤ ✤ ✤ ✤ ✤

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

(၃)

ငါးစိမ်းသည်ချင်းတူသော်လည်း သူမတို့သည် စိန်မျက်ခုံး လိုမစွာကြ။ နှုတ်သီးကောင်း လျှာပါးသိပ်မကဲကြ။ ရန်ဖြစ်လျှင် လက် ကအရင် မပါကြ။ စကားများလျှင် ဒူးပေါ်ပေါင်ပေါ် လုပ်မပြရဲကြ။

သို့သော် –

စိန်မျက်ခုံးကား အကုန်လုပ်၏။

ပြိုင်ဘက်ရန်သူကို တစ်ခါတည်းနှင့် အရှက်ကွဲအောင် ဦးကျိုး သွားအောင် ပြု၏။

တစ်ခါများ –

တောက ဈေးလာရောင်းသည့် ငါးသည်မတစ်ဦးနှင့် စကား များကြ၏။ တောငါးသည်မလေးက သူမနှင့် ယှဉ်လျက်မှာ လာရောင်း ခြင်းဖြစ်၏။

အလေးမှန်ဈေးမှန်၍ လည်းကောင်း၊ အပြောအဆို ယဉ်ကျေး ၍လည်းကောင်း၊ သာသာထိုးထိုးလေး ရောင်းပေး၍လည်းကောင်း သူမ





မှာ လက်မလည်အောင် ရောင်းရ၏။ ဒါကို ဈေးအရောင်းထိုင်းနေ သည့် စိန်မျက်ခုံး လုံးဝကြည့်မရတော့။

ဒီတော့ သူမရဲ့ ငါးဗန်းနှင့် တောသည်မလေးရဲ့ ယှဉ်လျက် ငါးဗန်းကိုတွန်းထိုးပြီး အသားလွတ်ရန်ရှာကာ အော်ကြီးဟစ်ကျယ် ရန်လုပ်တော့၏။

တောသည်မလေးက 'ကျွန်မလုပ်တာမဟုတ်၊ အစ်မလုပ် တာ။ မယုံရင် ဈေးဝယ်များ မေးကြည့်' ဟု သက်သေထူ၏။

"အံမာ . . . ညည်းလိုမိန်းမကများ ငါ့ကို အာခံအာပြန်လို့ စိန်မျက်ခုံးတဲ့ဟေ့ . . . ကိုင်းဟာ"

ဒီလိုပြောဆိုပြီး တောသည်မလေးရဲ့ ဈေးဗန်းကို မှောက်လှန် ပွတ်ပစ်လိုက်၏။ ငါးများ မြေပြင်မှာ ပြန့်ကျဲကုန်သည်။ အလေးနှင့် ချိန်ခွင်များ လွင့်စဉ်သွားသည်။

ဒီမှာ တောသည်မလေး ဒေါသများပေါက်ကွဲပြီး ထဘီကိုတိုတို ဝတ်၍ ရန်တွေ့၏။ သူမနှင့် ပါလာသည့်မောင်ငယ်လေးက ကြောက် လန့်၍ ငို၏။

ဒါမျိုး ကြုံချင်လို့ ခွင်ဆင်လိုက်သည့်စိန်မျက်ခုံးက သူမကို ချဉ်လုံးလိုက်သည်။ မည်သူမျှ ဝင်ဖျန်ဖြေလို့မရတော့။

တောငါးသည်လေးကလည်း အာဂသတ္တိခဲ။

ကျန်ဈေးသည်များထဲက သက်ကြီးများက ဝင်ဖျန်ဖြေသည်။ ကြမ်းတမ်းရိုင်းစိုင်းသော စိန်မျက်ခုံးက–

"မဆိုင်ရင် ဝင်မပါနဲ့၊ အလေးစာမိသွားမယ်။ စိန်မျက်ခုံး ပြောတော့"

ပွဲက သိပ်မကြာပါ။



www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း စိန်မျက်ခုံးက တောသည်မလေးရဲ့ဆံပင်ကို စုရစ်ပြီး ပါးနားကို ရိုက်သည်။ (ကန်တော့ပါရဲ့) ထဘီကို ကျွတ်ကျအောင်လုပ်သည်။ နောက်ဆုံးတော့ ငါးသည်မိန်းကလေး မြင်မကောင်း ရှုမကောင်း အရှက်ကွဲပြီး ခေါင်းခုပုဆိုးနှင့်ကိုယ်ကိုပတ်ပြီး ပြေးရတော့၏။

ဒါတောင် ဈေးခေါင်းများအဖွဲ့ရောက်လာပေလို့။ နို့မို့ တောငါးသည်မလေးဘဝ မည်သို့ရှိမည်ကို စဉ်းစားလို့မရ။ ဈေးခေါင်းများက စိန်မျက်ခုံးကို ဈေးခေါင်းရုံးသို့ ခေါ်သွားခဲ့ကြသည်။

စိန်မျက်ခုံးကား –

ဈေးသည်ချင်းကိုဖြစ်စေ၊ ဈေးဝယ်သူကိုဖြစ်စေ အလေးခိုး၍ စကားများလျှင်၊ ပြန်လာပြောလျှင်၊ ပြိုင်ဘက်ကို နှိပ်ကွပ်ချင်လျှင်၊ ပြောင်ကို ရန်စသည်။ ပြောင်ကို ဘူးကွယ်သည်။ အချေအတင် ဖြစ်လာလျှင် အလေးနှင့်ကောက်ပစ်၏။ ငါးရိုက်တုတ်နှင့် နှက်၏။ ထဘီ ဆွဲချွတ်၍ ညစ်ညစ်ပတ်ပတ် မကြားဝံ့မနာသာများ ဆဲရေးလုပ်ပြ၏။

ပြိုင်ချပြီဆိုလျှင် စောစောကလိုပဲ ပြိုင်ဘက်မိန်းမသား ဒီဈေးမှာ လုံးဝမျက်နှာမပြရဲအောင် ပြိုင်ဘက်ရဲ့ ထဘီကိုသော်လည်းကောင်း၊ အင်္ကျီကိုသော်လည်းကောင်း ဆွဲဆုပ်ဆွဲဖြဲပြီး အရှက်ကွဲအောင် လုပ်ပစ်လိုက်ရကား သူမနှင့်ရန်ဖြစ်မိသည့် ဈေးဝယ်လည်း နောင်ဒီဈေးကို လုံးဝမဝယ်ရဲတော့။ ပြိုင်ဘက်များလည်း သူမနှင့် ယှဉ်မဖြစ်ရဲတော့။

ဒဏ်ငွေရိုက်ခံရခြင်းကား စိန်မျက်ခုံးအဖို့ ရိုးနေပြီ။ အချုပ်ထဲ ပို့မည်၊ ပုလိပ်(ရဲ)လက်အပ်မည်ဆိုလျှင် မျက်ရည်ဖြိုင်ဖြိုင်ကျပြီး ခြေသလုံးဖက် တောင်းပန်၏။





"အမယ်လေး . . . ညီမရဲ့"

"အမယ်လေး . . . အစ်မကြီးရဲ့၊ ကျွန်မမှားပါပြီ အစ်မကြီးရဲ့ ဟီး . . . ဟီး။ ကျွန်မကို သတ်လိုက်ပါ ပြန်လုပ်ပါ။ ကျွန်မဘယ်လိုဖြစ်သွားမှန်း မသိလို့ ခုလိုလုပ်လိုက်ရတာ အစ်မကြီးရဲ့ . . . ဟီး။ ကျွန်မမှာ မောင်နှစ်ယောက်၊ ညီမတစ်ယောက်နဲ့ အမေအိုကြီးကို ရှာဖွေလုပ်ကိုင် ကျွေးမွေးနေရတာပါ၊ အစ်ကိုကြီး၊ အစ်မကြီးတို့ရယ် ကျွန်မကို သနားပါနော်။ အစ်မကြီး ကျွန်မကို ပုလိပ်လက် မအပ်ပါနဲ့ အစ်မကြီးရယ် ဟီး . . . ဟီး။ ကျွန်မကို အစ်မကြီးတို့ ရိုက်ချင်ပြန် ရိုက်ပါတော် . . . ဟီး"

အသံပြကြီးနှင့် ဟစ်၍ငိုမည်။

ခုနစ်သံချီဆင့်၍ ခြေသလုံးဖက်ပြီး မပဋာမြေလူး ငိုပြမည်။ အကြောင်းမသိသူများက သူမကို ချက်ချင်းသနားကြ၏။ ခံရသူ သူစိမ်းများ ချက်ချင်းကရုဏာသက်သွား၏။

ဩော် . . . ခမျာ မောင်ငယ်၊ ညီမငယ်နှင့် မိခင်အိုကြီးကို ရှာဖွေလုပ်ကိုင် ကျွေးမွေးနေသူဆိုပါကလား။ ရုံးဂါတ်မရောက်ချင်၊ ရင်မဆိုင်ချင်။

သို့နှင့် ဈေးခေါင်းရုံးမှာပဲ ကျေအေးခွင့်လွှတ်လိုက်ရ၏။

မကြာခင် စိန်မျက်ခုံး ပြုံးပြုံးပြုံးပြုံးနှင့် ရင်ကော့၍ ဈေးခေါင်းရုံးမှ ပြန်လာသည်ကို ငါးစိမ်းသည်ဘဝတူများ မြင်ရ၏။

"တတ်နိုင်လွန်းတဲ့ မိန်းမ" ဟု မျက်စောင်းထိုးကြ၏။

"ပလီစိချောက်ချက်ကတော့ ပြိုင်ဘက်မရှိလေ"ဟု မေးငေါ့ကြ၏။

အကြောင်းကား သူမတို့သည် စိန်မျက်ခုံးအကြောင်း [illegible]



www.burmeseclassic.com

www.burmeseclassic.com



ခါးမကျန် သိနေသောကြောင့် ဖြစ်၏။

စိန်မျက်ခုံးမှာ မောင်ဝေးလို့၊ ညီမဝေးလို့ အမေတောင်မရှိ။

ဦးလေး ဆိုက်ကားသမားအိမ်မှာ ကပ်နေရသည့် တစ်ကောင်ကြွက်။ သို့သော် ဓာတ်မသိသူနှင့်ရန်ဖြစ်လို့ လက်လွန်ခြေလွန် အရှက်ကွဲအောင်လုပ်ပြီးလျှင်ကား ဖော်ပြပါဓာတ်ပြားကို အပ်သွားထပ်၍ ဖွင့်လေတော့သတည်း။

သို့ဖြစ်၍—

ယှဉ်ရဲသော သတ္တိပင်ရှိသော်လည်း အကျင့်ယုတ်သည့် စိန်မျက်ခုံးအကြောင်းသိနေ၍ အကြောင်းသိဈေးသည်များကား ဘယ်တော့မျှ စိန်မျက်ခုံးနှင့် ရန်မဖြစ်ကြ။

အကြောင်းမသိ၍ ယှဉ်ပြိုင်ရန်ဖြစ်သူများကား အရှက်ကွဲ အကျိုးနည်းဖြစ်ပြီး နောင်ဤဈေးကို လုံးဝခြေဦးမလှည့်ရဲကြတော့။

လာခဲ့လျှင်လည်း ဤငါးစိမ်းတန်းဘက်သို့ လုံးဝမဝင်ကြဘဲ ဟင်းသီးဟင်းရွက်တန်းမှပဲ အခြောက်အခြမ်းလေးဝယ်၍ ပြန်ကြလေကုန်သတည်း။

+ + + + + + +

(၄)

"ဟဲ့ . . . မထွားစိန်တို့၊ အေးကြည်မတို့ရေ၊ ဈေးလယ်မှာ ငရုတ်သီးမှုန့်သည် မိပြားနဲ့ စိန်မျက်ခုံး ချနေကြသတဲ့တော်"

"ဟောတော် . . . မိပြားတော့ ဒုက္ခရောက်တော့မှာပဲ"

"ဘယ်လိုက စဖြစ်တာတဲ့တုံးအေ"

"သိဘူးအေ၊ လာ . . . သွားအကဲခတ်ရအောင်"

ငါးဗန်းများကိုပစ်ချ၍ ဈေးလယ်သို့ ပြေးလာခဲ့ကြ၏။

သူတို့ရောက်သောအခါ ရန်ပွဲက ပြီးသွားခဲ့ပြီ။

မိပြားကား နှာခေါင်းမှာ သွေးသံရဲရဲ၊ ဆံပင်များ ဖိုးရိုးဖားရား၊ ခါးက ထဘီသည် ထက်ခြမ်းကွဲ၍ မနည်းကို ဖုံးဖိထားရ၏။ ကိုယ်အပေါ်ပိုင်းမှာ အပေါ်အင်္ကျီ စုတ်ပြဲပြီး အတွင်းခံအင်္ကျီမျှသာ ကျန်က မျက်လုံးနှစ်လုံး အစ်နေ၏။ အနီးမှာ ဆံပင်များပြတ်၍ ကျလျက်။

"စိန်မျက်ခုံးရောဟဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဈေးခေါင်းရုံးကို ရောက်သွားပြီ"

"ဒီတစ်ခါတော့ လွယ်မယ်မထင်ဘူးအေ့"

"ဒီမိန်းမယုတ် သေရင်သေ၊ မသေရင် ထောင်ကျသွားမှ အေးမှာအေ့"

"ဟုတ်ပါ့တော်"

"ဘယ်လိုဖြစ်ကြတာတုံးအေ့"

"ဒီလိုတဲ့အေ့၊ ရှူး . . . တိုးတိုး"

ဒီမှာ အဓိကဇာတ်ကြောင်းက ပေါ်လာခဲ့၏။

ဒီဈေးမှာ ကုန်ထမ်းသည့် ကောင်လေးတစ်ယောက်ရှိ၏။

သူ့နာမည်က မောင်ဖေဇော်။

မောင်ဖေဇော်က ကုန်ထမ်း၏။ ရန်ကုန်မှ ကားနှင့်ရောက်လာသည့်ကုန်များကို အခစားနှင့်ဈေးထဲအရောက် သယ်ပေး၏။

ရုပ်က ခပ်ချောချော၊ အသားကဖြူဖြူ၊ ဗလကလည်း တောင့်တောင့်။

အဲဒီ မောင်ဖေဇော်ကို စိန်မျက်ခုံးက တစ်ဖက်သတ်ကြိုက်နေ၏။ ကီလီက မှာထားလို့ ဝင်လာသည့် ငါးစည်များကို စိန်မျက်ခုံးက သူ့ဆိုင်မှာ အမြဲသယ်ခိုင်း၏။ 'ကိုဇော်၊ ကိုဇော်'နှင့် ပါးစပ်က ကရားရေလွှတ်။

မောင်ဖေဇော်ကား မည်သူနှင့်မဆို သင့်အောင်နေ၏။ ဘာနိုင်းနိုင်းဖင်ပေါ့၍ ဈေးသည်များ ခင်ကြ၏။

စိန်မျက်ခုံးက မောင်ဖေဇော်ကို ကျနေ၏။ ကြုံရင်လက်ဖက်ရည်ဝယ်ခိုင်း၏။ အပြန်ဟင်းစားပေးလိုက်သေး၏။ အသုပ်ဝယ်ခိုင်း၏။

မောင်ဖေဇော်က ပေးတိုင်းမယူ၊ ကျွေးတိုင်းမစား၊ သူ့လုပ်





အားခပဲသူယူသည်။

မိန်းမတန်မဲ့ တစ်ဖတ်သတ် ကြိုက်နေရတော့ကား မောင်ဖေဇော်က သူမကိုဘယ်လိုပြောတာ၊ လုပ်ပေးတာ၊ ညနေပြန်ရင် အတူပြန်တာမှသည် ချဲ့ချဲ့ပိုပိုများနှင့်ကြွား၏။ မောင်ဖေဇော်လက်မောင်းနှင့်သူ့လက်မောင်း မတော်တဆထိမိ၍ ရင်ထဲဖိန်းခနဲ ရှိန်းခနဲ ဖြစ်သွားရတာက အပိုပါလိုက်သေး၏။

အနီးရှိ မိန်းမသားများက မယုံသော်လည်း ဒါမျိုးကြားရတာ ခံတွင်းတွေ့ကြ၏။ မောင်ဖေဇော်များ ငါးစိမ်းတန်းထဲ ဝင်လာလျှင်–

"ဟိုမှာ ညည်းလူကြီး လာနေတယ် မျက်ခုံးရဲ့၊ ညည်းကို လှမ်းကြည့်လို့"

"ဟင် . . . ဘယ်မှာလဲဟင်၊

အို . . . ရှက်စရာကြီး၊ ခစ် . . . ခစ် ကိုဇော်ရေ လာဦးလေ"

ဟိုက လုံးဝမလာ။ ချွန်သူများက ချွန်၏။ မြှောက်သူများက မြှောက်ကြ၏။ စိန်မျက်ခုံးကား ချွန်သူ၊ မြှောက်သူများကို ရုပ်ရှင်ပြရ၏။ အသုပ်ဝယ်ကျွေး၏။ လက်ဖက်ရည်တိုက်၏။

သို့သော် –

မည်သို့ပင် ရေလာမြောင်းပေးလုပ်လုပ်၊ အောင်သွယ်လုပ်လုပ် မောင်ဖေဇော်ကား စိန်မျက်ခုံးကို လုံးဝမချစ်။ စိန်မျက်ခုံးရဲ့ အကျင့်ကို သိနေ၍ အလုပ်သဘောအရသာ ဆက်ဆံ၏။

သူမကို ချစ်ဖို့ လုံးဝမစဉ်းစား။ အိပ်မက်ပင် ယောင်လို့မမက်။ စိန်မျက်ခုံး ရွှေနှင့်ငွေနှင့် ဖြစ်သည်ကိုမြင်၏။ စိန်မျက်ခုံး တစ်ကောင်ကြွက်ဖြစ်သည်ကို သိ၏။

ဒီလို နှုတ်အာဝသီကြမ်းပြီး ရိုင်းချင်တိုင်းရိုင်းနေသည့် မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ ရင်ထဲကမေတ္တာကို သူလုံးဝမယုံကြည်။ သူမရဲ့ နှလုံးသားလည်း ရှိုင်းနေမည်ကို ယုံကြည်သည်။

သူ တကယ်ကြိုက်သည်က ရှေတ်သီးမှုန့်နှင့် ငါးပိရည်ကျို ရောင်းနေသည့် မိပြားကလေး။

မိပြားကလေးသည် ရုပ်မချော။ သို့သော် ပြုံးလိုက်လျှင် သွားတက်ကလေးနှင့် အလွန်ချစ်စရာကောင်းသည်ဟု မောင်ဖေဖော် မြင်၏။

"မိပြား"ဟု အများက ခေါ်ကြ၏။ မိပြားသည် အဖေအိုနှင့် အမေအိုနှစ်ယောက်ကို ရိုးသားကောင်းမွန်စွာ လုပ်ကျွေးနေသူဖြစ်၏။ စကားပြော ယဉ်ကျေးသည်။ ဘုရား၊ တရား၊ သံဃာကို ရိုသေလေးစားသည်။ သူ့ကိုလည်း အစ်ကို၊ အစ်ကိုနှင့် ခင်သည်။

ပြောရလျှင် –

မောင်ဖေဖော်လို ရိုးသားကြိုးစားသည့် လူငယ်နှင့် ယဉ်ကျေးသိမ်မွေ့သော မိပြားကလေးကို ဆိုင်ချင်းနားနီးများက နီးစပ်စေချင်သည်။ သို့နှင့်အခမဲ့ မေတ္တာအောင်သွယ်တော်မူကြလေသည်။

ဒီလိုနှင့် သူတို့နှစ်ဦး ချစ်သူဘဝသို့ နေ့ချင်းညချင်း ရောက်သွားခဲ့ကြ၏။

ဒီနေ့ –

မိပြားကလေးအနီးမှာ မောင်ဖေဖော်ကရပ်၍ ပြုံးပြုံးနှင့် စကားပြောနေ၏။ ဒါကို စိန်မျက်ခုံးမြင်သောအခါ ချစ်ခြင်းမယား ရည်းစားလူလု အူနကျွဲခတ်လေပြီ။

သို့နှင့် အကွက်ချောင်းနေ၏။

ဟော . . . ကြုံပြီ။





မိပြားကလေး ဈေးအိမ်သာသို့အသွား ပခုံးချင်းဖြောင်ဝင်တိုက်ပြီး ရန်စကာ ချက်ချင်းဆံပင်ဆွဲ၍ ပါးနားများကို တီးပစ်လိုက်သည်။

နုနယ်သော မိပြားလေး မြေပြင်မှာ လဲကျသွား၏။

တောင်းပန်လို့မရ၊ ဘယ်လိုမျှကိုမရ။

ဒီမှာ စိန်မျက်ခုံးက ဆံပင်များကို ဆွဲဆောင့်သည်။ အချို့တိုတွင်း အပေါ်အင်္ကျီကို ဆွဲဆုတ်ပစ်သည်။ အရှက်ကွဲစေရန် မိပြားရဲ့ ထဘီကို ဆွဲချွတ်သည်။ မိပြားလေးက ငိုယိုတောင်းပန် အော်ဟစ်အကူအညီတောင်းသည်။

နီးရာလူများက ဝင်ဖျန်ဖြေကြသည်။ အားသန်အငြိုးကြီးလှသော စိန်မျက်ခုံးရဲ့ အူနကျွဲခတ်မာန်ကြောင့် ဖျန်ဖြေလို့မနိုင်။

မိပြားလေး ထဘီထက်ခြမ်းကွဲသွားခဲ့သည်။

ဒီမှာ ဈေးခေါင်းနှင့်အဖွဲ့ရောက်လာပြီး စိန်မျက်ခုံးကို ဆွဲခေါ်သွားကြသည်။ စိန်မျက်ခုံး ကန့်လန့်ကန့်လန့် ပါသွားသည့်ကြားက ညစ်ညမ်းစွာ ဆဲရေးတိုင်းထွာလိုက်သေးသည်။

မောင်ဖေဖော်ကြားသော် အပြေးရောက်လာ၏။

အရှက်ကြီးစွာ ငိုယိုနေသော ချစ်သူမိပြားကလေးကို အားမငယ်ရန် ချော့ရှာသည်။

ဒီအကြိမ်တော့ စိန်မျက်ခုံး ထိပြီ။

ဒီလို ရန့်ရင်းကြမ်းတမ်းမှုမျိုး အကြိမ်ပေါင်းများစွာ ကျူးလွန်၍ ရဲစခန်းသို့ပို့ရန် လုပ်ကြတော့၏။

ထုံးစံအတိုင်း စိန်မျက်ခုံး မြေသိမ့်သိမ့်တုန်မျှ ငို၍တောင်းပန်၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး –

မိပြားလေးချစ်ရသူ မောင်ဖေဖော်ရဲ့ မေတ္တာရပ်ခံချက်အရ အမှုမလုပ်ခဲ့။ ရုံးရောက်ဂါတ်ရောက်လည်း မဖြစ်ချင်။

သို့နှင့် –

ဈေးဘာသာရေးအဖွဲ့ကရော ဈေးခေါင်းရုံးက လူကြီးများပါ ချက်ချင်းအစည်းအဝေးထိုင်ပြီး စိန်မျက်ခုံးကို ဤဈေးကြီးအတွင်း ရာသက်ပန်ဈေးမရောင်းဟု အမိန့်ချမှတ်လိုက်ရကား –

စိန်မျက်ခုံး ရှိုက်၍မဆုံး။

ကြားရသူ ဈေးသူဈေးသား၊ ဈေးဝယ်များကာ ဝမ်းသာ၍ မဆုံး။ ဈေးကြီးသန့်သွားပြီဟု ဆိုကြလေသည်။

✤ ✤ ✤ ✤ ✤ ✤ ✤

(၅)

ခုတော့ စိန်မျက်ခုံး ငါးဗန်းလေးရွက်၍ ရွာရိုးကိုးပေါက် 'ငါး ချိုငါ၊ ဒီဘက်က ယူကြဦးမလားတော့' ဟု ချွေးဒီးဒီးကျ ခြေဆစ် ဖြုတ်မျှ လိုက်အော်ရောင်းနေရ၏။

သူ (–) လမ်းထဲသို့ ဝင်လိုက်သောအခါ သူ့ရန်သူ မိပြားလေး တို့ လမ်းထိပ်သို့ ရောက်သွားခဲ့၏။

အဲဒီမှာ ဈေးထဲမှ ရောင်းဖော်များကို ဝတ်ကောင်းစားလှ များနှင့် ရုတ်ခြည်းမြင်လိုက်ရ၏။

"ဟဲ့ . . . ဒါ စိန်မျက်ခုံး မဟုတ်လား"

"ဟဲ့ . . . မိန်းမ၊ စိန်မျက်ခုံး၊ ရောင်းကောင်းရဲ့လားအေ့"

"ဟင် . . . မထွားစိန်တို့၊ မစိန်တို့ပါလား၊ ဝတ်ကောင်းစား သူတွေဝတ်လို့၊ ဒါက ဘယ်သွားကြမလို့တုံးတော့"

စိန်မျက်ခုံးဈေးဗန်းကို ထိန်းရင်းမေးလိုက်၏။

"ညည်းကို မဖိတ်ဘူးလားအေ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူ ဘာဖြစ်လို့ ကျွန်မကို ဖိတ်ရမှာလဲ မစိန်ရဲ့"

"ဟေ . . . ညည်းမသိသေးဘူးနဲ့ တူတယ်"

"ဘာလို့တုံးတော့်"

"ဟဲ့ . . . ဒီနေ့ ညည်းလူကြီးဖေဖော်နဲ့ မိပြားလေး မင်္ဂလာဆွမ်းကျွေးလေ"

"ဟင်"

"ဂလုံ . . . ဂလုံ"

"ဝုန်း"

မမျှော်လင့်ဘဲ ကြားလိုက်ရသည့် စကားကြောင့် ခေါင်းပေါ်မှ ငါးဗန်းမြေပြင်သို့ ပြုတ်ကျသွားလေသည်။ ငါးနှင့် ချိန်ခွင် အလေးများ လွင့်စဉ်ကုန်၍ မထွားစိန်တို့က ကောက်ယူထည့်ပေးရ၏။

စိန်မျက်ခုံးမျက်လုံးမှာ မျက်ရည်ဝေ့သီလေသည်။

"ဩော် . . . သူတို့ ဒီနေ့ မင်္ဂလာဆွမ်းတောင် ကျွေးနေကြမှကိုး"

"ညည်းနဲ့ မောင်ဖော်နဲ့ ရင်းနှီးတဲ့ဥစ္စာ မဖိတ်ဘူးလားအေ့"

စိန်မျက်ခုံး ဘာမျှတုံ့ပြန်မကား မပြောတော့။ ရင်ထဲမှာ နာကျင်နေသည်။ ပေါက်ကွဲနေသည်။ ဒေါသများ လှိုင်းခတ်နေသည်။

သူမ ဘယ်သူ့မျှ တုံ့ပြန်စကားမပြောတော့ဘဲ ချာခနဲလှည့်၍ ထွက်သွားလိုက်သည်။ မထွားစိန်တို့ အံ့သြ၍ကျန်ရစ်ခဲ့ရာမှာ နောက်ဆုံးမင်္ဂလာပွဲ ကျင်းပနေရာအိမ်သို့ လှမ်းလာခဲ့လိုက်ကြသည်။

စိန်မျက်ခုံးရင်ထဲမှာ ဗလောင်ဆူနေပြီ။ ဒီလောက် မျက်နှာမပြရဲ အောင်လုပ်တာတောင်မှ သူတို့နှစ်ဦးက ချစ်ရဲနေကြတယ်ကိုး။

မိပြားကလေး။

---

စိတ်ကူးသစ်စာပေ



နင့်ကြောင့် ငါအသည်းကွဲခဲ့ရပြီ မိပြားကလေး။

နင့်ကြောင့် ငါမင်းမူနေတဲ့ဈေးက အပြီးတိုင် ခွာခဲ့ရတယ်။ ညည်းကို ငါကမှာမကြေဘူး။

ညည်းအရင်က အရှက်ပဲကွဲခဲ့ရတာ။ ဒီတစ်ခါ အသက်ပါကွဲရမယ်။ ညည်း စိန်မျက်ခုံးအကြောင်း မကြာခင်သိရမယ် မိပြားကလေးရေ။

သူမတစ်ယောက်တည်းပြောရင်း ဈေးဗန်းထဲက ဓားမကို လှမ်းစမ်းယူလိုက်သည်။

ဓားသွားက မြည့်နေ၏။

သူ အံတစ်ချက် ကြိတ်လိုက်သည်။

ဒီဓားသွားဟာ နင်တို့မင်္ဂလာဦးအတွက် ငါ့ရဲ့လက်ဖွဲ့။

\+ + + + + + +

www.burmeseclassic.com

www.burmeseclassic.com

(၆)

သူမ ငါးများမကုန်သေး၍ (–) ရပ်ကွက်ဘက်သို့ လှည့်အော်ရောင်းလိုက်၏။ ဒီအချိန်မှာ မိုးကောင်းကင်ကြီး မည်းညို့လာသည်။

မိုးဦးကျလေဦးကျ လေပြင်းက ထန်လာသည်။ လေမှာ တရကြမ်းတိုက်လာသည်။

အရှေ့ဘက်မှာ မည်းမှောင်လို့ပါလား။

နေ့သည်ညအလား ချက်ချင်းပင်ပြောင်းလဲသွားသည်။ ရ အချို့ ပြေးလွှားနေကြသည်။ ပြင်းထန်သော လေအော်သံကို ကြား ရသည်။

"ပြေး . . . ပြေးကြ၊ ပုန်းကြ"

"ဟဲ့ . . . သံချောင်းတို့၊ ကံကောင်းတို့"

"ဈာ . . . အမေ"

"လေဆင်နှာမောင်းတဲ့၊ ဝပ်နေကြဟဲ့"

"ဖြောင်း . . . ဖြောင်း"





"ဝုန်း . . . ဝုန်း . . . ဂလုံ . . . ဝေါ"

"ဝုန်း"

"အုန်း"

"ဟဲ့ . . . ဟိုဈေးသည်မလေး မပြေးနဲ့။ ဝပ်နေ . . . ဝပ်နေ"

လူတွေ ဥဒဟို ပြေးလွှားပုန်းကွယ် အော်ဟစ်နေကြသည်။ အဝေးမှ သစ်ပင်ကြီးများ ပြိုလဲသံ၊ အိမ်များ ပြိုလဲသံကို ကြားနေရသည်။ တိရစ္ဆာန်များ ရှန်းကန်အော်သံကြားနေရသည်။

မည်းမည်းညို့ညို့ အတန်းကြီး ကောင်းကင်မှာ တုန်ခါ၍ လာနေသည်ကို စိန်မျက်ခုံးမြင်လိုက်ရသည်။

ဒါ ဘာပါလိမ့်။

အနီးရှိ သစ်ပင်များ ဝုန်းဒိုင်းကြနေသည်။ လူများမြေပြင်မှာ ရရာသစ်ငုတ်ကိုကိုင်၍ မှောက်နေ၊ ဝပ်နေကြသည်။

သူမလည်း ကြောက်လန့်သွား၍ ဈေးဗန်းကိုပစ်ချပြီး ပြေးတော့သည်။

"ဟိုကလေးမ ဝပ်နေ၊ နီးရာမြောင်းထဲမှာ ဝပ်နေ"

"ဟာ"

"ဝီး . . . ဝီး . . . ဝီး"

"ဝုန်း"

"အုန်း"

"အမလေး"

"အား . . . အမေရေ၊ အမေ။ ဦးလေးရေ ကျွန်မကို ကယ်ကြပါဦး။ အမေ . . . အမေ"

လေဆင်နှာမောင်းကြီးက စိန်မျက်ခုံးကို မွှေ့ဆွဲ၍ လွှင့်၍



www.burmeseclassic.com

www.burmeseclassic.com



ယူသွားသည်။ သူမ မြေပြင်မှကောင်းကင်သို့ ခွေ့ခနဲ မြောက်တက်သွားတော့ ငယ်သံပါအောင် အော်လိုက်သည်။ ပြန်ခုန်ဆင်းဖို့ ကြိုးစားကြည့်သည်။ လုံးဝ ခုန်ချလို့မရတော့။

လူက လေထဲမှာ သစ်ရွက်လိုလွင့်၍ ပါသွားသည်။ မျက်လုံးထဲမှာ သွပ်ပြားများ၊ အုန်းလက်များ၊ အိမ်ထရံများ၊ ခေါင်းပေါ်ဝန်းကျင်၌ လွင့်မျောနေကြ၏။

အားလုံး စက္ကူစုတ်များလိုလွင့်လို့။ စွန်လိုငှက်လိုဝဲလို့။

ကြောက်မက်ဖွယ် အော်သံကြီးကို ကြားရသည်။

ပြိုလဲနေသည်ကို ချောက်ချားစဖွယ် မြင်နေရသည်။ သူမမှာလည်း ပြင်းထန်သော လေတိုးမှုကြောင့် အဝတ်အစားများ ပြုတ်ထွက်ကုန်၏။ သူမ လေထဲမှာ လွင့်မျောနေပြီ။

သူမရဲ့ ငယ်သံပါအောင် အော်သံကို မည်သူမျှမကြားကြတော့။

ဒီမှာ လေဆင်နှာမောင်း မည်းမည်းကြီး တဖြည်းဖြည်း ပါးလျ၍လာတော့၏။ လေတိုးလေတိုက်အားလည်း လျော့ပါးလာရကား သူမ မိုးကောင်းကင်မှ အောက်သို့ တဖြည်းဖြည်းစိုက်၍စိုက်၍ ထိုးကျလာနေ၏။

"ဝုန်း"

"အုန်း"

"အမလေး . . . အမေရဲ့၊ အား . . . အ . . . အ"

သူမ ကောက်ရိုးပုံတစ်ပုံပေါ်သို့ ကံကောင်းထောက်မစွာ ပြုတ်ကျသွားပြီး မြေပြင်သို့ လိမ့်ကျသွားခဲ့သည်။

"ဟော့ . . . လူတစ်ယောက် မိုးပေါ်က ကျလာတယ်ဟေ့"

"လူ မိုးပေါ်က ကျလာသဟ"

စိတ်ကူးသစ်စာပေ



"လေဆင်နှာမောင်းနဲ့ ပါလာတာနေမှာပေါ့"

ယောကျ်ားသားများ အပြေးအလွှား ရောက်လာကြသည်။ လေဆင်နှာမောင်းကတော့ မရှိတော့။ လေကြွင်းလေကျန်နှင့် ကောက်ရိုးများ အမှိုက်များကတော့လေထဲမှာ လွင့်ပျံနေကြဆဲ။

သူမပြေးလာနေသည့် လူများကို မြင်နေရသည်။ သူမ အသက်မသေသေးသည်ကို သိနေပြီ။ တစ်ကိုယ်လုံးလည်း နာကျင်နေသည်။

ဒီမှာ သူမကောက်ရိုးပုံကို အလျင်အမြန်ဖြဲ၍ အထဲသို့ ဝင်လိုက်ပြီး၊ ကောက်ရိုးမျှင်များနှင့် ကိုယ်လုံးကို ဖုံးလွှမ်းပစ်လိုက်သည်။ ယောကျ်ားများ သူမဝန်းကျင်သို့ ရောက်ချလာကြ၏။

"ဟော့ . . . ကလေးမ မင်းလေဆင်နှာမောင်းနဲ့ ပါလာပြီး ဒီမှာကျဝ.ာ မဟုတ်လားဟင်"

"ဟုတ် . . . ဟုတ်ပါတယ်"

"ဟာ . . . မသေကောင်း မပျောက်ကောင်းကွာ၊ ကလေးမ ထွက်လေ"

"ငါတို့ကို မကြောက်ပါနဲ့ကွ။ မင်းကို ကူညီမလို့ပါ။ ထ ထွက်"

"ဟင့်အင်း . . . ဟင့်အင်း၊ ကျွန်မ . . . ကျွန်မ မထွက်ရဲဘူး"

"ဟ . . . ထွက်ပါဟ။ မင်းဘယ်အရပ်ကလဲ။ ငါတို့ လူကောင်းတွေပါ၊ သူခိုး၊ ဓားပြမဟုတ်ပါဘူး။ ဒါ တို့ရွာကသူကြီးပဲ"

သူမ အားလုံးကို ရှက်ကြောက်သော မျက်လုံးအစုံနှင့် ကြည့်ပြီး ကောက်ရိုးပုံထဲသို့ ထပ်မံ၍တိုးဝင်လိုက်သည်။

ဒီမှာ သူကြီးဆိုသူက –

"သမီး ထွက်ခဲ့၊ အဘ ရှိတယ် . . . ထွက်"

"မ . . . မထွက်ရဲဘူးရှင့် ဟီး"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ သမီးရဲ့ဟင်"

"ဟို . . . ဟို"

"ပြော . . . ရဲရဲပြော၊ မကြောက်နဲ့။ ဘာဖြစ်လို့လဲ"

"ဟို . . . ဟို ကျွန်မကိုယ်ပေါ်မှာ အဝတ်အစားတွေ မ . . . မရှိတော့ဘူး"

"ဟင်"

"ဟေ"

"ဘုရားရေ"

"ဒုက္ခပဲဟေ့"

"ဒီလိုလား သမီးရယ်၊ ဖြစ်မှဖြစ်ရပလေကွယ်။ ဟေ့ . . . ယောက်ျားတွေအားလုံးပြန်။ မွေးဆင့်"

"ဗျာ . . . သူကြီး"

"ဂါ့မိန်းမနဲ့ ရွာသူတွေခေါ်ခဲ့။ ထဘီနဲ့ အင်္ကျီအပိုပါ အမြန်ယူခဲ့လို့ပြော။ မြန်မြန်သွား"

"ဟုတ်ကဲ့ . . . သူကြီး"

ဆယ်အိမ်ခေါင်း မွေးဆင့် ရွာထဲသို့အမြန် ပြေးသွားလိုက်၏။ ရွာသားယောက်ျားများလည်း သူမကို ဝိုင်းဝန်းကြည့်နေကြရာ သူကြီးက ကြိမ်းဝါးဟောက်ထုတ်လိုက်မှ ရွာထဲသို့ ပြန်လှည့်ပြေးသွားကြ၏။

မကြာခင် သူကြီးကတော်နှင့်ရွာသူအချို့ ရောက်ချလာ၏။ လက်ထဲမှာလည်း ထဘီနှင့်အင်္ကျီများ ပါလာကြသည်။

အားလုံး အံ့သြသော မျက်လုံးများနှင့် သူမကို ဝိုင်းကြည့်နေကြ၏။ သူကြီးက ခပ်တိုးတိုးပြောလိုက်ပြီး ရှောင်ထွက်သွားလိုက်၏။

---

စိတ်ကူးသစ်စာပေ





"ကလေးမ"

"ရှင်"

"ထွက်ခဲ့ . . . ဒီမှာ ထဘီနဲ့ အင်္ကျီ"

"ဟို . . . ဟို"

"မရှက်ပါနဲ့အေ၊ ဘယ်သူမှ မရှိတော့ပါဘူး။ ငါတို့ မိန်းမသားည်းပဲဥစ္စာ"

သူမ မိန်းမသားများကို ကြည့်၍ရှက်နေပြီး မထွက်ရဲဖြစ်နေ၏။ ဒီမှာပဲ သူကြီးကတော်လုပ်သူက ကောက်ရိုးများကို ဆွဲဖယ်ဘာ ထဘီပစ်ပေးလိုက်သည်။

သည့်နောက်

စိန်မျက်ခုံး . . .

✤ ✤ ✤ ✤ ✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com

(၇)

သူမနေသည့် နွားဇေ့ကုန်းရပ်ကွက်က လူများက သူမကို သေပြီဟု မှတ်ယူလိုက်ကြ၏။ အချို့က သူမကို လေဆင်နှာမောင်းက ပွေ့ချီသွားတာ မြင်လိုက်ရ၍ စိန်မျက်ခုံးသေပြီဟု ယုံကြည်နေကြ၏။

အလောင်းကို လိုက်ရှာစုံစမ်းနေကြသည်။

ဒီမှာ အဝတ်ထုပ်လေးပိုက်၍ ရပ်ကွက်ထဲဝင်လာသည့် စိန်မျက်ခုံးကို မြင်လိုက်ရသောအခါ အားလုံးအံ့သြပြီး ဝရုန်းသုန်းကား ပြေးလာနှုတ်ဆက်ဖက်ယမ်း မေးမြန်းကြတော့၏။

"တော်ပါသေးရဲ့ တူမရယ်။ ဘုရား . . . ဘုရား အရက်တကွဲ အကျိုးနည်းသေမယ့်ဘေးက ကံသီလို့ လွတ်ခဲ့ရတာပဲ။ ညည်းလိမ္မာပါတော့ မိစိန်ရယ်။ ဘုရားတရား မြဲပါတော့။ အကုသိုလ် အလုပ်ကို ရှောင်ပါတော့။ သူတစ်ပါးကို မလိုမုန်းထား အရက်ကွဲမယ့် အလုပ်မျိုး နောင်ဘယ်တော့မှ မလုပ်နဲ့တော့တူမ။ ညည်း အခုနားလည် သဘောပေါက်ပြီလားဟင်"





"ဟုတ် . . . ဟုတ်ကဲ့ အဒေါ်"

လေဆင်နှာမောင်းနှင့် ထူးဆန်းစွာပါသွားပြီး ကံကောင်း၍ မသေမပျောက် အရက်တကွဲ အကျိုးနည်းဖြစ်ရပ်ကို ကြုံရပြီးသည့် အချိန်ကစ၍ စိန်မျက်ခုံး ငါးမရောင်းတော့။ ရန်မဖြစ်တော့။

သူတစ်ပါး အရက်ကွဲရမည့် အလုပ်မျိုး လုံးဝမလုပ်တော့။ ခု စိန်မျက်ခုံး ရတနာသုံးပါး မြဲပြီ။ အရက်ရဲ့တန်ဖိုးကို သိခဲ့ပြီ။ အသက်ရဲ့ တန်ဖိုးကို သိခဲ့ပြီ။

သူမ . . .

ဒါ ပစ္စုပ္ပန်ဝဋ်ကြွေး အကြွေးဆပ်လိုက်တာပဲဟု မှတ်ယူလိုက်ခဲ့ပါပြီလေ။

\+ + + + + + +

မောင်ညီမြိုင် (သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ဧရာရှင့်နှလုံးသားပေါ်က ရှင်သန်ဆဲပန်းပွင့်များ

(၁)

ကျုပ် ဟောဒီ မော်ဝန်းချောင်းမှာ ကူးတို့လှေသမားအဖြစ် အသက်မွေးဝမ်းကျောင်းလာတာ အသက် (၁၅)နှစ်ကတည်းကပေါ့ဗျာ။

အခုလား၊ အခုကျုပ် အသက် (၇၀)ထဲ ဝင်နေပြီ။

မော်ဝန်းချောင်းမှာ ကူးတို့လှေသမားပဲ။

သူများတွေ လှေကိုအင်ဂျင်စက်တပ်ပြီး မောင်းနေကြပြီ။ ကျုပ်ကတော့လက်နှစ်ဖက်၊ တက်နှစ်ချက်နဲ့ပဲ။

ကျုပ် ဒီကူးတို့လှေသမားဘဝကို ဟိုးအင်္ဂလိပ်ခေတ်ကတည်းက လုပ်ကိုင်ခဲ့တာ။ အဲဒီတုန်းက ဒီမော်ဝန်းချောင်းဟာ အခုလောက်





မကျယ်သေးပါဘူး။

ကျောက်တန်းကူးတို့ဆိပ်ကနေ ဟိုဘက်ကမ်း ပန်းတောဆိပ် ကူးတို့ခမှ လူတစ်ယောက်နှစ်ပြားရှိတာ။

မနက်နဲ့ညနေ ကူးတို့ဆွဲရင် စားလောက်ရုံပါပဲ။ မီးပြွန်နဲ့ ပန်းတောဘက်ကမ်းက ငါးရယ်၊ ဘဲဥရယ် အတွက်များတော့ ငါးပုစွန် သမား ခေါင်းရွက်ဗျပ်ထိုးတစ်နိုင်တစ်ပိုင်သမားတွေကို မနက်စောစော ပို့ရ၊ ကြိုရတာပေါ့။

ကူးတို့သမားလုပ်သက် ရင့်လာတော့ . . .

ခေတ်တွေကို နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်ကျော်လွှားရင်း ခုခေတ်စကားနဲ့ပြောရရင် ဘာတဲ့၊ ဒဿနတဲ့လား။ ကျုပ်တို့ အတွေးအမြင်နဲ့ ပြောရရင်တော့ အတွေးအခေါ်များရင့်သန်ပြီး တရားလည်းရခဲ့ရပါတယ်။

ဒီနေရာမှာ ကျေးဖူးဆပ်တတ်သူများရဲ့အကြောင်း ပြောချင်တယ်။

ငွေနဲ့တန်ဖိုးဖြတ်ပြီးရင်တော့ ကျေးဇူးဟာ အလိုလိုမှေးမှိန်သွားတာပဲ။ ကျေးဇူးကို အပြန်အလှန်နားလည်ခံစား မုဒိတာပွားသော အသိနဲ့ ယှဉ်ကြည့်တတ်သူများကျတော့ ကျေးဇူးရဲ့တန်ဖိုးနဲ့ ကျေးဇူးရဲ့ အတုံ့အပြန်ကို နားလည်ကြတာပဲလေ။

ဆိုကြပါစို့။

အင်္ဂလိပ်ခေတ်က ငွေရှားတယ်၊ ငွေတန်ဖိုးရှိတယ်။ စပါးတစ်ရာမှ ငွေလေးဆယ်ပဲရတယ်။ ကုန်သည်ပွဲစား ချစ်တီးသူဌေးများက ဈေးနှိမ်သေးရဲ့။

ငွေရှား တန်ဖိုးကြီးတော့ ငွေကို အလွယ်တကူ မသုံးရက်ကြဘူး။ အဲဒီတုန်းကငွေရှိရင် ငွေဒင်္ဂါးပြား ဝယ်စုကြတဲ့ခေတ်။



www.burmeseclassic.com

www.burmeseclassic.com



ကျူပ်ကူးတို့လှေကို မတရားဈေးဆစ်ပြီး ငါး၊ ပုစွန်တင်ကူးတဲ့ သန်းမြတို့လင်မယား မျက်စိအောက်မှာ ငါးပွဲရုံပိုင်ရှင်ဖြစ်သွားခဲ့ကြတယ်။ ဝမ်းသာပါတယ်။

ကူးတို့ကူးခ ပိုက်ဆံနှစ်ပြား အကြွေမရှိလို့ 'နောက်နေ့မှပေါင်းယူပါ ကိုကျောက်ထီးရာ' လို့ပြောတဲ့ (---) ရှာသား ဗွတိုအခုအိမ်ကြီးရခိုင်နဲ့ကြီးပွားပြီး ကိုယ်ပိုင်စက်လှေနဲ့ဖြစ်လို့။

ဒါလည်း ဝမ်းသာစရာပဲ။

နှစ်ပြားတန်လှေကူးတို့ခကို တစ်ပြားပဲပေးပြီးစီးတဲ့ မိုးထိဆိုတဲ့ကောင် တိုက်နဲ့ဖြစ်ပြီး ကျောက်တန်းမြို့မဈေးထဲ ရွှေဆိုင်ဖွင့် ကြီးပွားနေတာလည်း ဝမ်းသာစရာပဲ။

အင်္ဂလိပ်ခေတ် တစ်လျှောက်လုံး ကျူပ်ရဲ့ ကူးတို့လှေကလေးကို မေတ္တာရပ်ခံချက်အမျိုးမျိုးနဲ့စီးပြီး ကြီးပြင်းအရွယ်ရောက် ကြီးပွားမြို့ပေါ်မှာ တိုက်နဲ့ကားနဲ့ ဖြစ်သွားကြသူများ မြင်နေရတာ အရမ်းဝမ်းသာလှသပေါ့ဗျာ။

ကြီးပွားချမ်းသာပြီး ကြေးရတတ်များသာဖြစ်သွားရော ကူးတို့လှေသမားကျူပ်ကို နေကောင်းလား ဦးကျောက်တီးလို့မေးတဲ့ တစ်ချိန်က ကူးတို့လှေစီးသမား ကိုကြီးပွားများ တစ်ယောက်မရှိခဲ့ပါဘူး။

ကျူပ်ကတော့ ကျောပြောင်ကျော့မွဲနဲ့ မော်ဝန်းချောင်းရေထဲမှာရှင်သန်နေဆဲပဲ။

✣ ✣ ✣ ✣ ✣ ✣ ✣

(၂)

ဂျပန်ခေတ်ရောက်တော့ အခြေအနေက ပိုဆိုးရောဗျို့။

ဂျပန်ဝင်လာပြီလို့ အသံကြားရော အင်္ဂလိပ်တွေ ပျောက်မီးခဲကိုင်သလို ဖြစ်ကုန်ရော။ ၁၂၄၇ ခုနှစ်မတိုင်ခင်ကတည်းက မြန်မာ့ရေမြေကို လက်နက်နဲ့ အဓမ္မကျူးကျော်သိမ်း၊ တန်ခေါင်မုန်းလဆုတ် (၈)ရက်နေ့ကျတော့ အရှင်နှစ်ပါးကို ကြက်ကလေး ငှက်ကလေးဖမ်းသလိုဖမ်း၊ ရတနာဂီရိကိုပို့ပြီး မြန်မာတစ်ပြည်လုံး ရက်ရက်စက်စက်ကျွန်လုပ်အုပ်ချုပ်ခဲ့တဲ့ အင်္ဂလိပ်အစိုးရ။

ခရမ်းမြို့နဲ့ သုံးခွမြို့ကအပြစ်မဲ့ တောင်သူလယ်သမားများစွာကို ဆရာစံလယ်သမား သူပုန်အဆက်ဆိုပြီး ကလေးလူကြီးမကျန်စက်သေနတ်နဲ့ပစ်သတ်ခဲ့တဲ့ အင်္ဂလိပ်အစိုးရ။

ကြည့်စမ်း၊ ဘီအိုင်အေနဲ့ နိပ္ပွန်ဂျပန် ဝင်လာပြီဆိုတော့ အရှူးမီးပိုင်းဖြစ်ကရော။

သန်လျင် ဘီအိုစီရေနံချက်စက်ရုံကြီးကို မိုင်းဗုံးဆွဲပြီး ဖောက်

www.burmeseclassic.com



ခွဲဖျက်ဆီးခဲ့ကြတယ်။ သန်လျင်တစ်မြို့လုံး မီးဟုန်းဟုန်းတောက်လို့။

ဂျပန်လေတပ်ကလည်း ကျွဲကြီးခေါ်မလား၊ ကျွဲကလေးခေါ်မလား၊ ကျွဲညီနောင်ခေါ်မလား စစ်လေယာဉ်ပျံတွေနဲ့ ကောင်းကင်ကနေ ဗုံးမိုးရွာချလိုက်တာ သန်လျင်ကျောက်တန်းမှာ နေ့စဉ် မီးငြိမ်းမစဲခဲ့ဘူး။

အင်္ဂလိပ်၊ ဂျပန်ရဲ့စစ်ဒဏ်ကြောင့် မြို့ကြီး မီးလောင်ပျက်စီး၊ သေကျေဒဏ်ရာရရတော့ မြို့သူမြို့သား သူဌေးသူကြွယ် လူလတ်တန်းစားများ စစ်ပြေးဘဝကိုရောက်ကုန်ကြရော။ ဆင်းရဲသားကတော့ မြို့ဝန်းကျင်မှာပဲ ခိုကပ်နေကြတာပေါ့။

စစ်ပြေးဘဝနဲ့ ရွာတွေကို ပြေးကြရတယ်။ ရွာတွေမှာတိုက်တာ အိုးအိမ်မရှိဘူး။ စစ်စခန်းမရှိဘူးကိုး။ ဂျပန်ဗုံးဒဏ်နဲ့ ဝေးတာပေါ့။

အဲဒီတုန်းက ကျောက်တန်း ရေလယ်ဘုရားဆိပ်ကမ်းမှာ စစ်ပြေးတွေကို ဖွေးနေတာပဲ။ အဲဒီ စစ်ပြေးများကို ကျုပ်တို့ကူးတို့လှေသမားတွေက မော်ဝန်းချောင်းတစ်ဖက်ကမ်း ပို့ပေးရတယ်။ ဟိုဘက်ကမ်းကိုရောက်ရင် ပန်းတော၊ မီးပြ၊ ကင်ပွန်းချိုစသည့် ဗုံးဒဏ်နှင့် လွတ်ရာရွာများမှာ သွားခိုကြရတယ်။

အင်း . . . အဲဒီတုန်းကများ ကျွန်တော်တို့ကို အရင်ပို့ပေးပါ။ ကျွန်မတို့ကို အရင်ပို့ပေးပါ။ အမေက နလုံးရောဂါရှိနေလို့၊ အဖေက အောက်ပိုင်းသေနေလို့၊ ကြိုက်သလောက်ဈေးပေးပါ့မယ်။ ကလေးငယ်တွေ ကြောက်နေလို့ ကျွန်မတို့ကျွန်တော်တို့ကို ဦးစားပေးပါ ဦးကြီးရဲ့၊ ဘကြီးရဲ့၊ မောင်ကြီးရဲ့နဲ့။ အချို့များ ဒူးဖက်မျက်ရည်လည်ရွဲနဲ့။

သနားစရာကောင်းတဲ့ ဘဝရဲ့ရှိုက်သံများ . . .

ကျုပ်နားနှစ်ဖက်ထဲမှာ ယနေ့တိုင်ကြားနေရဆဲပါဗျာ။

အချို့များ စစ်နဲ့ဝေးရာ၊ ကျည်ဆန်နဲ့ဝေးရာဆိုပြီး ပြေးလာကြ





တယ်။ ဘယ်ရွာသွား၊ ဘယ်နေအိမ်၊ ဘယ်ဘုန်းကြီးကျောင်းမှာ ခိုနားရ ခုန်းမသိဘူး။

မျက်ရည်ဝဲဝဲနဲ့ အချိန်တန်မစားရလို့ ပါလာတဲ့ကလေးတွေ ဆိုငို။ လေယာဉ်ပျံသံကြားရင် နီးရာကန်သင်းရိုးနဲ့ ချိုင့်ထဲဝင်ပုန်း။ အဲဒီလို ဒုက္ခသည်စစ်ပြေးများနဲ့ ကြုံရပြန်တော့ ဘယ်ဘုန်းကြီးကျောင်းသင့်တယ်၊ ဘယ်ရွာလုံခြုံတယ်ဆိုပြီး ကူးတို့လှေခဏရပ်လို့ လိုက်ပို့ဆပ်နဲ့ပြီး စားစရာပါ ရှာကျွေးခဲ့ရသေးတယ်။

ဂျပန်ပြေးလို့ လွတ်လပ်ရေးပြန်ရတော့မှ —

အကြွဲအပြဲသူပုန်ရန် ကြောက်ပြီး နဂိုမူလ သန်လျင်ကျောက်တန်း၊ ရန်ကုန်မြို့ကြီးများပေါ် ပြန်ပြောင်းပြေးကြတာ။

အဲဒီတုန်းကလည်း . . .

မောင်ကြီး ကျောက်ထီး၊ အစ်ကိုကြီး ကျောက်ထီး၊ ဦးလေးကျောက်ထီး ကျွန်မတို့ကို ကူညီပါဦး။ ဟိုဘက်ကမ်းအရောက် နေ့နေ့ညည ပြန်ပို့ပေးပါဦးဆိုလို့ နေ့ရောညပါ ဂျပန်ခေတ်ကအတိုင်း ဒီကူးတို့လှေနဲ့ ပြန်ပို့ပေးခဲ့ပါရောလား။

အခု အဲဒီဂျပန်ခေတ် စစ်ပြေးဒုက္ခသည်များ . . .

လွတ်လပ်ရေးခေတ်ဦး ဒုက္ခသည်များ . . .

ခေတ်ကောင်းရောက်တော့ အရမ်းကို ကြီးပွားချမ်းသာကြလို့ ဟောဒီကောင် ကူးတို့လှေသမား ငကျောက်ထီးကို ဖုတ်လေသည့်ငါးပိ နှံ့တယ်လို့တောင် မမှတ်ကြပေါင်ဗျာ။

နေကောင်းလားမေးမယ့်လူ မရှိဘူး။ ကားအကောင်းစားတွေနဲ့ ရေလယ်မော်ဝန်းဘုရား လာဖူးတာ တွေ့သားပဲ။ ကျောက်ထီးကို နှုတ်မဆက်ကြပေါ့။



www.burmeseclassic.com

www.burmeseclassic.com



လမ်းစဉ်ပါတီ ခေတ်တစ်လျှောက် ကျုပ်ရဲ့ကူးတို့လှေနဲ့ ကျောက်တန်းမြို့ပေါ်က ကျောင်းတွေမှာ ကျောင်းချိန်မီဖို့ ချွေးဒီးဒီးကျ အပြင်းကျောင်းပို့ပေးရတဲ့ ဒီဘက်ကမ်းက ကျောင်းသူကျောင်းသားတွေ အခု အရာရှိကြီး တွေဖြစ်လို့၊ မန်နေဂျာကြီးတွေဖြစ်လို့၊ သူဌေးကုန်သည် ပွဲစားကြီးဖြစ်လို့၊ ကြိုးဖုန်းနဲ့ လက်ကိုင်ဖုန်းနဲ့ ကားထည်လဲစီးလို့။

သင်းတို့ အခုကျုပ် ကူးတို့လှေကို မစီးကြတော့ဘူး။ မှော်ဝန်းချောင်းတစ်ဖက်ကမ်းက သူတို့ဆွေမျိုးသားချင်းများ ရှိရာကိုလာရင် ကျိုက်မှော်ဝန်း ရေလယ်ဘုရားရှေ့က မိုးလုံလေလုံ စက်ကြီးတပ်၊ ပေါင်းဝန်းမိုး ကုလားထိုင်ပါ မော်တော်တို့၊ စက်လှေကြီးတို့ကို စင်းလုံးငှားပြီး သွားလေရဲ့။

ဒါကြောင့် . . .

တရားကျတယ်လို့ ပြောရတာပ။

ဒါဖြင့် မေးကြမယ်၊ ဦးကျောက်ထီးက ကျေးဇူးအဆပ်ခံချင်လွန်းလို့ ဒီလိုတွေးနေတာလားလို့။

လုံးဝဗျာ။

ဒီနေ့ ကျောက်ထီး ကူးတို့လှေသမားဘဝနဲ့ မြေးသားသမီးများကို ရှာဖွေကျွေးနေတုန်းပဲ။ လယ်မဲ့ယာမဲ့ ပညာမဲ့ ကျုပ်မိသားစုရဲ့ ဘဝဟာ သားအကြီးကောင်လည်း ကူးတို့သမားပဲ၊ မြေးအကြီးကောင်လည်း ကူးတို့သမားပဲ။

ဟိုးတုန်းကလည်း ချဉ်ရည်ဟင်းနဲ့ ငါးပိရည်တို့စရာပဲ။

ခုလည်း ချဉ်ရည်ဟင်းနဲ့ ငါးပိရည်တို့စရာပဲ။

အဲ–ဆန်တစ်ပြည် ရှစ်ရာကျော်အလျှဉ်မီအောင် မနည်းလုပ်နေရသကိုး။

---

စိတ်ကူးသစ်စာပေ



ဒီနေရာမှာ ကျုပ်ရဲ့ကျေးဇူးကို သိသာထင်ရှားစွာ ဆပ်သွားတဲ့ မိန်းမတစ်ယောက်အကြောင်း ပြောချင်တယ်ဗျာ။

✤✤✤✤✤✤✤

www.burmeseclassic.com

www.burmeseclassic.com

(၃)

သူမရဲ့နာမည်က မချောစုတဲ့။

မချောစုဆိုတာ သူမရဲ့ နာမည်အရင်း မဟုတ်ဘူးနော်။

ကျုပ်တို့ ကူးတို့လှေသမားတွေ ဝိုင်းဝန်းမှည့်ပေးထားတဲ့ အမည်။ သူမအမည်အရင်းက ဘယ်သူလဲ။ ဘယ်သူမှမသိကြဘူး။ သူမကို ကြုံခဲ့ရတာက ဂျပန်ခေတ်စစ်ပြေးကာလ။

အထက်မှာဆိုခဲ့ပြီးသလို ရန်ကုန်၊ သန်လျင်၊ ကျောက်တန်းမြို့များကစစ်ပြေးများ ကျုပ်တို့ပန်းတော၊ မိးပြ၊ ကင်းပွန်းချုံဘက်ကို ဒရောသောပါး စစ်ပြေးလာချိန်မှာ အဲဒီမိန်းမရောက်လာတာပဲ။

သူမ ရောက်လာသည့်အချိန်ဟာ လူကောင်းတစ်ယောက် အသွင်သဏ္ဍာန်မဟုတ်ဘူး။ စိတ်ရောဂါကိုယ်ပါ သွက်သွက်ခါ ရူးနေတဲ့ စိတ်ရောဂါသည်ဘဝနဲ့။

အသက်က (၂၀)ကျော် ဝန်းကျင်ခန့် ရှိမယ်။ ကျုပ်တို့နဲ့ ရွယ်တူခန့်ရှယ်။ ရုပ်ကလေးက မဆိုးပါဘူး။ တစ်ခေါင်းလုံး ပန်းမျိုးစုံပန်လို့





ပါးနှစ်ဖက်အနက် ဘယ်ဘက်ပါးပြင်ပေါ်မှာ သနပ်ခါးကြက်ခြေခတ်၊ ညာဘက်ပါးပေါ်မှာ ပါးကွက်ကျားဝိုင်းဝိုင်းနဲ့၊ မျက်ခွံနှစ်ဖက်ကို အိုးမဲ (ကာချယ်) သုတ်လို့။

ထဘီအောက်နားကွဲကို အလကားနေ ဖြန့်ဖြန့်ဝတ်နေလို့ စိတ်လည်းညစ်ရပါ့။ ကိုယ်လုံးကိုယ်ပေါက်ကလည်း ငါးရံ့ကိုယ်လုံး သွယ်သွယ်လုံးလုံးလေး။

စစ်ပြေးခရီးသည်များနဲ့ ထွက်အံ့ဆဲဆဲ ကျုပ်ကူးတို့လှေပေါ် ပြေးခုန်တက်လို့ လှေပါမှောက်မလိုဖြစ်ရော။ ကူးတို့လှေပေါ်ပါတဲ့ ခရီးသည်တွေဆိုတာ အဲမိန်းကလေးကို ဝိုင်းဆဲပြီး တွန်းလွှတ်ကြရော။ သူကလည်း လှေနံနှစ်ဖက်ကိုကိုင်ပြီး မဆင်းဘူးချည်းပြောနေတာ။

"ဟဲ့ . . . ကောင်မလေး၊ ဆင်း . . . ခုဆင်း"

"မဆင်းဘူး"

"နင့်ကြောင့် လှေမှောက်မယ်၊ ဟဲ့ . . . ဆင်းနော်"

"ငါ့ကြောင့် ဒီလှေလုံးဝမမှောက်ရဘူးဟဲ့ မိုင်းတာမရဲ့။ ငါစီးတို့ ဒီလှေမိုးပေါ်ကို ငှက်လိုပျံသွားမှာ။ ငါ့များ ဆင်းတဲ့။ နင်တို့ဆင်းသွားကြ၊ ခုဆင်းကြ"

"နင်မဆင်းရင် တွန်းချလိုက်မယ်"

"အံမာ . . . မိုင်းတာမ အနှမ်းမ သွပ်ချောင်ချောင်တွေကများ ငါ့ကိုတွန်းချမလို့တဲ့။ ဒါဘယ်သူ့လှေလဲသိလား"

သူကလည်း မခေဘူးဗျာ။ အကောင်းတွေကို ပြန်ရန်တွေ့ပြီး ထဘီကို ထိုင်လျက်ကဖြန့်ဝတ်တော့ ကျုပ်ရော လှေပေါ်ပါသူတွေပါ မျက်စိမှိတ်ထားရတယ်။ အဲဒီမှာ လှေပေါ်ကစွာကျယ်ကျယ် စစ်ပြေးမိန်းမက –



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . . ဒါဘယ်သူ့လှေလဲပြော၊ နင်ဖြေလေ"

အဲဒီမှာပဲ သူမက လှေထိုးသားကျုပ်ကို လှမ်းကြည့်ပြီး–

"မှတ်ထားဟဲ့ အနှမ်းမရဲ့၊ ဒါ ငါ့ယောကျ်ားလှေ"

"ဟေ"

"ဟေ"

"ဟယ်"

"ဟီး . . . ဟီး . . . ဟီး . . . ခစ် . . . ခစ်၊ ငါ့ယောကျ်ား လှေ . . . သိပြီလား၊ ဆင်ကြစမ်း"

အဲဒီမှာ စွာကျယ်ကျယ်မိန်းမက ကျုပ်ရဲ့မျက်နှာကို အံ့သြ ဟန်နှင့် လှမ်းမော့ကြည့်ပြီး–

"ဟုတ်လားဟင် . . . အစ်ကိုကြီး"

ကျုပ်ဗျာ ရှက်လွန်းလို့ မျက်နှာဘယ်လိုထားရမှန်း မသိဘူး။ တက်ခတ်တွေလည်း အယောင်ယောင်အမှားမှားနဲ့ ဟန်ချက်ပျက်၊ လှေ ကလူးသွားတယ်။

"ဟုတ်တယ်လို့ပြောလိုက်လေ . . . ယောကျ်ားကလဲ"

ဒီမှာ သူမက ကျုပ်ကိုကြည့်ပြီး လုပ်ချလိုက်ပြန်ပါရော။

"မ . . . မဟုတ်ဘူး၊ မဟုတ်ဘူး။ ကျုပ် . . . ကျုပ် လှေ ပါဗျာ"

"ခစ် . . . ခစ် . . . ခစ် ဘာလူပျိုလဲ၊ ရရစ်နဲ့ လူပြို . . . ခစ် . . . ခစ် . . . ခစ်"

ဒီတော့မှ လှေပေါ်ပါ ခရီးသည်များ သဘောပေါက်သွားပြီး သူမကို ကြည့်လို့ ရယ်လည်းရယ်ကြရဲ့။ လှေမှောက်မှာလည်း ကြောက် ကြရဲ့။

---

**စိတ်ကူးသစ်စာပေ**



သင်းကိုလေ လှေပေါ်ကနေ ကန်ချလိုက်ချင်ပါဘိသနဲ့။

ပြီး သူက သီချင်းတစ်ပုဒ်တောင် ဟစ်လိုက်သေးရဲ့ ခင်ဗျ။

"ဩော် × × × မြရင် × × × မြရင် × × × ချစ်ကြပေသရှင် × × × ပြေတစ်ခွင် × × × မောင့်အချစ်မျိုးဟာ ဘယ်အမျိုးအစားလဲ တကယ် အားမရနိုင်အောင်ပင် × × × ပေါ်ပေါ်ထင်ထင် × × × ချစ်ချင်လှရင် × × × အလှူရှင်မှန်း အားလုံးသိကြပါတယ်ရှင် × × × အပိုင်နော်ကြလိုက် သခင် × × × တိုင်ပေါ်အလံစိုက်ချင် × × × "တဲ့။

လှေပေါ်ပါ အပျိုဖြန်းသုံးယောက်လောက်က သူမနဲ့ကျုပ်ကို ကြည့်ပြီးကျိတ်ရယ်ကြလို့ဗျာ။

✤ ✤ ✤ ✤ ✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com

## (၄)

ပြောရရင် သူမဟာ ကျုပ်တို့နေတဲ့ မော်ဝန်ချောင်းတစ်ဖက်ကမ်းကို ရောက်လာခဲ့တယ်။ ဆွေမရှိ မျိုးမရှိပါ။ အဲဒါ ဘယ်မှာအိပ်မှန်းတော့မသိဘူး။ ရွာထဲလည်း၊ သီချင်းတွေဆို ကခုန်ပြီး ပေးသမျှနဲ့ စားသောက်နေတာပဲ။

ဘုန်းကြီးကျောင်းက ဟင်းကျန် ထမင်းကျန်လည်း သူ့ရိက္ခာပဲ။

သို့သော် ထူးခြားတာ တစ်ချက်ရှိတယ်။ နေ့စဉ်ပဲ ကျောက်တန်းမြို့ရှိရာဘက်ကမ်းကို ကူးတယ်။ မိုးလင်းရင်ရောက်လာရော ဘယ်သူ့လှေမှမစီးဘူး၊ ကျုပ်လှေကိုပဲ ရွေးစီးတယ်။ လူပြည့်လို့ လှေထွက်မယ်ကြံရင် ဖိုးရိုးဖားရားနဲ့ ပြေးချလာပြီး ဘယ်လိုအော်ပြောမှတ်လို့တုံး။

"ယောက်ျားရေ . . . ခဏလေး ညီမလည်းလိုက်မယ်" တဲ့။

ဒုက္ခမှ အကြီးအကျယ် ဒုက္ခပါဗျာ။ စစ်ပြေးဒုက္ခသည်တွေက ဦးနှောက်မကောင်းတဲ့ ကျုပ်မိန်းမလို့ တကယ်ထင်ကုန်ကြရော။ အဲဒီ





ကိစ္စက နေ့တိုင်းရှင်းနေရတယ်။

လှေပေါ်ရောက်လည်း အငြိမ်နေတာမဟုတ်။ သီချင်းမျိုးစုံအော်ဆို၊ ထိုင်လျက်ကလိုက၊ လှေပေါင်ဘောင်းကရေနဲ့ ကျုပ်ကိုပက်ပြီး စ,လို့စ။

ညနေရောက်ရင် ကျုပ်လှေကိုပဲ စောင့်စီးပြန်ရော။ မတင်လို့လည်း မရဘူး။

တစ်ခါဗျာ မတင်ဘဲလှေကိုလှော်ပြေးတာ ကမ်းပေါ်ကနေပြောလိုက်တာ ရစရာမရှိဘူး။ သူက ကျုပ်နာမည်ပါ သိနေတာကိုးဗျ။

"ယောက်ျားရေ ကျွန်မကို မထားခဲ့ပါနဲ့။ ကိုကျောက်ထီး၊ ရှင်ကျွန်မကို စိမ်းကားသွားပြီလား။ လာခဲ့ . . . တွေ့မယ် . . . တွေ့မယ်။ အိမ်ရောက်ရင် ကျုပ်အကြောင်း တော်သိရမယ်ဟေ့"

ဆွေ့ဆွေ့ကို ခုန်လို့။

ဇာတ်က ကြာတော့ ရှင်းမရဘူး။

ကောင်မလေးက ငယ်ငယ်ချောချောမို့ လှေသမားအားလုံးက 'ချောစု'လို့ နာမည်ပေးထားကြတယ်။ လှေသမားရောင်းရင်းများက ကြာတော့မေးရော။

"ကျောက်ထီး"

"ဘာလဲဖိုးချွေး"

"ချောစုနဲ့ မင်းနဲ့ ကြိုက်နေကြသလားကွ"

"ဖွီ . . . ဒီအရူးမများ ငါက ကြိုက်ရမှာလားကွ။ မင်းကြိုက်ပါလား"

"ကောင်မလေးက မင်းမှမင်းပဲ ကိုယ့်လူ။ ငါတို့က တို့ဗျေ့ နဲ့လိုက်ခဲ့ပါလား ချောစုလို့ခေါ်ရင် မလိုက်ဘူးတဲ့။ ကျွန်မ ယောက်ျား



www.burmeseclassic.com

www.burmeseclassic.com



လှေနဲ့ပဲ လိုက်မယ်တဲ့။ နင့်ယောက်ျားက ဘယ်သူတုံးလို့ မေးတော့ ကျောက်ထီးတဲ့''

''ဝါး . . . ဟား . . . ဟား''

''ကာယကံရှင်က ဖွင့်ပြောမှတော့ ငါတို့လဲ ယုံရတာပေါ့ ငထီးရ''

''တော်စမ်းပါကွာ''

''တိတ်တိတ်တော့ မညားပါနဲ့ ကျောက်ထီးရာ၊ အိမ်နီးချင်းတွေတော့ မုန့်ဟင်းခါးလေးကျွေးပြီး အသိပေးပါကွာ''

''ဟား . . . ဟား ဟုတ်တယ်ကွ ကျောက်ထီး၊ မင်းကျွေးရမယ်''

နောက်ဆုံး သူတို့အုပ်စုနံဘေးကနေ ထွက်ပြေးရရော့။

ဒါတောင် ဗျောက်ကြီးဆိုတဲ့ လှေသမားက အော်ပြောလိုက်သေး။

''ခဲဖိုးမပေးချင်လို့နေမှာပေါ့'' တဲ့။

ကြာတော့ နောက်ရင်းပြောင်ရင်း ကြားကနေ နေ့စဉ်လိုလို ချောစုက ကျုပ်ကူးတို့လှေနဲ့ အသွားအပြန် စီးပါများတော့ ချောစုနဲ့ ကျုပ် ခင်မင်လာတယ်။ ဘာရယ်လို့မဟုတ်ဘူး၊ တစ်ခါတစ်ခါ ချောစု အချိန်တန်ပေါ်မလာရင် ကျုပ်မျှော်နေမိတယ်။

တစ်နေ့ ညနေအပြန်မှာ ခရီးသည်မရဘူး။

လှေပေါ်မှာ ကျုပ်နဲ့ ချောစုနှစ်ယောက်တည်း။ ပေးလိုက်ကမ်းလို့ ရသမျှပစ္စည်းများကို လှေပေါ်မှာရေတွက်လို့။

''ချောစု''

''ဘာလဲ။ ယီးတီးယားတားမလုပ်နဲ့နော်၊ ဒီမှာတွေ့လား''





''အလိုလေးဗျ''

သူမကပြောရင်း ခါးကြားကနေ ဓားမြှောင်ကို ဆွဲထုတ်ပြီး မြင်သာအောင် ထောင်ပြလို့ ပြန်ဖက်လိုက်ရဲ့။

''ချောစု''

''ဘာလဲ . . . ဘာလဲ စိတ်ကူးကိုပျက်တယ်။ ဘာလဲ ပြော''

''နင့်နာမည်အရင်းက ဘယ်သူလဲဟင်''

''သိဘူး''

''နင့်နေရပ်ကရော''

''သိဘူး''

''နင့်မိဘတွေရော ရှိသေးလားဟင်''

''သိဘူး''

''နင့်မှာ ယောက်ျားရောရှိခဲ့ဖူးလား ချောစု''

''ရှိတယ်တော့ . . . အဟီး''

''အံမယ် . . . ယောက်ျားရှိလားမေးတော့ 'အဟီး'တဲ့ မျက်နှာကိုရွှင်လို့။ နင့်ယောက်ျားရဲ့နာမည်က ဘယ်သူလိုခေါ်သတုံးဟ ချောစုရ''

''ကျုပ်ယောက်ျားနာမည်က လှတယ်တော့၊ ကျောက်ထီးတဲ့''

''သေဟ . . . ငကျောက်ထီးရ''

သူ့နောက်ကြောင်းကို ဘယ်လိုမှ မေးလို့မရဘူး။ စစ်ပြေးတွေကို မေးမြန်းစုံစမ်းကြည့်တော့ ဘယ်သူမှ မသိကြဘူး။

တစ်ခုတော့ သူမကံကောင်းလေရဲ့။

သူမကို ဘယ်သူမှ မစော်ကားကြဘူး။ ချစ်ကြခင်ကြ သနားကြတယ်။ ရွာထဲမှာ သူသီချင်းဆိုပြီး ကခုန်နေရင် ကလေးတွေက ဝိုင်းပြီး ခြေသံ . . . ချောစု . . . ချောစု။



www.burmeseclassic.com

www.burmeseclassic.com



အသားဖြူဖြူ၊ ရုပ်ရည်သနားကမားလေး။ အကြောက်အလန့်လည်းမရှိ။ သရဲခြောက်တဲ့ အိမ်ပျက်မှာလည်း အိပ်တာပဲ။ ကျောက်တန်းဇရပ်ပျက်မှာလည်း အိပ်တာပဲ။ စစ်ပြေးများစုနေကြတဲ့ ဘုန်းကြီးကျောင်းဝန်းကျင် သစ်ပင်အောက်မှာလည်း အိပ်ရဲတာပဲ။

\+ + + + + + +

(၅)

များမကြာခင် ထူးဆန်းတဲ့ဖြစ်ရပ်များကို ကြားရကြုံရပါရောဗျာ။ အချို့က ချောစကိုသချိုင်းမှာ ညဘက်စကားပြောနေတာမြင်သတဲ့။ ဘယ်သူနဲ့ စကားပြောနေမှန်းမသိဘူး။ ကြည့်ရတာ နာနာဘာဝတွေနဲ့ စကားပြောနေပုံပဲတဲ့။

အချို့က ရှေးဟောင်း စေတီပျက်အနီးမှာ ရယ်လိုက်မောဆိုက်ငိုလိုက်နဲ့ တွေ့ရသတဲ့။ ဥစ္စာစောင့်တွေနဲ့ စကားပြောနေတဲ့ဟန်သဏ္ဌာန်မျိုးတဲ့။ အချို့ကတော့ ရွာစွန်ရွာဖျားက ဒေါ်အိမ်ကြို့ဆိုတဲ့မိန်းမကြီးအိမ်ကိုဝင်သွားတာ တွေ့ရသတဲ့။

ဘုရား . . . ဘုရား . . . ဒေါ်အိမ်ကြို့ကို ကျုပ်တို့ရွာသူရွာသားများက စုန်းကဝေမကြီးလို့ သတ်မှတ်ထားတာ။

ဒေါ်အိမ်ကြို့ကိုကြောက်လို့ ဘယ်သူမျှစကားမှမပြောရဲကြဘူး။ ပြုစားတတ်တယ်လို့ နာမည်ကြီးနေတဲ့ အဘွားကြီး။ ရွာထိပ်ပင်လယ်လမ်းစပ်မှာ တဲအိုစုတ်နဲ့နေတဲ့ မိန်းမကြီး။



www.burmeseclassic.com

www.burmeseclassic.com



အချို့ရွာထဲ ဖျားနာရင် ဒေါ်အိမ်ကြို့ ပြုစားတယ်မှတ်ပြီး စားသောက်ဖွယ်ရာများနဲ့ ဒေါ်အိမ်ကြို့ရှိရာ သွားလို့တောင်းပန်ကုသကြရတယ်။ အချို့တွေမလည်း ရောဂါပျောက်ရဲ့။ အချို့လည်းသေသွားကြတာပဲ။

လပြည့်၊ လကွယ်ညများရောက်ရင် ပင်လယ်ကမ်းစပ်မှာ ဒေါ်အိမ်ကြို့နဲ့ ချောစုတို့ ပင်လယ်ကိုကြည့်ပြီး ဆံပင်ဖားလျားနဲ့ ဘာတွေရွတ်ဖတ်နေမှန်းမသိဘူးလို့ တံငါသည်တွေက ပြောကြပြန်ရဲ့။

တစ်နေ့လည်းကျရော . . .

လှေထဲက ရေများကိုခပ်ပြီး ခရီးသည်စောင့်နေတဲ့ ကျုပ်ရှိရာကို ချောစု အူယားဖားယားနဲ့ ပြေးချလာပါရော။

"မြန်းမြန်းလာပါဟ . . . ချောစုရဲ့ ငါ့လှေမထွက်သေးပါဘူး"

ကျုပ်နားရောက်တော့ သူမမောနေပြီ။ ဒီမှာ သူ့အထုပ်ကြီးကို ပစ်ချပြီး . . .

"အစ်ကို ကျောက်ထီး"

"ဘာတုံး ချောစု"

"အစ်ကို ကျောက်ထီး"

"ဘာတုံး . . . ဘာတုံး"

"အစ်ကိုကျောက်ထီး"

"ဘာတုံးဟ . . . ဂန်းတာမ ရဲ့ သေမလို့ ငါ့နာမည်ကို ထပ်တလဲလဲ ခေါ်နေရတာလား။ စိတ်ကမရှည်တော့ဘူး။ ပြောမယ့်အရေးနာမည်ပဲ ခေါ်လို့က မပြီးနိုင်ဘူး"

"အစ်ကို ဒီနေ့လှေ . . . လှေမထွက်နဲ့တော်"

"ဟ . . . နေ့တိုင်းထွက်နေကျဥစ္စာ၊ ဒီနေ့ ဘာလို့မထွက်





ရမှာလဲ"

"မထွက်နဲ့တော်"

"ဟုတ်ပါပြီ . . . ဘာလို့ မထွက်ရမှာလဲ၊ နင့်ကိစ္စရှိနေလို့လား"

"ဟုတ်ဘူး။ ကျွန်မမျက်စိထဲ အာရုံထဲမှာ တစ်ခုခုဖြစ်မှာ မြင်နေလို့တော့"

"ဟာ . . . မဟုတ်ကဟုတ်ကဟာ။ ဟိုမှာခရီးသည်တွေလာပြီ၊ တက်တက်"

"ကိုကျောက်ထီး၊ ဒီနေ့ လှေမထွက်ပါနဲ့တော်။ ကျုပ်တောင်းပန်ပါတယ်"

သူမက ဖွတ်ပဲ ကျုပ်ကိုပြောနေတယ်။ ဒီအချိန်မှာ ပန်းတောရွာက ကိုကြက်တောတို့အုပ်စု ရောက်လာကြရောဗျ။

"ဟေ – ကျောက်ထီး၊ ဘာတွေနှစ်ကိုယ်ကြား တိုင်တည်နေကြတုံးကွဟေ"

"ချစ်စခင်စ ဒီလိုပဲပေါ့ ကိုကြက်တောရာ ဟားဟားဟား"

ကိုညွန့်မောင်ကြီးကလည်း ဝင်ဖောက်လိုက်တာနဲ့ ကြာတော့လည်း ရှိုးနေပြီမို့ စိတ်လည်းမဆိုးနိုင်တော့ဘူး။ အရေးလည်းစိုက်မနေတော့ ပါဘူးဗျာ။

"မထွက်သေးဘူးလား"

"ထွက်မယ် . . . တက်ကြဗျာ"

"အစ်ကို မထွက်နဲ့"

ကိုညွှန့်မောင်တို့လူစုက လှေပေါ်ကို ရောက်ကုန်ပြီ။ နေရာယူကုန်ကြပြီ။ လူလည်း ပြည့်နေပြီ။ ဒီမှာပဲ ချောစုဟာ ကျုပ်ပုဆိုးစကိုဆွဲပြီး လှေပေါ်ကနေ ဖွတ်ဆွဲချပါရော။



www.burmeseclassic.com

www.burmeseclassic.com

၄



"ဟဲ့ . . . ကောင်မလေး၊ လူရှေ့သူရှေ့ ဒီလိုမလုပ်နဲ့လေ"

ညွန့်မောင်ကြီးက ချောစုကိုကြည့်ပြီး နောက်ပြောင်ရော ခင်ဗျ။

"ချောစု . . . နေစမ်းပါဟာ၊ နင်မလိုက်ချင်နေခဲ့"

"ဟင့်အင်း . . . ဟင့်အင်း၊ လှေလုံးဝ မထွက်ရဘူး၊ မထွက်ရဘူးလာ"

သူမဟာ ပြောရင်းကနေ ကျုပ်ပုဆိုးစကို မလွှတ်တမ်းဆုပ်ပြီး သန်မာတဲ့လက်အစုံနဲ့ ကျုပ်ကို တရကြမ်းဆွဲခေါ်သွားပါလေရော။

"ဟေ့ကောင် . . . မယားကြောက်၊ ဒီလှေ ဘယ်သူလှော်မှာလဲ"

"မယားနေစ ကြောင်သေမှတဲ့ကွ ကျောက်ထီးရ"

လှေပေါ်ကနေ ကျုပ်ကို ဝိုင်းဖွဲ့ကုန်ကြပြီ။ ကျုပ်ကလည်း ညီမလေးလို သံယောဇဉ်ဖြစ်နေရတဲ့ သူမကို ချော့ပြီးလွှတ်ဖို့ပြော၊ သူမကလည်း ဖွတ်ဆွဲခေါ်။ ဒါနဲ့ သူမခေါ်သွားရာ ဘုရားစေတီတစ်ဆူရှိရာကို ရောက်သွားပါရော။ အဲဒီနေ့မနက်က ကျုပ်လှေကို ကျုပ်ကိုယ်တိုင် မလှော်ခဲ့ရဘူး။

ဘာကြာလဲဗျာ။

သတင်းဆိုးတစ်ခု ကြားရပါလေရောဗျို့။

အဲဒီမနက်က ကျုပ်လှေကို ညွန့်မောင်ကြီးကိုယ်တိုင် လှော်သွားသတဲ့။ ဒီအချိန်မှာ ရေတက်လေတက်နဲ့ ကောင်းကင်မှာ မိုးတွေညိုပြီး မှောင်ကျလာရော။ ညွန့်မောင်တို့၊ ကြက်တောတို့ကလည်း လှေသမားတွေပါပဲ။ မထူးဘူးဆိုပြီး ကျုပ်လှေကို ယူလှော်သွားကြတာ။ ဒီမှာ မိုးကမှောင် လှိုင်းကလည်းရေတက်နဲ့ကြမ်း။ ဖြုန်းဆို ကုန်တင်စက်လှေကြီးတစ်စီးနဲ့ ဝင်တိုက်လိုက်တာ လှေမှောက်ပြီး လွင့်စဉ်ကုန်ရော။





စာရင်းချုပ်လိုက်တော့ ရေလယ်ကောင်မှာ မိန်းမတစ်ယောက် အသက်ပျောက်ခဲ့ရပြီး ညွန့်မောင်တို့၊ ကိုကြက်တောတို့ တံငါလှေသမားခရီးသည်များကတော့ ရေကူးရေစီးနဲ့မျောပြီး အသက်ရှင်ခဲ့ရတယ်။

ဘုရား . . . ဘုရား၊

ကျုပ်များ ဒီခရီးစဉ်ကို လှော်ခတ်သွားခဲ့ရင် ဒီအဖြစ်ဆိုးနဲ့ ကျုပ်ကြုံရမှာ။ တော်ပါသေးရဲ့၊ ချောစုလေး ဖွတ်တားလို့။ ကယ်လိုက်လို့။ မဟုတ်ရင် ကျုပ်လည်း ဒီမှော်ဝန်းရှ်ချောင်းထဲမှာ အခန့်မသင့်ပါက ရေစာမိသွားနိုင်လေရဲ့။

ကျုပ်လေ . . .

ကြားရတဲ့ သတင်းအတွက် လုံးဝစိတ်မကောင်းပေမင့် အဲဒီနေ့က ကျေးဇူးတင် အံ့ဩဝမ်းသာလွန်းလို့ ချောစုကို ညီမအရင်းလေးလို ပွေ့ဖက်ထားမိတယ်။ အဲဒီတုန်းက ချောစုက တခစ်ခစ်ရယ်ပြီး . . .

"ယုံပြီလားတဲ့" မေးရဲ့။

\+ + + + + + + +

www.burmeseclassic.com

www.burmeseclassic.com

(၆)

အရှုံးစကား၊ ကလေးစကား၊ သဘင်သည်စကားတဲ့။

မြန်မာ့စကား နိမိတ်ဝေလေ့မှာ အဲဒီလူစားသုံးယောက်ရဲ့ ပြော စကားကို အတိတ်နိမိတ်ကောက်ပြီး စဉ်းစားဆင်ခြင်သုံးသပ်ကြတဲ့ ဓလေ့ ကျုပ်တို့မြန်မာမှာ အရိုးစွဲခဲ့တာ ကြာလှပေါ့ဗျာနော်။

ပြီးတဲ့တစ်ခါ မှော်ဝန်းချောင်းမှာကျုပ် ကူးတို့လှေနဲ့ ကုန် တင်စက်လှေကြီးတစ်စီး တိုက်မိတဲ့ကိစ္စ၊ ကျုပ်ကံကောင်းထောက်မှ သေဘေးမှဝေးခဲ့ရတဲ့ကိစ္စ အကြောင်းအရင်းမှန်ကို ကိုကြက်တော တို့ ကိုညွှန့်မောင်တို့ ပြန်ပြောပြလို့ ချောစုရဲ့သတင်း ပိုကြီးသွားခဲ့လေရဲ့

လူတွေနှယ်ဗျာ . . . ။

ယုံချင်လည်း သူတို့ပဲ၊ မယုံချင်လည်း သူတို့ပဲ။

အခု ကြည့်စမ်း။ ညွှန့်မောင်တို့၊ ကြက်တောတို့ကိုတိုင် ချော ကို မနောဗေဒင်ပညာရှင်အလား ယုံမှတ်ကိုးစားကြလို့။





ပင်လယ်ထဲ ငါးဖမ်းထွက်ချင်ရင် ချောစုကို ဗေဒင်မေးသလို လာမေးကြရော။ ချော့မော့မေးကြတာ။ စားစရာ သောက်စရာများပေး ပြီး မေးကြတာ။

ချောစုကလည်း စိတ်ကောင်းဝင်ရင် ပြောပေါပါရောဗျ။

"နက်ဖြန်ထွက်။ ငါးအကောင်ကြီးတွေ ရလိမ့်မယ်"

"ဒီနေ့မထွက်နဲ့"

"ဘာဖြစ်လို့လဲ"

"မထွက်နဲ့ဆို မထွက်နဲ့"

ချောစုကလည်း ထပ်ကွန့်ရင် ဘုတောပြီး ထွက်ပြေးရော။ မယုံလို့ထွက်တဲ့တံငါလှေ ပင်လယ်မှာ မုန်တိုင်းနဲ့တိုးရော။ ချောစု ပြောလိုက်တာ လိုက်နာတဲ့လူ လှေရောအသက်ရော မဆုံးရှုံးဘူးဗျ။

အံ့ရောဗျာ။ ချောစု ဒါတွေဘယ်လိုတတ်နေ၊ သိနေလည်း မသိဘူး။ သင်္ချိုင်းကုန်းထဲက ဝိညာဉ်တွေက သူမကို ဝင်ပူးပြောလို လား၊ သူမသွားသွားနေတဲ့ ရှေးဟောင်းစေတီပျက်ဝန်းကျင်က ဥစ္စာစောင့် တွေက ဝင်ပူးပြောလို့လား။

ဒါမှမဟုတ် ကဝေလိုလို၊ စုန်းလိုလို ဘာမှန်းမသိတဲ့ ဟိုမိန်းမ ကြီး ဒေါ်အိမ်ကြိုထံက ပညာများရလို့လား။

ဘယ်လိုမှ ချော့မေးလို့မရပေမဲ့ သူမပြောတိုင်း မှန်နေလို့ ချောစုအနေအစား ချောင်လာတယ်။ စိတ်မမှန်ပေမဲ့ စိတ်အသိ ထူးဆန်းနေတော့ ဟိုအိမ်ဒီအိမ်က ချောစုကိုခေါ်ကြ၊ ဖိတ်ကြ၊ ကျွေး ကြ၊ ပေးကမ်းကြ။ ဒီလိုနဲ့ ချောစုမှာ အဝတ်အစားကအစ တောက် ပြောင်လို့၊ ပါးပေါ်မှာ သနပ်ခါးဘဲကျားလိမ်းနဲ့၊ တောပန်းပေါင်းရုံး သီချင်းဝဲကြော်ကြော်နဲ့၊ အစားအသောက်ကောင်းလာတော့ လှလာ၀ိုပြီး



www.burmeseclassic.com

www.burmeseclassic.com



တင်းရစ်နေဟာပဲ။

ကျူပ်ကိုလည်း တစ်နေ့တခြား ခင်တွယ်လာတယ်။ မနက်တစ်ခေါက်၊ ညနေတစ်ခေါက် ကျူပ်ရဲ့ကူးတို့လှေစီးပြီး ကျောက်တန်းမြို့ထဲမှာ လျှောက်သွားတာပဲ။

အချို့တွေက သူမကို မြတ်စောညီနောင်ဘုရားပေါ်မှာ တွေ့ကြသတဲ့။

အချို့က သူမကို ဝိဇ္ဇာများဦးခိုက်ရာ ကျိုက္ကမော့တောင်ပေါ်မှာ ပုတီးစိပ်နေတာ တွေ့ကြသတဲ့။

အချို့က ပါဒငါးထပ်ကြီးဘုရား၊ ကျိုက်ခေါက်ဘုရား၊ မောင်သန်လျင်မင်း တည်ခဲ့တဲ့ဘုရား၊ ကျိုက်ပြာသာဒ်တနော်ဘုရား၊ ကျွဲနိုးဘုရား၊ ရှင်မွေးနွန်းကုန်းတော်ဘုရား၊ တိုက်ကြီးကုန်းပေါ်က ပေါ်တူဂီရှေးဟောင်းကျောင်းပျက်ကြီးများအကြား သွားလာလှည့်လည်နေတာကို တွေ့ကြသတဲ့။

ကျူပ်ရဲ့ ဘေးဥပဒ်အန္တရာယ်ကို သုံးကြိမ်တိတိ နိမိတ်စကားများနဲ့ ကြိုကယ်တင်ခဲ့တယ်။ ကျွဲပျောက်၊ နွားပျောက်လည်း ပြောလိုက်ရင်ကွက်တိပဲ။ သံယောဇဉ်ဖြစ်ရလွန်းလို့ သူမအတွက် စားစရာလေးများချန်ထားပြီး ညနေအပြန်မှာကျွေးခဲ့တာ ရက်ပေါင်းလပေါင်း နည်းရော့လား။

ကြာတော့ ပြောရရော။

"ချောစု"

"ဘာလဲ"

"ညည်း . . . တစ်ယောက်တည်း လျှောက်လျှောက်မသွားနဲ့"

"ဘာဖြစ်လို့လဲ"





"အန္တရာယ်ဆိုးနဲ့ ကြုံရမှာစိုးလို့ ပြောနေတာ"

"ဘာလို့ အန္တရာယ်ဆိုးနဲ့ ကြုံရမှာလဲလို့"

"ညည်းက တစ်နေ့တခြားလှလို့"

"လှလို့"

"အေး"

"ခစ် . . . ခစ် . . . ခစ် . . . ခစ် တကယ်လှတာ"

"အေး . . . သိပ်ကိုလှနေလို့၊ မသူတော်များနဲ့တွေ့ရင် . . ."

"ဒီမှာတွေ့လား"

သူမက ခါးကြားမှာဝှက်ထားတဲ့ ဓားမြှောင်ကို လှစ်ခနဲထုတ်ပြတယ်။ အဖျားက ချွန်မြနေတာပဲ။ ဓားရိုးက သစ်သားရိုး၊ ပန်းကနုတ်ဖော်ပြီး ဆေးအနီရောင် သုတ်ထားလို့။

"သေနတ်သမားနဲ့တွေ့ရင် ညည်းဘယ်လိုလုပ်မလဲ ပြော"

"ကျွန်မက သေနတ်ပြီးတယ်တော့။ ကြောက်ပေါင်"

"ဟူး"

"ခစ် . . . ခစ် . . . ခစ်"

သို့ကလိုပြောရင်း ရယ်ပစ်လို့ ဓားကိုဝှက်ပြီး ကျူပ်မျက်နှာစေ့စေ့ကြည့်ကာ သီချင်းတစ်ပုဒ်ကို အော်ဆို ကပြန်လေရောဗျာ။

"လက်ဦးပန်ချင်ရင် ××× အမှန်ပင် ××× အမှန်ပင်လာခဲ့၊ မြိုင်ခေါ်ချင်ပါတယ် ××× မြိုင်ခေါ်ချင်ပါတယ် ××× လာစမ်းကွယ် ချစ်တဲ့သူကလေးရယ် ××× အောင်ပင်လယ် တောခြေဝယ် ××× မောလေတယ် ချောမေရယ် ××× ရွှေကြာပန်းကို ပန်ပါမယ် ××× ကြာပင်အိုင်ရယ် ××× ခြောက် ××× ကျွန်မရည်းစားနဲ့ ညားအောင် စောင့်ဦးမယ် ××× ခစ်ခစ်ခစ် ××× အဟာစ်"



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင်းပြောရင်း ဟဲနေတဲ့သူမက ကျုပ်ကိုနောက်ကနေ လှမ်းကိုက်တယ်။ နွေးအိတဲ့ ခံစားချက်တစ်ခုဟာ အရှိန်းကျုပ်ရဲ့ နောက်ကျောကနေ ရှေ့ရင်ဘတ်ရှိရာကို မျောဝင်ရောက်လာခဲ့တယ်။

ကျုပ် သူမရဲ့လက်ကလေးကို ဆွဲကိုင်ပြီး ရင်ခွင်ထဲမှာ ကြင်နာစွာ ဖက်ထားလိုက်မိတယ်။ သူမက တခစ်ခစ်ရယ်ကောင်းနေဆဲ။

ဩော် . . . ချောစုရယ်။

မင်းရဲ့ စိတ်ဝေဒနာ အမြန်ဆုံးပျောက်ကင်းပါစေ ညီမလေးရယ်။

\+ + + + + + +

(၇)

တစ်မနက်လုံး လှေဆိပ်ကနေ မျှော်နေတာ နေတောင်မွှင့်လာပြီ ချောစုမလာသေးဘူး။

သူကြိုက်တတ်တဲ့ ကောက်ညှင်းပေါင်း အုန်းသီးနိုင်းချင်းလည်း ကျုပ်ဝယ်ထားပြီးပြီ၊ ချောစု ပေါ်မလာသေးဘူး။

ခါတိုင်း ကျုပ်ကူးတို့လှေပေါ်ကို သူမ အဦးဆုံးရောက်နေကျ။

ဘာများဖြစ်နေပါလိမ့်။

လာရာလမ်းကိုမျှော်ပြီး ကျုပ်ကူးတို့လှေ မထွက်နိုင်သေးဘူး။ ဒီအချိန်မှာ ခရီးသွားတစ်အုပ်က လှေဆိပ်ရှိရာဆီကို စကားတွေ တွတ်ထိုးပြီး ဆင်းလာနေကြတယ်။ အဲဒီမှာ ကိုညွှန့်မောင်ကြီးလည်း ပါတယ်။

"ဗျို့ . . . ကိုညွှန့်မောင်"

"ကျောက်ထီးလားဟေ့"

"ဟုတ်တယ်ဗျ။ ကိုညွှန့်မောင်၊ ချောစုကို တွေ့ခဲ့သေးလား ၆

www.burmeseclassic.com



ဗျ''

''ဟင့်အင်း . . . မတွေ့ဘူးကွ။ ဒါနဲ့ ကျောက်ထီး၊ မင်းသတင်း တစ်ခုကြားပြီး ပလားကွ''

''ဘာသတင်းဇာဲဗျ''

''ရွာဖျားက အိမ်ပျက်ကြီးထဲမှာ လူတစ်ယောက် ဓားထိုးခံရပြီး သေနေလေရဲ့ဟ'' . . .

''ဟင် . . . ဓားထိုးခံရလို့ ဘယ်သူလဲဗျ။ သေတဲ့လူ ဘယ်သူလဲ။ ယောကျ်ားလား၊ မိန်းမလား။ သတ်တာရော ဘယ်သူလဲဟင် ကိုညွှန့်မောင်''

ကျုပ်ရဲ့ တရစပ်မေးခွန်းတွေကြောင့် ကိုညွှန့်မောင်က–

''သေတာက ယောကျ်ားကွ၊ သတ်တဲ့လူကိုတော့ မသိသေးဘူး၊ သူကြီးရောလူတွေပါ သွားကြည့်နေကြရဲ့။ ငါတို့တော့ ကြည့်ခဲ့ မြင်ခဲ့ပြီးပြီ။

ဒါနဲ့ ကျုပ် လော်တက်နှစ်ခုကို လေ့ဝမ်းထဲပစ်ချပြီး –

''ကိုညွှန့်မောင်''

''ဘာလဲကျောက်ထီး''

''အကယ်လို့များ ချောစုရောက်လာခဲ့ရင် ခဏလေးစောင့် နေလို့ပြောပေးနော်။ ကျွန်တော် သွားကြည့်ချင်လို့''

''အေး . . . အေး။ သွား . . . သွား . . . မြန်မြန်လာနော်။ တော်ကြာ မင်းကောင်မလေးက ပူညံပူညံလုပ်နေဦးမယ်''

''စိတ်ချပါဗျာ''

ကျုပ် အပြေးဒုန်းစိုင်းပြီးရွာဖျားက သရဲခြောက်တယ်လို့ နာမည်ကြီးလှတဲ့ အိမ်ပျက်ကြီးရှိရာဆီကို လာခဲ့တယ်။ အိမ်ဝင်းထဲမှာ





လူတွေအများကြီးပဲ။ သူတို့ကို တိုးဝှေ့ပြီးကြည့်လိုက်တော့ မျက်နှာမှာ ဓားခုတ်ရာနဲ့ အသက်(၄၀)ခန့် လူတစ်ဦး။ ဘယ်ဘက်ရင်အုံပေါ်မှာ ဓားမြှောင်တစ်ချောင်းက တစ်ဆုံးဖင်ပြီး မချိမဆံ့ အသက်ထွက်လို့။ သူ့ခါးအောက်ပိုင်းမှာ ပုဆိုးလုံးဝမရှိဘူး။ နီးနီးကပ်ကပ် ဝင်ကြည့်လိုက် ရော –

''ဟာ''

သေသူရဲ့ရင်အုံပေါ် စိုက်နေတဲ့ ဓားကိုကြည့်ပြီး ကျုပ်အရမ်း ကို အံ့သြသွားခဲ့ရတယ်။

ဓားရိုးပေါ်မှာ ပန်းကနုတ်ခက်နဲ့။ ပြီး–ဆေးနီသုတ်ထားလို့။

ဓား . . . ဓား၊ ဒီဓားဟာ၊ ဒီဓားဟာ . . .

အို . . . ဘုရား . . . ဘုရား။ သေသူရဲ့ဝန်းကျင်ကို အကဲခတ် ကြည့်လိုက်တော့ နင်းခြေခံတောပန်းရိုင်းအချို့ ပြတ်ကျိုးပဲ့ကြွေလို့။

ကျုပ် ချက်ချင်းပဲ လူအုပ်ကိုတိုးဝှေ့ပြီး ကူးတို့ဆိပ်ရှိရာကို ဒုန်းစိုင်းပြေးလာခဲ့လိုက်တယ်။

ကျုပ်နှလုံးသားဟာ အရမ်းကို တုန်ခါနေပြီဗျာ။

ဒါနဲ့အတူ ချောစုကို အရမ်းတွေ့ချင်စိတ်က တားမရဆီးမရ ဖြစ်နေတယ်။

''ကျောက်ထီး''

ခေါ်သံကြောင့် လှည့်ကြည့်လိုက်တော့ ဟိုဘက် ကျောက်ပုံ ဆိပ်ကူးတို့ဆိပ်လှေအုပ်စုက လှေသမားဘကြီးမြ။

''ဘကြီးမြ၊ ဘာ . . . ဘာလဲဟင်''

''ရော့''

ဒီမှာ ဘကြီးမြက အဝတ်နဲ့ထုပ်ထားတဲ့ အထုပ်တစ်ခု ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



ကို လှမ်းပေးနေတယ်။

"ဘာ . . . ဘာလဲ ဘကြီးမြ၊ ဒါဘာလဲဟင်"

"ဟို မင်းနဲ့တွဲနေတဲ့ မင်းလှေစီးနေတဲ့ ကောင်မလေး ပေးသွားတာ"

"ဗျာ . . . ချောစုပေးသွားတာ၊ အခု ချောစုရောဟင် ဘကြီးမြ။ ချောစုရောလို့"

"အဲဒီကလေးမလေး မနက်အစောကြီး ငါ့လှေနဲ့ ဟိုဘက်ကမ်းကို ကူးသွားတယ်။ မျက်နှာမကောင်းဘူး"

"ဗျာ"

"လှေဆိပ်ကိုကပ်ရော အစ်ကိုကျောက်ထီးကို ဒီအထုပ်လေးပေးပေးပါ ဘကြီးရယ်လို့ ပြောပြီး မြို့ထဲဘက် ဝင်သွားတာပဲ။ ငါသွားမယ်"

ကျုပ် . . , ကျုပ် ဘကြီးမြလည်း ထွက်သွားရော ချောစုပေးသွားတယ်ဆိုတဲ့ အထုပ်ကလေးကို အလျင်စလို ဖြေကြည့်လိုက်ရတော့ ငွေစက္ကူအချို့ရယ်၊ နွမ်းနေတဲ့ တောပန်းရောင်စုံ အချို့ရယ်။

ကျုပ် ပြန်ထုပ်ပြီး ရင်ဘတ်အကျႌကြားထဲထည့်လို့ လှေပေါ်ကို အမြန်ခုန်ဆင်းလိုက်ပြီး မော်ဝန်းရေဆိပ်ရှိရာကို အပြင်းလှော်ခဲ့လိုက်တယ်။ ချွေးကို ဒီးဒီးကျနေတာပါပဲ။ အပြန်ကူးတို့လှေသမားများလှမ်းအော်နှုတ်ဆက်တာကို ပြန်စကားမပြောနိုင်ဘူး။

လှေဆိပ်ရောက်တာနဲ့ ငုတ်တိုင်မှာ လှေကြိုးချည်ပြီး မြို့ထဲကို အမြန်ဝင်လိုက်တယ်။ ပြီး မြတ်စောညီနောင်စေတီ၊ ကျိုက္ကမော့တောင်၊ ကျိုက်ပြာသာဒ်တနော်စေတီ၊ ကျိုက်ပြာသာဒ်တနွံစေတီ၊ ပါဒငါးထပ်ကြီးဘုရား၊ အောင်ဇေယျဘုရား စသည်ဖြင့် ချောစုသွားတတ်တဲ့





ဘုရားစေတီများရှိရာသို့ လိုက်လံစုံစမ်းမေးမြန်းခဲ့တယ်။

စိတ်မမှန်တဲ့ ကောင်မလေးတစ်ဦးလာတာ မြင်မိပါသလားဟု ဂေါပကများ ဘုရားဖူးများကိုမေးသည့်တိုင် ဒီနေ့တော့ မမြင်မိပါဘူးလို့ ပြောကြတယ်။ ကျောက်တန်းတစ်မြို့လုံးစုံတော့ သန်လျင်ကျိုက်ခေါက်စေတီအပါအဝင် မြို့ထဲရှိရှိသမျှ ဘုရားစေတီ၊ ဈေးပါမကျန် လိုက်လံမေးမြန်းစုံစမ်းပါသော်လည်း ဒီကနေ့တော့ သီချင်းအဆိုကောင်း၊ အကကောင်းသည့် စိတ်မမှန်တဲ့ ခပ်ချောချောကောင်မလေးကို လုံးဝမတွေ့ရပါဟူသော အဖြေများကို ကျွန်ုပ်ကြားသိခဲ့ရသောအခါ . . .

\+ + + + + + +

www.burmeseclassic.com

www.burmeseclassic.com

(၈)

ကျုပ်နေ့စဉ်နှင့်အမျှ ကျောက်တန်းမြို့ ကူးတို့လှေဆိပ်ကနေ ချောစုကို စောင့်မျှော်နေခဲ့ပါတယ်။

သူမရဲ့ 'အစ်ကိုရေ' လို့ ခေါ်သံကို ကျုပ်နားစွင့်နေတာ အချိန်နဲ့ အမျှပါပဲ။ သီချင်းသံကြားရနိုးနဲ့ မျှော်လင့်နေတာကလည်း အချိန်ပြည့်ပါပဲ။

ခုဆို သူပေးခဲ့တဲ့ပန်းတွေ ခြောက်ပြီး မွစပြုနေပါပြီ။ ကျုပ်အတွက် သူမပေးခဲ့သောငွေများကိုလည်း ကျိုက်မော်ဝန်းရေလယ်ဘုရားမှာ ချောစုကောင်းမှုဆိုပြီး ရွှေသင်္ကန်း ကပ်လှူခဲ့လိုက်တယ်။

နေ့စဉ် ကူးတို့လှေစီးပြီး ကျုပ်ရဲ့နှလုံးသားကို တုန်ခါလှိုက် မောအောင်ညှို့ယူခဲ့တဲ့ . . .

တစ်နည်း ဦးနှောက်မကောင်းပါသော်လည်း ကျေးဇူးတရားကိုသိတတ်တဲ့ ညီမလေးချောစုကို ကျုပ်မျှော်လင့်ခဲ့တာ ခုဆို ဇရာအရွယ်တိုင် ရောက်ခဲ့ပြီပေါ့။

ညီမလေးရယ် . . .





ချောစုရယ် . . .

ဇရာရင့် နှလုံးသားပေါ်မှာ ကြင်နာမြတ်နိုးခြင်းဆိုတဲ့ ပန်းခြောက်ဝတ်မှုန်များ ထာဝစဉ်ရှင်သန်ထမြောက် အညွန့်လူဆဲဆိုတာ နှမလေးချောစု သိပါလေစ . . . သိပါလေစ။

* * * * * * *

မောင်ညိုမှိုင်း (သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# လေးမည်ရထွန်းကြိုင်

(၁)

သူ့အမည်က ထွန်းကြိုင်။

အချို့က သူ့ကို တယောထွန်းကြိုင် ဟုခေါ်ကြသည်။

အချို့က သူ့ကို ပန်းရန်ထွန်းကြိုင် ဟုခေါ်ကြသည်။

အချို့က သူ့ကို အရက်သမားထွန်းကြိုင် ဟုခေါ်ကြလေသည်။ ပြောရလျှင် ထွန်းကြိုင်ကား လေးမည်ရ ထွန်းကြိုင်ဖြစ်လေ၏။ အရပ်ပျပ်ပျပ် ဂင်တိုတိုနှင့် နှုတ်ခမ်းမွေးစုတ်ဖွားဖွား၊ ဆံပင်က အမြဲတမ်း ဘိကာဝ်မြေမှုန့်များနှင့် ဖွေးကျုံလျှက်။





ဒီကြားထဲ အသားကမည်းလိုက်သမှ မီးသွေးက အဖေခေါ်ရလောက်သည်။ သူ့အလုပ်က ပန်းရန်ဆရာအလုပ်။ ပန်းရန်မှာတော့ အတော့်ကို ပညာကောင်းသည်။

တိုက်အိမ်အမျိုးမျိုးကို တာဝန်ယူနိုင်သည်။ ဘုရားရုပ်တုလည်း နိုင်သည်။ ပန်းရန်သမားတိုင်း စေတီမချိုးနိုင်။ မတည်နိုင်။ စေတီကိုင်ရတာကား ထောင့်စကေး အစိုင်း ပညာစဉ်ကြီးသည်။

ဒါမျှမကသေး။ ဘုရားရှေ့က ခြင်္သေ့ရုပ်တုများကိုင်ရာမှာလည်း ထွန်းကြိုင်က အလွန်ကျွမ်းကျင်၏။

ကြွပြီး ရင်ကော့နေသည်။ ခြင်္သေ့ရုပ်ထုကို မြင်ရသည်နှင့် ဒီဘက်နယ်မှာ ဒါထွန်းကြိုင်လက်ရာဆိုတာ ပန်းရန်သမားတိုင်း သိကြသည်။

ဒါကြောင့် ထွန်းကြိုင်ငွေရ၏။

ငွေရှင်တော့ အရက်ကို ဖောဖောသီသီသောက်၏။ ဖဲရိုက်၏။ ပန်းရန်ပညာလိုချင်သူ တပည့်များ၍ တပည့်များက အလိုက်သိစွာ ညှို့ဝတ်ပြုရကား အရက်ဖိုးအကုန်နည်း၏။

ပန်းရန်သမားလက်ကား သံလက်ကိုင်ရသဖြင့် အမြဲတန်းသွက်၏။ ဒါကြောင့် ထွန်းကြိုင်မှာ မယားနှစ်ယောက်ရှိ၏။

ထိုမယားများကား

သူ့ပန်းရန်ဆိုင်းမှ မဆလာရွက်သည့် ဖြောင့်ဖြောင့်တောင့်တောင့် မိန်းကလေးများ ဖြစ်လေသတည်း။

ထွန်းကြိုင်မှာ ထူးခြားမှုများရှိ၏။

သူ့မှာ ညာဘက်နားရွက်တစ်ဖက်မရှိ။ ၎င်းနားရွက်ကို အသုဘအိမ်ကရန်ပွဲင်းမှာ ပေးလှူခဲ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါမှာ သူဖဲရိုက်၏။ ကန်ထရိုက်လုပ်ငန်းက ငွေလုံးငွေရင်းလေးရ၍ အရက်မူးသောအခါ ဖဲဝိုင်းမှာ ဒိုင်ကိုင်၏။ ငွေကုန်တော့ ဖဲရှုံးတော့ ပြဿနာရှာ၏။

ဒီမှာရန်ဖြစ်ကြလေရာ . . .

ဖဲသမား လူမိုက်တစ်ဦးက ဓားနှင့်ခုတ်လိုက်၍ ညာဘက်နားရွက်ပြုတ်ကျသွားခဲ့၏။ အဲဒီအချိန်ကစ၍ နားရွက်ပြတ်ထွန်းကြိုင်ဟု အများက ခေါ်ကြ၏။

သည့်ထက် ထူးခြားမှုကား . . . သူသည် 'ဟွန်းတယော' အထိုးကောင်းသူ ဖြစ်လေသတည်း။ ဟွန်းတယောထိုးနည်းကို သူ့ဘကြီး ခေါင်းဖြူဦးကြည်ထံမှာ ငယ်စဉ်ကာလသားကစ၍ သင်ယူခဲ့ရကား . . .

ဘွဲ့၊ ကြိုး၊ ယိုးဒယားသီချင်းကြီး သီချင်းခန့် (၁၀)ပုဒ်ခန့်ရ၏။

ပန်းရန်သမားလက်တို့မည်သည် ဘိလပ်မြေနှင့် နယ်ထားသောမဆလာကိုင်ရ၍ ထူကြမ်းပေါက်ပြဲနေလေ့ရှိသည် ဆိုသော်ငြား . . .

ထွန်းကြိုင်၏ ပန်းရန်လက်သည် သေးသွယ်ကော့ပျောင်း၏။

ဟွန်းတယောကြိုးပေါ်မှာ လက်ညှိုး လက်ခလယ်တင်၍များကြိုးကစားပြီး ဘိုးတံနှင့်တယောကိုနွဲ့လိုက်လျှင် ကြားရသူများ ငေးငိုင်သွားအောင် ဖမ်းစားနိုင်စွမ်းရှိ၏။

ပြီးလျှင် 'ချစ်သမျှကို' သီချင်းနှင့် နွဲ့လေ၏။

သို့ဖြစ်၍ အစ်ကိုထွန်းကြိုင် နောက်တစ်ပုဒ်လုပ်ပါဦး။ ကာလပေါ်ထဲက ကိုစောညိန်းရဲ့ နွေနှောင်းဝသန်တီးဆိုပါဦး။ စံပယ်သီချင်းဆိုပါဦး။ သည်ဆောင်းဟေမန်ဆိုပါဦးနှင့် မျက်နှာပွင့်လေရကား . . .

မကြာခဏ မယားနှစ်ယောက်နှင့် စကားများရ၏။





တစ်ခါတော့ မယားကြီးလုပ်သူ မဒေါင်းယဉ်စိန်က ဒီဟွန်းတယောကြီးရှိနေလျှင် တတိယမြောက် မယားပါလာဦးလိမ့်မည်ဟု သဘောပေါက်ပြီး . . .

ထွန်းကြိုင်ရဲ့ ဟွန်းတယောကြီးကို တရုတ် 'အရှင်' အပေါင်ဆိုင်မှာ သွားပေါင်ထားလိုက်၏။ မင်္ဂလာဆောင်ရှိ၍ ဟွန်းတယော လိုက်ရှာတော့ မတွေ့။ တရုတ်အရှင်အပေါင်ဆိုင်မှာ ဒေါင်းယဉ်စိန် လာပေါင်သွားကြောင်း ကြားသိသွားသောအခါ မယားကြီးဒေါင်းယဉ်စိန်ကို ကောင်းစွာဖြင်းလေသည်။

အိမ်နီးနားချင်းများ အဆွဲမြန်လို့ . . .

နို့မဟုတ် မယားကြီးဒေါင်းယဉ်စိန် မြေကြီးထဲရောက်ပြီး ကိုယ်တိုင် အုတ်ဂူပန်းရန်ကိုင်ရမည့် ဘဝရောက်သွားနိုင်၏။

သို့ကလို လေးမည်ရထွန်းကြိုင်အသည် နာမည်လေးမျိုးနှင့် ကျော်စောရကား အမြဲလိုလို မူးနေလေ့ရှိ၏။

မူးပင်မူးသော်လည်း အလုပ်အကိုင် မများယွင်းစေရ။

ငွေမရဘူးမဟုတ်။ ရ၏။ သို့သော် ရသည့်ငွေကြေးများသည် အရက်၊ လောင်းကစား၊ အပျော်မိန်းမများနှင့် ကုန်နေရကား (၂၄)နာရီ ငွေလိုလေ့ရှိ၏။

တပည့်များထံ၌ ချေးငှားသုံးရလေ့ရှိ၏။ ဟိုဌ်ဒီဌ် ချေးရ၏။

မယားနှစ်ယောက်ကား ဝတ်စရာတစ်လှည့် ပြတ်စရာတစ်ခါ စားစရာမရှိလျှင် ရှိတာပေါင်သုံးပြီး ထွန်းကြိုင်၏လိုဘများကို ဖြည့်နေရရှာ၏။ မယားများ ငုင်အိပ်ရာထဲ မူးမူးရှူးရှူး ကြည်နူးနေချိန်ရောက်လျှင် မစားရဝခမန်း စကားများဖြင့် မက်လုံးပေးလေ၏။

"အချိုကြီးတစ်ခွင်ရတော့မယ်။ မိန်းမ၊ အဲဒီကျရင် အနှစ်ကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ကျပ်သားခွဲကြိုး အစ်ကိုကြိုင်လုပ်ပေးမယ် . . . ခဏလေးစောင့်"

"တော်ပါ . . . ရှင် ဒီလိုပြောပြောပြီး၊ ဟိုဒင်း . . . အို . . . ဖယ်ပါ"

"အစ်ကို့ အချစ်ကို ယုံစမ်းပါ မိန်းမရာ"

"သွား . . . သွား"

ဘယ်သွားလိမ့်မည်နည်း။ မိန်းမကြမ်းကျေသော ထွန်းကြိုင်ဥစ္စာ။ စကားလုံးလှလှလေးများကျွေးပြီး အနမ်းမိုး ခပ်သည်းသည်းရွာချလိုက်သောအခါ မိန်းမ၏မာယာဖြစ်သည့် လှိုင်းတံပိုးထ၍လာခဲ့ကာ. . .

\+ + + + + + +

(၂)

အောင်ရတနာ ဘုန်းတော်ကြီးကျောင်းမှာ သူနဂါးရုံဘုရား တည်နေ၏။ သူ့ရဲ့ပန်းရန်လက်ရာကို ဘုန်းတော်ကြီး ဦးအာစရ လွန်စွာသဘောကျရ၏။ အမြင့် (၁၅) ပေကျော် နဂါးဦးခေါင်းအောက်မှာ တင်ပျဉ်ခွေ ဗုဒ္ဓရုပ်ပွားတော် စံပယ်နေဟန်။

နဂါးခေါင်းနှင့် ကိုယ်လုံးသည် ဆေးမခြယ်ခင်ကပင် အသက်ဝင်ပြီး ကြွနေ၏။ နဂါးမျက်လုံးနှစ်လုံးကို အနီရောင်ကျောက်ကြီးနှစ်လုံး ထည့်ထားပြီးကိုင်တော့ . . . နေ့ကြည့်ကြည့် ညကြည့်ကြည့် . . . မီးရောင်နေရောင် ဟပ်လိုက်လျှင် . . .

နဂါးမီးတောက်စားနေသကဲ့သို့ ဝင်းရှူးလက်နေသည်။ ဆေးစုံခြယ်လိုက်သောအခါ တော်ရုံလူပင် အနားသို့မကပ်ရဲကြ။ တကယ့်မြွေနဂါးကြီးအတိုင်း ဖြစ်နေ၏။

'ကိုထွန်းကြိုင် တော်တယ်ဗျာ'

"အဟဲ ဟဲ ဟဲ . . . ထွန်းကြိုင်ဗျာ . . . လေးမည်ရ ထွန်းကြိုင်ဥစ္စာ။ ဒီလောက်တော့ ရှိမှာပေါ့ဗျာ . . . အဟတ်"

ဒီနေ့ နဂါးရုံအောက်မှ ဗုဒ္ဓရုပ်ပွားတော် လက်စသတ်၏



www.burmeseclassic.com

www.burmeseclassic.com



နက်ဖြန်မှာ ဌာပနာပိတ်ပွဲရှိသည်။

စေတနာရှင်များ လှူဒါန်းကြသည့် ကျောက်မျက်ရတနာများကို ဗုဒ္ဓရုပ်တုရဲ့ ရင်ဘတ်ထဲမှာ ဌာပနာမည်ဆို၍ ရင်ဘတ်နေရာမှာ အခေါင်းပေါက်လုပ်ထားလိုက်ရ၏။

ဒီရင်ဘတ်ထဲမှာ အလှူရှင်များ၏ ကျောက်မျက်များဌာပနာပြီးလျှင် သူက ဌာပနာပိတ်ပြီး အချောပန်းရန်ကိုင်ရမည်။

ပြီးလျှင် . . .

ပန်းချီလည်းရေးနေ၍ ဆေးတင်ရမည်။

လပြည့်နေ့သို့ ရောက်သောအခါ အတီးအမှုတ် အကျွေးအမွေးများဖြင့် ဌာပနာပိတ်ပွဲကို ကျင်းပကြ၏။

အလှူရှင်များ အသီးသီးရောက်လာကြ၏။

နဂါးရုံရုပ်တုကို ကြည့်၍ချီးမွမ်းကြ၏။

ကြည်ညိုစရာ ကောင်းသည်။ သူ့လက်ရာဗုဒ္ဓရုပ်တု၏ မျက်လွှာချ ရုပ်တုကိုကြည့်ပြီး တော်လိုက်တာဟု ချီးမွမ်းကြသည်။

ဤသို့ချီးမွမ်းသံကြားတော့ ထွန်းကြိုင်မြောက်ကြွမြောက်ကြွ။

မကြာခင် ဘုရားလူကြီးများက ငွေလင်ပန်းထဲမှာ အမည်စာတန်းထိုးထားသည့် ကျောက်မျက်ရတနာများ ယူလာပြီး ကြေညာ၏။

"ဟောဒီမြလက်စွပ်က အလှူရှင် ကိုသောင်းရင် ကောင်းမှုပါခင်ဗျား"

သို့ကလို ပြောပြီး အလှူရှင်အများရှေ့မှာပင် ဌာပနာသွင်းလိုက်၏။

"ဟောဒီ . . . ရွှေလက်စွပ်က ဘကြီးမှိုင်းနှင့် ဖနီးဒေါ်ခင်စန်းမြင့် ကောင်းမှုပါခင်ဗျား"





ပြောပြီး သွင်းလိုက်၏။

'ဟောဒီ . . . ဇာရုံခြယ် နားကပ်နှစ်ခုက ပွဲစားကြီး ဦးမင်းကြည်လှိုင် ကောင်းမှုပါခင်ဗျား"

ဌာပနာသွင်းလိုက်ပြန်၏။

"ဒီကျောက်စိမ်းလက်စွပ်က ပြဇာတ်မင်းသမီး ကြည်မွှေးအိမ် ကောင်းမှုပါခင်ဗျား"

အာပေါင်အာရင်းနှင့် ကြေညာပြီး သွင်းလိုက်ပြန်၏။

'ဟောဒီ . . . ကျောက်နီလက်စွပ်က အလုပ်သမားအရာရှိ ဦးတင်ဝင်း ဇနီး ဒေါ်ကရီနာ ကောင်းမှုပါခင်ဗျား"

ဒီလိုနှင့် အလှူရှင် (၁၅)ဦး၏ အမည်အရင်းများကို ကြေညာပြီး အများရှေ့မှာ ဌာပနာသွင်းလိုက်၏။

ပစ္စည်းတုန်သည်နှင့် ပန်းရန်ဆရာထွန်းကြိုင် အလှည့်ရောက်လာ၏။ ဒီမှာထွန်းကြိုင်က အများရှေ့မှာပဲ မဆလာထည့်၍ ပိတ်ထားလိုက်ရ၏။

ပြီးနောက် အချောကိုင်၏။

မဆလာခြောက်လောက်တော့မှ . . . ဆေးတင်ရ၏။

မကြာခင် ကိစ္စဝိစ္စအားလုံးပြီးစီးသွားခဲ့သည်။ သည့်နောက် ရေစက်ချတရားနာပြီး . . .

ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်လေသည်။

ပန်းရန်ထွန်းကြိုင်လည်း လုပ်အားခငွေကြေးယူပြီး အရက်ဆိုင်ရှိရာသို့ ခြေဦးကိုလှည့်လိုက်၏။

✤ ✤ ✤ ✤ ✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

(၃)

"ထွန်းကြိုင် . . . မင်းငါ့ဆီက ချေးထားတဲ့ ငွေသုံးသောင်း ဘယ်တော့ [illegible] ရင်းရင်းပြော"

ကြွေးရှင်ကိုဘမောင်သည် ခါးထောက်၍ မေးလိုက်သည်။

"ခဏလေးစောင့်ပါ ကိုဘမောင်ရာ။ မကြာခင် တိုက်တစ်လုံး လက်ခံဖို့ရှိနေပါတယ်"

"မင်းဒီလိုနဲ့ ညာနေတာ အကြိမ်ပေါင်းမနည်းဘူး ထွန်းကြိုင်။ အတိုးမပေးတာလည်း သုံးလရှိပြီ။ ငါသည်းမခံနိုင်တော့ဘူး"

"ခဏလေးစောင့်ပါဗျာ၊ အားလုံးအကြေဆပ်ပါမယ်"

"အေး . . . ကြည့်ကြသေးတာပေါ့။ ထွန်းကြိုင်ရာ ဒီတစ်ခါ ရရင်ရ မရရင် မင်းဘမောင်အကြောင်း သိပါတယ်နော် ထွန်းကြိုင်"

"စိတ်ချပါဗျာ"

"ထို့ . . . စောင့်ကြည့်မယ်ဟေ့။ မရရင်လားကွာ . . . ဟင်း"

ကြွေးရှင်ကိုဘမောင်ကြိမ်းဝါးပြီး တံထွေးတစ်ချက်ထွေး၍ ခြေဆောင့်ထွက်သွား၏။





ထွန်းကြိုင် လက်ကျန်အရက်ကို မော့ချလိုက်သည်။

ထိုစဉ် အိမ်ခြံထဲသို့ လူသုံးယောက်ဝင်လာ၏။ ထိုသူများကို မြင်လိုက်ရသောအခါ ထွန်းကြိုင်သောက်နေရာမှ ထ‌ပြေးရန် ပြင်လိုက်သည်။

"ဟေ့ကောင် . . . ထွန်းကြိုင် ဒါဘယ်လဲ"

ထွန်းကြိုင် နောက်ကျသွားခဲ့ပြီ။ ပြေးရန်ပြင်ပြီးမှ ပြန်ထိုင်လိုက်၏။

ဝင်လာသူများကား . . .

ခါးမ တော်

ဖဲသုံးချပ် အောင်ကြီးနှင့်

ထောင်ထွက် ဘရီ။ လူမိုက်များ။ ဖဲသမားကြီးများ။

"ဟေ့ကောင်"

"ဗျာ . . . အစ်ကိုဘရီ"

"ဘယ်မှာလဲကွ၊ ဖဲကြွေးနှစ်သောင်း"

"ဟို . . . ဟို"

"ဟေ့ကောင် . . . ဘာ ဟိုတွေ ဒီတွေလုပ်မနေနဲ့။ ဖဲဝိုင်းမှာ မင်းအသတ်ခံရမှာစိုးလို့ ငါတို့စိုက်ပေးခဲ့ရတာ မင်းသိတယ်နော်။ အဲဒီ ငွေ။ ငါတို့ ငွေပြတ်နေပြီ"

ထွန်းကြိုင်တစ်ခါက မသာအိမ်မှာ ဒိုင်ကိုင်ရင်း ငွေကုန်သွား၏။ ဒါပေမည့် ရှိသေးသယောင်ဟန်ပြုရင်း ဆက်ကိုင်ရာ သူ့ဖဲဘူကျပြီး လက်ထပ်အိမ်နှင့် လက်သန်းအိမ်နှစ်အိမ်ကို လျော်ရမည်အခြေအနေ ရှိသွား၏။

ဒီမှာမလျော်နိုင်တော့။



www.burmeseclassic.com

www.burmeseclassic.com



လျော်ရမည့်ငွေက သုံးသောင်း။

မလျော်နိုင်တဲ့အခါ ဖဲသမားလူမိုက်နှစ်ဦးက သူ့ကုပ်ကိုဆွဲ၍ လယ်ကွင်းထဲသို့ ခေါ်သွား၏။ သူ့ကိုသတ်တော့မည်။ ဒီမှာ ထောင်ထွက်ကိုဘရီတို့လိုက်လာပြီး ငွေနှစ်သောင်းနှင့်ဈေးဆစ်၍ရွေးခဲ့ရ၏။

ငုင်းငွေကို တစ်ပတ်အတွင်း သူရှာပေးရမည်။

အခု နှစ်ပတ်ကြာသွားခဲ့သည်။ ထောင်ထွက်ဘရီတို့ အိမ်အရောက်လိုက်ခဲ့ကြပြီး...

"ပေးလေကွာ . . ."

ကိုဘရီက ဟိန်း၍အော်လိုက်ရကားသူ့ရင်မှာတုန်ခါသွားခဲ့၏။

"အစ်ကို . . . ဘ . . . ဘရီ"

"ဘာလဲ . . ."

"တစ်ပတ်လောက် . . . စောင့် . . ."

"ဖောင်း"

"အား"

"အင်း"

လက်ဝါးနှင့် လက်သီးများက နာရင်းနှင့် အရိုက်ရှိရာသို့ ပြေးဝင်လာ၍ သူမှောက်ခုံကျသွား၏။

"မင်း . . . မင်း . . . လူလိမ်လူညာ . . . အလကားကောင်၊ မင်းကို ငါတို့ ကိုယ်တိုင်သတ်မယ် . . . ထ လိုက်ခဲ့။ ဟေ့ကောင်တွေ ဆွဲခေါ်ခဲ့"

ဓားမတောင်နှင့် ဖဲသုံးချပ်အောင်ကြီးက ကုပ်မှဆွဲ၍ ထူလိုက်စဉ် . . .

"အစ် . . . အစ်ကို . . . ဘ . . . ဘရီ"





"ဖောင်း"

"အား . . . ကျုပ် . . . ကျုပ် . . . က . . . ကတိပေး . . . ပေးပါတယ်ဗျာ"

"ဘာကတိလဲ။ ဘယ်လိုလိမ်ချင်သေးလို့လဲ။ ပြောစမ်း"

"နက် . . . နက်ဖြန်၊ ကျုပ် . . . ကျုပ်ရအောင် လုပ်ပေးပါမယ်ဗျာ"

"မင်း . . . ဘာကယ်ပြောနေတာလား . . . ထွန်းကြိုင်"

"ဘုရားစူး . . . မိုးကြိုးပစ်ရစေရဲ့ . . . အစ်ကိုရာ"

"ကောင်းပြီလေ . . . နက်ဖြန်မနက် ငါတို့လာခဲ့မယ်။ နက်ဖြန်မှမရရင် ထွန်းကြိုင် . . ."

"ဗျာ . . . ဗျာ"

"မင်းရင်ဝမှာ ဓားတန်းလန်းစိုက်ပြီသာမှတ်၊ ကြားလား။ ထွီး . . . ခွေးတိရစ္ဆာန် လူလိမ်လူညာ . . . အလကားကောင် . . ."

သို့ကာလိုပြောပြီး သူ့ရင်ဘတ်ကို ခေါင့်ကန်၍ ထွက်သွားသည်။ ထွန်းကြိုင်နဖူးမှာ ချွေးများသီးနေသည်။

ကြွေးရှင်နှစ်ဦးစလုံးက လက်စလက်နရှိသူများ။ လူတစ်ယောက်သတ်ဖို့ ဝန်မလေးသူများ။ သူပေးပါမည် ရက်အတိအကျ ကတိပြုခဲ့လိုက်ပြီ။

သူ ဘယ်လိုလုပ်ရမည်နည်း . . .

"ဟူး"

✤ ✤ ✤ ✤ ✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com

## (၄)

သူ အမှောင်ကို အားပြု၍ ဘုရားကျောင်းဝိုင်းထဲသို့ ဝင်လိုက်၏။ အချိန်ကား . . . အိပ်မောကျကောင်းသည့် . . . လင်းပိုင်းဝင်တစ်ချက်တီးအချိန် . . .

ကျောင်းဝင်းသည် မီးမှိတ်ထား၍ မှောင်ကျ၏။

ကြယ်ရောင်လရောင်များက သစ်ပင်ဝါးပင်ညောင်ပင်ရိပ်များကြားမှ နဂါးရုံဘုရားပေါ်သို့ ဖိတ်စဉ်ကျနေ၏။

သူ ဝါးလှေကားကိုထောင်၍ နဂါးရုံဘုရား ပလ္လင်ပေါ်သို့ တက်လိုက်သည်။

ထွန်းကြိုင် နဖူးမှာချွေးများ သီးစို့နေသည်။

သူမိုက်မဲသောအလုပ်ကို လုပ်နေရပြီ။

သူ့ဘဝမှာ နောက်ဆုံးထွက်ပေါက်က အကြွေးဆပ်ခြင်း၊ ဒါမှမဟုတ် အသက်အသေခံရခြင်း။

သူ အသေမခံနိုင်။





ဒီတော့ မိုက်ပြစ်ကြွေးများကိုဆပ်ရန် ဗုဒ္ဓရုပ်တု ရင်ဘတ်မှ ဌာပနာခန်းကိုဖွင့်ရန်ဆုံးဖြတ်ချက် ချလိုက်သည်။

ဒီဌာပနာခန်းကိုလူမခိုးရန် သူ့လက်နှင့်ပိတ်ခဲ့တာ . . .

အခု သူကိုယ်တိုင်ဖွင့်ရတော့မည်။

သူ့လက်ရာနဂါးကြီးသည် သူ့ကိုစိုက်ကြည့်နေ၏။

လရောင်ထိုးထား၍ မြွေနဂါးကြီး မျက်လုံးနှစ်လုံးသည် ရဲရဲတွတ်နေ၏။ သူမြွေနဂါးကြီးမျက်လုံးကို စိုက်ကြည့်နေစဉ်မှာပင် မြွေနဂါးကြီး လှုပ်လှုပ်ရှားရှားလှုပ်သလိုရှိလာ၍ လန့်သွား၏။

သေသေချာချာကြည့်လိုက်မှ အတုမှန်းသိရသည်။

သူ့စိတ်သည် တုန်လှုပ်ချောက်ချားနေသည်။

ဒီမှာ သူ့ကျောကို လက်နှင့်ဆွဲချသလို ခံစားလိုက်ရ၍လန့်ပြီး နောက်ပြန်လှည့်လိုက်တော့ အုန်းလက်ညွန့်တစ်လက်က သူ့ကျောကို ခေလတိုးပြီး လာရိုက်နေမှန်းသိ၍ အကြောက်ပြေသွား၏။

ဒီနောက်သူ ရှူးနှင့်ဆောက်ကိုထုတ်လိုက်ပြီး ကျောက်မျက်ရတနာများ ဌာပနာထားသည့် ဗုဒ္ဓရုပ်တုရှေ့မှာ ရပ်လိုက်သည်။

ပါးစပ်မှ သူ့ကိုခွင့်လွှတ်ပါဟုလည်း တောင်းပန်ပြီးနောက် ကျောက်ဖြစ်လောက်အောင် မမာကျောသေးသော မဆလာသွင်းရင်ဘတ်ကို ရှူးဆောက်နှင့်ကော်၍ ဖဲ့၍ထိုး၍ခြစ်၍ ဖွင့်လိုက်သည်။

"ဟူး"

"အမလေး"

အောက်မှ မှုတ်သံကြားရ၏။ မှုတ်သံက မြွေမှုတ်သံမျိုး။ သူ ခေါင်းရုပ်တုကို မော့ကြည့်လိုက်၏။ နဂါးမုတ်ဆိတ်များက တွဲလောင်း။ ဒီမှာ နဂါးမျက်လုံး ကျောက်နီနှစ်လုံး ကစားနေသလိုလို မြင်လိုက်ရပြီ



www.burmeseclassic.com

www.burmeseclassic.com



အံ့ဩသွားကာ လုပ်လက်စကို ရပ်လိုက်သည်။

"မဟုတ်သေးပါဘူး။ ငါထင်လို့ပါ"

သည့်နောက် လုပ်လက်စကို ဆက်လုပ်နေလိုက်သည်။

"ဗူး"

"အလိုလေး"

စောစောကမှတ်သံက အောက်ကကြားရ၏။ အခုမှတ်သံက အပေါ်က။ ဘုရားရေ၊ ဒီကျောက်နဂါးရုပ်တုကများ မှုတ်နေသံပေးနေရော့လား။ သူအံ့တန်ကြာ စိုက်ကြည့်နေလိုက်သည်။

ဘာသံမျှ မကြားတော့မှ မဆလာများကို ကော်၍ထုတ်လိုက်သည်။ အထဲမှာ အစိုဓာတ်ရှိနေ၍ (၁၅) မိနစ်ခန့်အတွင်း ရင်ဘတ်ပွင့်သွားသည်။

သည့်နောက် ကျောက်မျက်ရတနာများကို နှိုက်ယူလိုက်ပြီး ပုဆိုးခါးပုံစကြားမှာ ထည့်လိုက်၏။

ပြီးသည်နှင့် ဝါးလှေကားနှင့် အောက်ကိုအသာဆင်းလိုက်သည်။ မြေကြီးကို ခြေချမိသောအခါ . . .

"ဖူး"

"အလိုလေး"

"ဖောက်"

"အမယ်လေးဗျ"

"ဝုန်း"

"ဂလုံး . . . ဝုန်း"

"ဂွမ်း"

သူ့ညာဘက်ခြေထောက်ကို စူးရှသောအရာမျိုးနှင့် ပေါက်ရ





စိုက်ချသလို ခံစားလိုက်ရပြီး ခေါင်းထဲမှာ မိုးကြိုးပစ်လိုက်သလို ခံစားလိုက်ရကာ မျက်စိထဲ ဝင်းခနဲဖြစ်သွား၏။

သည်မှာ ဝါးလှေကား ပက်လက်လန်ကျသွားခဲ့တော့၏။

သူနာကျင်လွန်း၍ အားကုန်အော်လိုက်ရကား . . .

ဘုန်းကြီးကျောင်းမှ တံခါးဖွင့်သံ၊ မေးမြန်းသံ၊ ပြေးလာသံများကို ကြားလိုက်ရပြီး မြေပြင်မှာ ပုံလဲကျသွားသည်။

သူသိလိုက်ပြီ။

သူ့ကို မြွေဆိုးတစ်ကောင် ကိုက်လိုက် ပေါက်လိုက်ပြီ။

သူအားတင်းပြီး ပြေးရန်ကြိုးစားလိုက်သည်။

အသားများ တုန်လာသည်။

အကြောများ တွန့်လိမ်လာသည်။

မျက်လုံးနှစ်လုံး ပြာလာသည်။ သူဘာကိုမျှ ဝေဝေဝါးဝါး မမြင်ရတော့။ ဒီမှာပဲ တိုင်တစ်လုံးနှင့် တိုက်မိကာ လဲကျသွားပြီး အကြောများတွန့်လိမ်ကာ လေးလို့နေတော့၏။

ကပ္ပိယကြီး ဦးကုလားနှင့် ဦးဖင်းဝိမလတို့ လက်နှိပ်မီးနှင့်ထိုး၍ ကြည့်လိုက်သောအခါ . . .

"လူတစ်ယောက်လဲလို့ပါလား ဦးဖင်း"

"ဟုတ်တယ်၊ ဘာဖြစ်လို့လဲ။ ဘယ်သူလဲ ကြည့်စမ်း ကပ္ပိယကြီး"

"ဟာ . . . ဒါ . . . ဒါ . . . ပန်းရန်ထွန်းကြိုင် . . ."

"အလိုလေး . . . သူ့ဘေးမှာ ကျောက်မျက်ရတနာတွေပါလား"

ပြန့်ကျဲနေသော ကျောက်မျက်ရတနာများကို ကပ္ပိယကြီးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဦးဖင်းတို့ မမျှော်လင့်ဘဲ တွေ့လိုက်ရသောအခါ . . . ဗုဒ္ဓရုပ်တုရှိရာသို့ လက်နှိပ်မီးနှင့် ထိုးကြည့်လိုက်၏။

"ဟော . . . ဦးဖင်းကြီး"

"ဘာတုံးကပ္ပိယကြီး"

"နဂါးရုံဘုရားရုပ်တု ဌာပနာခန်း အဖောက်ခံရတာဗျ။ ဟိုမှာ ရင်ဘတ်ပွင့်လို့"

"ဟင် . . . ဒါ . . . ဒါဆို ဒီကောင် ပန်းရန်ထွန်းကြိုင်"

"ဒီကောင်မှ ဒီကောင်ပဲဗျ။ ဟော့ကောင် . . . ထွန်းကြိုင် ထွန်းကြိုင်။ ကပ္ပိယကြီးက မေးထိုးနေသည့်ထွန်းကြိုင်ကို လှုပ်၍မွှေ၍ ခေါ်လိုက် သည်။

"ထွန်းကြိုင်"

"အင်း . . . အင်း"

"ဟင် . . . မင်းဌာပနာခန်းဖွင့်ပြီး ကျောက်တွေကို ယူလိုက် တာလားဟင် . . . ဟင်လို့"

"ကပ္ပိယကြီး . . . ကျုပ် . . . မှား . . . မှား . . . အင့်"

"ဟာ . . . သွားပြီ"

လောဘသမား လူမိုက် လူအန္ဓထွန်းကြိုင် ဇက်ကျိုးကျသွား ခဲ့လေပြီ။

"ဖူး"

ဒီမှာ မြွေဟောက်ကြီးတစ်ကောင်က ပါးပျဉ်းထောင်၍ 'ဖူး' ဟု အသံပြုလိုက်ပြီး ချုံထဲသို့ ဝင်ပြေးသွားသည်ကို မြင်လိုက်ရသော အခါ . . .

"အင်း . . . အတော့်ကို မိုက်မဲတဲ့ကောင်ပဲ။ ခုဘဝမှာလည်း





သင်းမစံစားရ။ နောင်ဘဝမှာလည်း အဝီစိမှာ ချိုးကပ်ရမည့်ဘဝ ကျိန်း သေပြီပေါ့ . . . ထွန်းကြိုင်။ ဒီ ဒုစရိုက်အမှုသာ မင်းမကျူးလွန်ရင် . . မင်းရဲ့ လုပ်အားကုသိုလ်ကြောင့် နတ်ပြည်ရောက်ရမှာ။ ခုတော့ . . . ကျပေါ့ . . . ငရဲ"

✤✤✤✤✤✤✤

မောင်ညိုမှိုင်း (သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ဘဝပျက် . . . ကျားကြီး

(၁)

ကျွန်ုပ် ဤဆာဒူးသူတော်စင်ကြီးကို ရင်းနှီးစွာ သိပါသည်။ ကျွန်ုပ်တို့က သူ့ကို မုတ်ဆိတ်ဆာဒူး ဟူ၍လည်းကောင်း၊ ဆာဒူးမုတ်ဆိတ်ဟူ၍လည်းကောင်း ခေါ်ကြသည်။

သူ့အသက်ကို တစ်ခါမှာ ကျွန်ုပ်က မေး၏။

"ဘိုးဆာဒူး"

"ဘာတုံး . . . လူကလေး"

"ဘိုးဆာဒူး အသက်ဘယ်လောက်ရှိသွားပြီလဲ"

"အဲဒါ ကျွန်ုပ်မမှတ်မိတော့ဘူး"





"ခြောက်ဆယ်ကျော်ရောပေါ့"

"မကဘူးလူကလေး"

"ဒါဆို ခုနစ်ဆယ်"

"အဲဒါလည်း . . . မကနိုင်ဘူး"

"ရှစ်ဆယ်တော့ ရှိရောပေါ့နော်"

"မကဘူးလို့ ကျွန်ုပ်ထင်တာပဲ"

"ဟင် . . . ဒါဆို တစ်ရာပြည့်ပြီလားဟင် . . . ဘိုးဆာဒူး"

"သေသေချာချာတော့ ကျွန်ုပ်မမှတ်မိတော့ဘူး လူကလေးရယ်။ မှတ်မိသလောက်ကတော့ ဒီမြို့မှာ အင်္ဂလိပ်အစိုးရ စရောက်ကတည်းကပဲ"

"ဘုရားရေ"

ကျွန်ုပ်တို့ မြို့သည် အင်္ဂလိပ်မြန်မာ ပထမစစ်ပွဲပြီးနောက်ပိုင်း အင်္ဂလိပ်နယ်သူ အစိုးရ စတင်အုပ်ချုပ်ခဲ့သည့် မြို့ဖြစ်၏။ သည့်အရင်က ပေါ်တူဂီနယ်ချဲ့က နှစ်များစွာ အုပ်ချုပ်ပြီး စေတီပုထိုးများကို ဖျက်ဆီးခဲ့၏။

ဘုရားစေတီများမှ ကြေးခေါင်းလောင်းများကိုဖြုတ်၍ အရည်ကျိုပြီး အမြောက်သွန်းခဲ့၏။

သူတို့လက်ချက်ကြောင့် လွန်ခဲ့သည့် နှစ်ပေါင်း(၂၂၀၀)ကျော်ခန့်က ဘုရားပုထိုးစေတီများ၊ သန်လျင်မင်းဆက် (၆)ဆက် ဗဟိုထက်က ဘုရားပုထိုးစေတီများက ရှေးဟောင်းဂဝံအုတ်ချပ်၊ နတ်လမ်းများ ပျက်စီးသည့်ဘဝ ရောက်ခဲ့၏။

နှစ်ပေါင်းကို ရေတွက်လျှင် တစ်ရာခန့်ရှိပြီ။

အင်္ဂလိပ်အစိုးရ အုပ်ချုပ်တော့ မြို့ကို စတည်၏။ ရေနံရှာ



www.burmeseclassic.com

www.burmeseclassic.com



စက်ရုံကို စတည်၏။ မြို့တွင်းပိုင်းကို ကတ္တရာလမ်းခင်း၏။

(၁၉၅၀) ပြည့်နှစ်ဝန်းကျင်မှာ . . .

မြို့လယ်ဟု ခေါ်အပ်သော ယခု ကျွန်ုပ်တို့နေသည့် ရပ်ကွက်သည် တောကြီးမျက်မည်းရှိ၏။ တောင်ကုန်းမြင့်များ၊ ဂဝံအုတ်လိုဏ်များ၊ မြောင်းများ၊ ကတုတ်ကျင်းများ၊ ဖုံးကျင်းကြီးများနှင့် ရွာတောရပ်ကြီးလိုရှိ၏။

ကျွန်ုပ်တို့ ဆေးလုံးကြီးကျေးရွာမှ သုပုန်ရန်စိုးရိမ်ရ၍ ဤအရပ်ကို ပြောင်းလာတော့၊ ဒီနေရာဝန်းကျင်မှာ အိမ်ခြေလေးငါးဆယ်အိမ်ပဲ ရှိသည်။

အသံတိတ်ရပ်ရှင်ကားခေတ်ဖြစ်၏။

မြို့လယ်မှာ ရုပ်ရှင်ရုံနှစ်ရုံရှိ၏။ မြို့နှင့် ကျွန်ုပ်တို့နေသည့်အရပ် အတန်ငယ်ဝေး၏။ ဒီနေရာမှာ အဖေက တောင်ယာခုတ်ပြီး လယ်သမားဘဝကို စွန့်၍ အသက်မွေးဝမ်းကျောင်းပြုခဲ့၏။

အရှေ့ဘက်တောင်ကုန်းပေါ်၌ ဂဝံအုတ်လိုဏ်ဂူကြီးရှိသည်။ ၎င်းလှိုဏ်ဂူသည် ဂိုဒေါင်ငယ်တစ်လုံးခန့်ရှိ၏။

၎င်းဂဝံလိုဏ်ဂူမှာ ဆာဒူးသူတော်စင်ကြီးနေ၏။

သူ့ရဲ့ ပြောဆိုချက်အရဆိုလျှင် သူ့အသက်မနည်းတော့။

သက်ကြီးရွယ်အိုများ အပြောအရ ဟိမဝန္တာမှလာခဲ့သူဟု ဆိုကြ၏။

အချို့သော လူကြီးသူမများ အဆိုအရ . . .

သမိုင်းသက်ရှည်ကြာစွာ တည်ခဲ့ဖူးသော ဟိန္ဒူလူမျိုး ယောဂီများ၏ အဆက်ဟုလည်းဆိုကြ၏။

မည်သို့ဆိုစေ . . . ဤဘိုးဆာဒူးမှတ်ဆိတ်သည် ဗုဒ္ဓဘာသာ





ကို သက်ဝင်ယုံကြည်သူဖြစ်၏။ ကိုးကွယ်သူလည်းဖြစ်၏။

နံနက် နေထွက်လျှင် တောင်ကုန်းပေါ်မှာ အကျီဖြူဖားလျား မုတ်ဆိတ်ဖြူ ဖားလျားကြီးနှင့် နေထွက်ရာအရပ်ကို မျက်နှာမူပြီး . . .

"ဗုတ်ဆံ . . . ဆရဏံ . . . ဂစ်ဆာမိ"

"ဓမ်မံ . . . ဆရဏံ . . . ဂစ်ဆာမိ"

"ဆံဃံ . . . ဆရဏံ . . . ဂစ်ဆာမိ" . . . စသည့် ဗုဒ္ဓဘုရားရှင်၏ သရဏဂုံကို တစ်နာရီကြာခန့်မျှ ရွတ်နေလေ့ရှိ၏။

၎င်းနောက် ကျွန်ုပ်တို့ နားမလည်သော ဘာသာစကားတစ်မျိုးနှင့် မန္တန်လိုလို ဂါထာလိုလိုများကို ရွတ်ဖတ်သရဇ္ဈာယ် နေလေ့ရှိ၏။

ပြီးလျှင် ရောမပုတီးကြီးကို လည်ပင်းမှာဆွဲ၍ မြို့ထဲရှိရာသို့ အလှူခံထွက်၏။ သစ်သီးနှင့်ဟင်းရွက်ကိုသာ သူ့ဘာသာသူ ချက်စားလေ့ရှိ၏။

ထူးဆန်းသည်ကား . . .

သူနေသည့် ဂဝံလိုဏ်ဂူဝန်းကျင်မှာ အလွန်ကြီးမားသော မြွေဆိုးကြီးများ လှုးလာနေခြင်းဖြစ်၏။

ဆာဒူးကား . . .

ဤဝန်းကျင်မှာ ရှိနေသော ရှေးဟောင်းဘုရားပျက် တစ်ဆူကို ကိုယ်တိုင် မ,တည်၍ ပြုပြင်ရန် ကြိုးစားနေသည်ဟု သိရ၏။

(၎င်းစေတီပျက်သည် ဂဝံစေတီပျက်ဖြစ်၏။ မွေစေတီမင်း၏ ဆွေတော်မျိုးတော်များ ကောင်းမှုဟု အချို့က ဆိုကြ၏။ နောင် နှစ်ပေါင်း (၁၀) နှစ်ခန့်ကြာသောအခါ ကိုးမုဋ်ရှင်ဒီပါအေးစေတီဟု အမည်တွင်ပြီး ယနေ့တိုင် အထင်အရှားရှိခဲ့ပြီး နဂါးများ၊ ရောမမြွေကြီးများ လပြည့်ပို



www.burmeseclassic.com

www.burmeseclassic.com



နေ့များမှာ လာရောက်ဖူးမြော်လေ့ရှိသည်ဟု ကျော်စောခဲ့သော စေတီ ဖြစ်ခဲ့၏။ စကားချပ်)

ဆာဒူးကြီးသည် ညည့်နက်သည်အထိ သမထ ထိုင်၏။

ထိုစဉ် ရပ်သူရွာသားများသည် ဆေးရုံကို သွားရမှာကြောက်၏။ ကျောက်ဆေးထိုးရမှာ လန့်၏။ ဖျားနာလျှင် ဆရာဝန်ကို ပြလေ့မရှိကြ။

အရေးပေါ်ဖြစ်လျှင် . . .

ထိုသူတော်စင် ဆာဒူးမုတ်ဆိတ်ရှိရာသို့ ငှက်ပျောသီးလေးထန်းလျက်ခဲလေး၊ ဖယောင်းတိုင်လေး ယူသွား၍ အကူအညီတောင်းကြ၏။ ထိုအခါ ဆာဒူးကြီးက လူနာ၏ ဦးခေါင်းကို ညာလက်နှင့်အုပ်ပြီး မန္တန်များကိုရွတ်၏။ လက်နှင့်သပ်ချသည်။

လိုအပ်လျှင် ရေစင်ရေမန်းနှင့် ကုသပေး၏။

ပို၍ လိုအပ်လျှင် သူရှာဖွေစုဆောင်းထားသည့် ဆေးမြစ်ဆေးဥများနှင့် ကုသပေးရကား ပျောက်ကင်းချမ်းသာကြသည်က များ၏။

အထူးသဖြင့် သူတော်စင် ဆာဒူးကြီးသည် ခွေးဆိပ်၊ မြွေဆိပ်၊ အဆိပ်မှန်သမျှကို နိုင်နင်း၏။ ပယောဂလိုလို၊ စုန်းတစ္ဆေ၊ နတ်ဝင်ပူးသလို သရဲပူးကပ်သလို ရောဂါဖြစ်ရပ်ဆန်းများကို အလွန်နိုင်၍ကျော်စောသည်။

ထိုသို့သော လွတ်လပ်ရေး ရှေးစကာလ။

ဤအရပ် မျက်မည်းဝန်းကျင်မှာ ဘုန်းတော်ကြီးကျောင်းလုံးဝမရှိ။ ဟိုး၊ မြို့ဟုခေါ်အပ်သော ယခု သန်လျင်-ရန်ကုန်တံတားဝန်းကျင်နေရာမှာ ''မင်းကျောင်း''ဟု ခေါ်သော ဘုန်းတော်ကြီးကျောင်း





ပဲရှိ၏။

နောင်တော်လှန်ရေးအစိုးရ ခေတ်ဦးရောက်မှ မြေယာဝေခြမ်းရေးလုပ်ပြီး ရပ်ကွက်အသစ်များ တည်သောအခါ . . .

''အရှင်အာစာရ'' အမည်ရှိ ရဟန်းငယ်တစ်ပါး ကြွရောက်လာပြီး ဝါးကျောင်းလေးထိုး၍ ဖော်ပြပါစေတီပျက်ကို စတင်တည်ခဲ့ရာမှ ယနေ့တိုင် အောင်သုခဘုန်းတော်ကြီးကျောင်းဟု အမည်တွင်တည်ရှိခဲ့၏။

(ယခုအခါ ၎င်းအရှင်အာစာရသည် သက်တော် (၉၀)ဝန်းကျင်နှင့် ၎င်းကျောင်းမှာရှိနေ၏။ သို့သော် ကျန်းမာရေးချို့တဲ့ပြီး ညီးတပ်လှည်းနှင့်နေရ၏။)

* * * * * * *

www.burmeseclassic.com

www.burmeseclassic.com

## (၂)

ပြောရလျှင် ဆာဒူး သူတော်စင်ကြီးသည် အလှူခံရ၍ ရလာသည့် ငွေကြေးများကို စုဆောင်းထားသည်ဟု သိရ၏။

မည်၍ မည်မျှ ရှိသည်ကို မည်သူမျှမသိ။

ကျွန်ုပ်တို့ကား တစ်ခါတစ်ရံ ထမင်းဟင်းများသွားပို့ရင်း သူ့ဂူကျောင်းဝန်းကျင်သို့ ရောက်၏။

သူကား . . . ဂဝံကျောက်တုံးပေါ်မှာထိုင်၍ လက်ခံရယူပြီး ဆုမွန်ကောင်းများ ပေးလေ့ရှိသည်။

တစ်ခါတစ်ရံ သူရလာသည့် သစ်သီးများကို ကျွန်ုပ်တို့ လူငယ်များအား ခွန့်ကြွေပေးကမ်းရကား . . . ကျွန်ုပ်တို့က ဆာဒူးသူတော်စင်ကြီးကို ချစ်ခင်ခဲ့ရပါသည်။ သူကလည်း ကျွန်ုပ်တို့ကို ချစ်ခင်ခဲ့ပါသည်။

ဆာဒူးသူတော်စင်ကြီး၏ ဂူကျောင်းနှင့် မလှမ်းမကမ်း၌ အထင်ကရ ညောင်ပင်ကြီးရှိ၏။ လူကြီး (၁၀) ဖက်စာခန့်ရှိပြီး သန်လျှင်





မင်းတရားကြီး စိုက်ခဲ့သလိုလို ပုံပြင်စကားရှိ၏။

အုပ်အုပ်ဆိုင်းဆိုင်း မှိုင်းမှိုင်းညို့ညို့ကြီးမို့ မိုးလေများ ကျရောက်လျှင် တစီးစီး တဝုန်းဝုန်းအသံများ ညံနေ၏။

ညောင်ပင်အောက်မှာ နတ်ကွန်း နတ်စင်ပျက်တစ်ခုရှိ၏။

ဤညောင်ပင်အောက်မှာ မည်သူမျှ အပေါ့မသွားရဲ။ သားစိမ်း၊ ငါးစိမ်းယူဖြတ်မသွားရဲ။

ညဘက်ရောက်လျှင် စကားပြောသံကြားရသည်တဲ့။

တောက်ခတ်သံကြားသည်တဲ့။

ဖြူလွလွ အဝတ်အစားနှင့် လူလိုလို ဘာလိုလိုမျိုးကို ဖြတ်သွား ဖြတ်လာများက ဖြုတ်ခနဲ၊ လှစ်ခနဲ မြင်ရသည်ဟု ဆိုကြ၏။

အချို့က တစ္ဆေဟုဆို၏။

အချို့က သဘက်ကြီးဟု ပြောကြ၏။

အချို့က ရက္ခစိုးကြီးဟု ညွှန်းကြ၏။

တစ်ခါတစ်ရံ လပြည့်လိုညမျိုးရောက်လျှင် အသက်ကြီးကြီး အဘိုးအိုတစ်ဦးနှင့် သူတော်စင် ဆာဒူးအဘိုးတို့ ဂူရှေ့ကျောက်ဖျာကြီးပေါ်မှာ စကားပြောနေကြသည်ကို လူအချို့တွေ့ကြ၏။

အနီးသို့တော့ ဝင်မကြည့်ရဲ၊ မစုံစမ်းရဲ။

ကျွန်ုပ်တို့နှင့် ရင်းနှီးကျွမ်းဝင်လာသောအခါ ကျွန်ုပ်က မေး၏။

"အဘိုး . . . ဆာဒူးကြီး"

"ဘာတုံး . . . လူကလေး"

"လပြည့်လို ညမျိုးရောက်ရင် အဘိုးဆာဒူးကြီးနဲ့ စကားပြောနေတာ ဘယ်သူလဲ ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"လူကလေး . . . မြင်လို့လား"

"ကျွန်တော်တို့ အဖေ၊ အဘိုးများရော . . . ဒီဝန်းကျင်က သူများရော မြင်ကြတယ်လို့ ပြောလို့ပါ"

"အဲဒါ . . . ရုက္ခစိုးကြီး"

"ဗျာ . . . ရုက္ခစိုးကြီး . . . အဘိုးဆာဒူး၊ ရုက္ခစိုးဆိုတာ ဘာလဲဟင်"

"ရုက္ခစိုးဆိုတာ ရုက္ခသစ်ပင်ကို ဘုံဗိမာန်အဖြစ် အမှီပြုပြီး နေထိုင်တဲ့ နတ်ကိုခေါ်တာ။ သူက လူ့ဘဝတုန်းက ကောင်းသော အသက်မွေးသူ၊ ကောင်းသောသီလ ဘာဝနာ ကုသိုလ်ကောင်းမှု အကျိုးများကြောင့် ကွယ်လွန်တဲ့အခါ ရုက္ခစိုးနတ်ခေါ် သစ်ပင်ကို အိမ်အဖြစ်ပြုပြီးနေတဲ့ ပုဂ္ဂိုလ်ဖြစ်လာတာပဲ"

"အဲဒီ ရုက္ခစိုးကြီးက ခြောက်လှန့်ပြုစားတတ်သလားဟင် . . အဘိုး"

"ဟင့်အင်း . . . သူက သူတော်ကောင်းနတ်ကြီးပါ လူကလေး။ ဘုန်းတန်ခိုးကြီးတယ်။ လူယောင်ဖန်ဆင်းလို့ရတဲ့ ကာမဝစရိဒ္ဓိစွမ်းအင်ရှိတယ်။ သူနေတဲ့ ညောင်ပင်ဝန်းကျင်မှာ ဆဲရေးတိုင်းထွာတာ၊ ညစ်ညစ်ညမ်းညမ်းလုပ်တာ၊ အရက်၊ ဖဲရိုက်၊ သေးပေါက်၊ အညစ်အကြေး စွန့်တာမျိုးတော့ လုံးဝမကြိုက်ဘူး။

"အဲဒီကျရင် သတိပေးတတ်တယ်။ အသက်အရှည်ကြီးနေလို့ရတယ်။ သူ့ကို ပူဇော်ရိုသေရင် အဲဒီလူကို စောင့်ရှောက်လေ့ရှိတယ် ကွယ့်"

"သူက ဘယ်လောက်အထိ အသက်ရှည်လဲဟင်။ အဘိုးဆာဒူးကြီးလောက် အသက်ရှည်သလား"





"အဲဘိုးထက်အများကြီး အသက်ရှည်ရှည် နေနိုင်တယ်။ နောင်ပွင့်မည့် ဘုရားရှင်ကိုတောင် စောင့်ပြီးဖူးမျှော်နိုင်တယ်"

"ဟယ်"

"အဲဒီရုက္ခစိုးကြီးဟာ ဘုန်းကြီးကျောင်းသွားပြီး တရားပါ နာကြားနိုင်တယ်။"

"သိပ်ထူးဆန်းတာပဲနော်"

"အိမ်း . . . ဆန်းတယ်။ ဒါ့ကြောင့် ရုက္ခစိုးနေတဲ့ ညောင်ပင်ကို မလေးမစားမလုပ်နဲ့ . . . ကြားတယ်နော်"

"ဟုတ်ကဲ့ခင်ဗျ"

"သူ့ကို မေတ္တာပို့ပေးရင် စောင့်ရှောက်တယ် . . . မေတ္တာပို့"

"ဟုတ်ကဲ့ . . . အဘိုး"

+ + + + + + + +



www.burmeseclassic.com

www.burmeseclassic.com

## (၃)

တစ်နေ့သောအခါ အလွန်ကို ထူးဆန်းအံ့ဩဖွယ်ကောင်း သော ဖြစ်ရပ်တစ်ခုသည် အဘိုးသူတော်စင် ဆာဒူးကြီး ဂူကျောင်း ဝန်းကျင်မှာ ဖြစ်ခဲ့လေသည်။

ဤအကြောင်းကို ဦးကျားကြီးဝန်ခံချက် ပြောပြချက်အရ ပြန်လည် ပြောပြပါမည်။

ဦးကျားကြီးသည် အရက်သမားဖြစ်၏။ ဖဲသမားဖြစ်၏။

ထောင်ထွက်လူမိုက်လည်းဖြစ်၏။ အမြဲတမ်းမူးပြီး ပြဿနာ ရှာ၏။

ဤဝန်းကျင်အိမ်စုလေးမှ လူများသည် တောင်သူလုပ်သူ၊ ဈေးရောင်းသူ၊ ငါး၊ ဖား၊ သား ရှာသူများဖြစ်၍ ရိုးသားကြ၏။

ထိုသူများကို လူမိုက်ဦးကျားကြီးက ဗိုလ်ကျ၊ အနိုင်ကျင့်လေ့ ရှိသည်။

ဦးကျားကြီးသည် အရပ်ထောင်ထောင်မောင်းမောင်းရှိ၏။





ပါးမြိုင်းမွေးထူပြိန်း၊ အရက်နိုးလျှံသော မျက်နှာနီကြီးနှင့် မူးလာလျှင် ရမ်းကား၏။

အိမ်ပေါ်တက် အသားလွတ် ပါးရိုက်၏။

လမ်းတွေ့လျှင် ခေါ်၍ဆဲ၍ ထိုးကြိတ်၏။

ပြီးလျှင် အိမ်တိုင်းစေ့ မိုက်ကြေးခွဲ ပိုက်ဆံတောင်း၏။

မပေးလျှင် အိမ်မီးရှို့မည်ဟု ကြိမ်းဝါး၏။ တကယ်လည်း ရှို့၏။ ရဲကို မတိုင်ရဲကြ။ ရဲမြင်လျှင် လွန်စွာကြောက်ကြ၏။ ရုံးပြင်ကနား မသွားရဲကြ။

သို့နှင့် . . .

လူမိုက် ဦးကျားကြီး တောင်းသမျှ ပေးကြရ၏။ ကျွန်ုပ်၏ ဦးလေးဆိုလျှင် ပိုက်ဆံလည်းပေးရ၊ ကျောလည်း ဖနောင့်နှင့်အပေါက် ခံရသေး၏။

(နောင်အခါ . . . ၎င်းလူမိုက် ဦးကျားကြီးကို ကျွန်ုပ်၏ ဖခင် တောသားကြီးက တစ်ယောက်ချင်း ယှဉ်ချပြီး အနိုင်ယူခဲ့တော့မှ ဦးကျားကြီး ငြိမ်သွား၏။ ၎င်းအကြောင်းကို ကျွန်ုပ်ရေးသည့် ပြိတ္တာ ရွာသူ မကြွေဝတ္ထုမှာ ပြန်ဖတ်နိုင်လေသည် . . . စကားချပ်)

ဦးကျားကြီးသည် မိခင်မုဆိုးမကြီး ဒေါ်စိမ်းနွဲ့ကို နှိပ်စက် ၏။ ဟင်းမကောင်းလျှင် အိုးခွက်ပန်းကန်များပါ လွှင့်ပစ်၏။ သို့သော် မိခင်အိုကြီးကား တစ်ဦးတည်းသော သားလူမိုက်ကို လွန်စွာချစ်၍ သည်းခံလေ့ရှိသည်။

တစ်နေ့သောအခါ . . .

ဦးကျားကြီးသည် ဖဲရှုံး၍ အညစ်ကြီးညစ်လေ၏။ ဒီကြားထဲ မိန်းမအပျော်အပါးက လိုက်စားနေတော့ ငွေကအရမ်းလိုနေ၏။



www.burmeseclassic.com

www.burmeseclassic.com



(ထိုစဥ် အမှိုက်ပုံရပ်ကွက်ဟုခေါ်သော အလီမူလာ ကုလား ပိုင်ခြံထဲမှာ မိန်းမပျက်များကလည်း သောင်းကျန်း ပေါများနေချိန် ဖြစ်၏။)

ငွေဘယ်က လွယ်လွယ်နှင့်များများ ရနိုင်မည်လဲ။

သူအကြံထုတ်၏။

ထုတ်ရင်း ချက်အရက်ကို ခွက်ဆင့်မော့နေ၏။

"မင်းငွေကို အလွယ်နဲ့ ရတဲ့နည်းရှိတယ် . . . ကျားကြီး"

သူ့သောက်ဖော် ကိုပြောင်းတိုက အမြည်းစားရင်းက အကြံ ပြု၏။

"ဘာလဲ ဓားပြတိုက်ရမှာလား . . . ဖွိ . . . အေ့"

"ဓားပြတိုက်စရာ မလိုပါဘူးကွာ၊ ဝင်နိုးရုံလေးပါ"

"လုပ်ကွာ ဘယ်အိမ်နိုးရမလဲ . . .။ ဒီအချိန်မှာ လူသတ် ချင်လည်း သတ်ရပေစေ ပြော . . . အေ့ . . . အေ့"

"ဒီမှာ ကျားကြီး၊ မင်း ဟိုတောင်ကုန်းပေါ်က ဂဝံကျောက်ရှ မှာနေတဲ့ ဆာဒူးအဘိုးကြီးသိတယ် မဟုတ်လား"

"အေး . . . သိတယ် ၊ အေ့ . . . ဖွိ"

"အဲဒီ အဘိုးကြီးမှာ အနှစ်နှစ်အလလက တောင်းထား စုထားတဲ့ ပိုက်ဆံတွေ အများကြီးရှိတယ်လို့ ငါကြားထားတယ်။ သူ့ဆီ က ဝင်နိုးကွာ"

"ဟုတ်ပါ့မလား . . . ပြောင်းတိုရာ"

"ကျိန်းသေလို့ ပြောတာပေါ့ကွာ"

"ဒါဆို မင်းဘာလို့ ဝင်မနိုးတာလဲ၊ မင်းလဲသူခိုးဥစ္စာ"

"ကြောက်လို့ကွ"

စိတ်ကူးသစ်စာပေ



"ဘာကို ကြောက်ရတာလဲ တောက်ပြားကြီးရ ဟင် . . . အေ . . . အေ"

"ဒီအဘိုးကြီးက မှော်ဆရာလိုလိုကြီးကွ။ တော်ကြာ ပြုစား ထားမှာစိုးလို့ ငါဝင်မနိုးတာ"

"ဖွိ . . . အစိပ္ပာယ် မရှိတာကွာ။ ဘာမှော်ဆရာလဲကွာ . . . ဒီမှာ ဒီဓားနဲ့ထိုးလိုက်ရင် မင်းမှော်ဆရာ အစိစိရောက်သွားမှာပေါ့"

"ဒါဆို မင်းလုပ်ရဲလား"

"သိပ်လုပ်ရဲတာပေါ့ . . . မင်းလိုက်ချင်လိုက်ခဲ့လေ။ ပါတနာ ကြေးရမယ်"

"ဟင့်အင်း . . . မင်းဘာသာမင်းသာလုပ်။ ရလာရင်တော့ အကြံပေးခ အရက်တစ်လုံး"

"စိတ်ချ ပြောင်းတို၊ ဒီညပဲ အကောင်အထည်ဖော်မယ် စိတ် ချ၊ အေ့ . . . အေ့ . . . ချကွာ။ ဟော့ . . . ကြည့် နောက်တစ်ပိုင်း လုပ်စမ်းဟော့"

\+ + + + + + +

www.burmeseclassic.com

www.burmeseclassic.com

## (၄)

ညသည် လရောင်ဝိုးတဝါးနှင့်ရှိ၏။

ကိုကျားကြီး ဓားအိမ်ပါ ဇက်ကြီးတောင်ဓားရှည်ကို ကျောမှာ သိုင်းလိုက်ပြီး ညောင်ပင်ကြီးအောက်မှ ကုန်းပေါ်ဂဝံဂူကျောင်းကို လှမ်းအကဲခတ်လိုက်၏။

အချိန်က ညဥ့်သန်းခေါင် . . .

ဒီအချိန်လောက်ဆို ဆာဒူးအဘိုးကြီး အိပ်မောကျလောက်ပေပြီ။

သူ ခါးကြားမှ အရက်ပုလင်းပြားကိုထုတ်၍ တစ်ငုံရဲဆေးတင်လိုက်စဉ် . . .

"ဟင်း . . . ဟင်း"

"အလို . . . လူသံပါလား"

ညောင်ပင်နံဘေးမှ လူ 'ဟင်း' သံကြားလိုက်ရ၍ ဇက်ကြီးတောင်ဓားကို လှစ်ခနဲ ဆွဲထုတ်ပြီး လိုက်ရှာလိုက်သည်။ ဘာမျှမတွေ့။





"ဟင်း . . . ဟင်း . . ."

ကြားရပြန်ပြီ။ သူညောင်ပင်ကို လည့်ပတ်ရှာပြန်သည်။ ဘာဆိုဘာမျှမတွေ့။

"တောက်"

အလို၊ တောက်ခတ်သံပါ ကြားရပြန်ပါကလား။ သူနှင့်အကြံတူများလား။ သူ ပိုက်စိပ်တိုက်၍ရှာလည်း အသံကြားရပြီး လူကို မတွေ့ရ။

ငါများ မူးနေလို့လား။ သို့ကလို စဉ်းစားပြီး ညောင်ပင်အောက်မှ ထွက်လိုက်စဉ် –

"ဝုန်း . . . ဝုန်း . . . ဝုန်း"

"ဟာ . . . ဟာ"

လေမတိုက်ဘဲနှင့် ညောင်ကိုင်းကြီးတစ်ကိုင်း သူ့ခေါင်းပေါ်မှာ လွှပ်နေသောကြောင့် သူကပျာကယာလှည့်၍ ထွက်လာခဲ့လိုက်၏။

သရဲလား . . . တစ္ဆေလား . . .

သူ ဓားရှည်ကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး ဓားကို အဝေးမှ ထောင်ပြလိုက်ကာ တောင်ကုန်းပေါ်သို့ တက်လာလိုက်သည်။

ဂဝံဂူကို တွေ့ရပြီ။

သူဂူဝမှာကပ်၍ အထဲသို့ ငုံကြည့်လိုက်၏။

ရေနံဆီမီးခွက် မီးရောင်နှင့် ဆာဒူးအဘိုးအိုကို တွေ့လိုက်ရ၏။ အဘိုးအိုသည် တင်ပျဉ်ခွေပြီး တရားထိုင်နေ၏။ ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်နေ၏။ အသက်ကင်းမဲ့သကဲ့သို့ ရှိ၏။

ဒီအဘိုးကြီး အိပ်ချိန်ကို စောင့်ရင်ကောင်းမည်လား။

ဒါဆို မိုးလင်းသွားနိုင်သည်။ သူ အသာစောင့်၍ အကဲခတ်

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။ အဘိုးအိုကြီကား တုတ်တုတ်မျှမလှုပ်။

သူ အသာခြေဖော့၍ ဝင်လိုက်သည်။

ဂုဏ်းနောက် မီးရောင်နှင့် မြင်နေရသည့် သစ်သားသေတ္တာ တစ်လုံးကို လှန်လိုက်သည်။ ပြီး လက်နှင့်မွှေနှောက်လိုက်သည်။ အဝတ် အစားအဟောင်းများပဲ တွေ့ရ၏။

သည့်နောက် တွေ့သမျှဘူးများကို အသာဖွင့်ကြည့်၏။ ပိုက်ဆံ နှင့်တူတာ ဘာမျှမရှိ။ မတွေ့။ မှားပြီနဲ့တူရဲ့။

ရောက်မှတော့ မထူးပြီ။

သူဒီမှာ ဘူးသီးခြောက်ကြီးတစ်လုံးကို တွေ့လိုက်သည်။ ဘူးသီး ခြောက်အဖုံးကိုဖွင့်၍ နှိုက်လိုက်သောအခါ ငွေအကြေွများပါလာသည်း ကိုကျားကြီး အရမ်းဝမ်းသာသွားခဲ့ပြီ။

ဒီမှာပဲ ခါးပိုက်ထောင်လုပ်ပြီး ငွေအကြေွများအားလုံးကို စုထည့် လိုက်သည်။ အားပါးပါး . . . အကြေွချည်းပဲမို့ လေးလိုက်တာ ကုန်သလောက်ရှိပြီမို့ လှည့်လိုက်စဉ် . . .

"လူကလေး"

"ဟင်"

"သင်မမိုက်မဲပါနှင့် လူကလေး"

အလိုလေး ဆာဒူးအဘိုးကြီး ထိုင်လျက်က နိုးလာပြီးသူ့ကို လှမ်းပြောနေပါလား။

"လူကလေး . . . ပြန်ထားခဲ့ပါ"

"ကျုပ်မထားနိုင်ဘူး"

"ထားခဲ့လူကလေး၊ အမှားကြီး . . . မှားလိမ့်မယ်"

"ဟာ . . . မထားဘူးကွာ၊ သေပေရော့"





သူ့မျက်နှာကို မီးရောင်နှင့် မှတ်မိသွားပြီမို့ ဓားအိမ်မှ ငှက် ကြီးတောင်ဓားကို လှစ်ခနဲဆွဲထုတ်လိုက်ပြီး အဘိုးအိုရဲ့ လည်ပင်းကို ခုတ်ချလိုက်သည်။

"ရှီး"

"ဒုတ်"

"အား"

အဘိုးအို ရှေ့သို့မှောက်လျက် လဲကျသွားပြီး မီးခွက်ပါ ငြိမ်း သွား၏။ သူ့ဓားက "မြ"နေသည့်ဓား။ တစ်ချက်တည်းနှင့် ဇက်ပြတ် သွားနိုင်သည်။ အချိန်သိပ်မရှိ။ သူဂူထဲမှ အလျင်အမြန် ပြေးထွက် လိုက်၏။

မကြာခင် . . .

လာခဲ့ရာလမ်းဖြစ်၏။ ညောင်ပင်ကြီးအောက်သို့ ရောက်ခဲ့၏။ မောလွန်း၍ ညောင်ပင်အောက်မှာ ခဏနားလိုက်သည်။

"ဟင်း . . . ဟင်း"

"ဟင်း"

အလာတုန်းကလို လူသံ 'ဟင်း'သံ ကြားရပြန်၍ သူတုန် လှုပ်သွား၏။ ဓားကိုဝင့်ပြီး လှည့်ကြည့်လိုက်သည်။

"တောက်"

"ဟာ . . . လူနဲ့တူတယ်"

သူလုပ်ပုံကို သိသူရှိပြီနဲ့တူရဲ့။ သူဓားကိုဝင့်ပြီး မျက်မြင် သက်သေ ဖြစ်လာမည့်သူကို အပြတ်ရှင်းရန် လိုက်ရှာသည်။

"ဝုန်း"

"အမလေး"



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာပဲ ညောင်ကိုင်းပေါ်မှာ ဖြူဖြူကုန်းကုန်းကြီးတစ်ခု ခုန်ချလာပြီး သူနောက်ကျောကို လက်ဝါးနှင့်တအား ရိုက်ချလိုက်တော့သည်။

"ဖောင်း"

"အမလေးဗျ"

"ဝိုး"

"ရှီး . . . ဝိုး . . . ရှီး . . . ရှီး"

ကျောထဲမှာ အသည်းစိမ့်မျှ နာကျင်လွန်းလှ၍ ရှုးဝါးစွာ တစ်ချက်အော်ပြီး လက်ပြန်ခါးနှင့် မွှေ့ယမ်းခုတ်လိုက်ပါသော်လည်း နောက်တစ်ချက်ကျရောက်သည့် လက်ဝါးရာကြောင့် သူမြေပြင်မှာ မှောက်လျက်လဲကျပြီး လုံးဝသတိလစ်သွားခဲ့လေသည်။

\+ + + + + + +

(၅)

"ဟာ . . . ကျားကြီးပါလား။ ဘယ်လိုဖြစ်နေတာလဲဟ"

"ဟေ့ . . . ကြိုးတုပ်လျက်ကြီးဟ"

"ဟေ့လူ . . . ကိုကျားကြီး . . . ကိုကျားကြီး"

ဈေးသွားရောင်းကြမည့် ဈေးသူဈေးသားများသည် ညောင်မှတ်ဆိတ်နွယ်ကြိုးများနှင့် ခြေရောလက်ရောကိုယ်ရော တုပ်လျက်သားတွေ့နေသည့် အရက်သမား ကိုကျားကြီးကိုမြင်ပြီး လှုပ်ကြအော်ကြမေးကြ၏။

မကြာမီ လူတွေပိုများလာပြီး ဝိုင်းကြည့်နေကြ၏။

အဲဒီမှာ ရဲပုလိပ်သား တစ်ဦးလည်း အလုပ်ဝင်ရန် လာနေသည်

"ဘာဖြစ်နေကြတာလဲဗျေ့"

ရဲပုလိပ်သားက လူစုကိုတွေ့၍ အော်မေးလိုက်၏။

---



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ အရက်သမားကိုကျားကြီး ကြိုးတုပ်လျက် မေ့နေလို့ဗျ"

"ဟာ . . . လူမိုက် ကိုကျားကြီးပါလား။ ဟော့ကောင် . . . ကျားကြီး . . . ကျားကြီး"

ရဲပုလိပ်သားက လှုပ်၍နှိုး၏။ မကြာခင် ကျားကြီး နိုးလာ၏။

သူ့အနီးမှာ ခေါင်းရှည်တစ်ချောင်းကို မသက်ာဖွယ်တွေ့ရ၏။ ငွေအကြွေ အစေ့တော်များများလည်း မြေပြင်မှာ ပြန့်ကျဲနေ၏။

ဒီမှာ . . . ကျားကြီးရဲ့ ပုဆိုးခါးပုံကြီး လှုပ်နေသည်ကိုလည်း မြင်လိုက်ကြရ၏။

"ဟော့ကောင် . . . ကျားကြီး သတိရပြီလား"

ရဲပုလိပ်သားက သူ့ကို ကိုင်မေးလိုက်၏။ ကျားကြီး နွယ်ကြိုးတုပ်လျက်ကနေ ရဲပုလိပ်သားကို မြင်လိုက်ရသောအခါ အကြီးအကျယ် တုန်လှုပ်သွားခဲ့ပြီး မျက်စိမျက်နှာပျက်နေ၏။

"ဟော့ကောင် . . . ကျားကြီး . . . ဒီပိုက်ဆံတွေ ဘယ်ကရလာတာလဲ။ ကြည့်စမ်း . . . အများကြီးပဲ။ မင်း . . . အလှူခံပုံးဖောက်လာတာ မဟုတ်လား။ ဒါလဲ . . . မင်းခေါင်းရှည် မဟုတ်လား"

ဒီမှာလဲ ကျားကြီးရဲ့ ခါးပုံစ ခါးပိုက်ထောင်သည် လှုးလှုပ်ရှားရုန်းကန်နေ၍ ကျားကြီး တုန်လှုပ်သွားပြန်၏။

သူ . . . သူ ခါးပုံဆောင်အိတ်ကို ကြည့်၍ အံ့ဩနေ၏။ အထဲမှာဘာရှိ၍ လှုပ်နေပါလိမ့်။ လှုပ်ပုံက ထိုးထွက်နေချင်သည့် အကောင်ပလောင်တစ်ခုခု . . .

"ဟို . . . ဟို . . . ရဲသားကြီး . . . ခင်ဗျား"





"ဘာလဲ . . . မင်းညက တစ်အိမ်အိမ်ဝင်နိုးတယ် မဟုတ်လား"

"ကျွုပ် . . . ကျွုပ် . . . ခါးပိုက်ဆောင်ထဲမှာ ဘာကောင်ဝင်နေလဲမသိဘူးဗျ။ အာ . . . လုပ်ပါဗျာ . . . ထုတ် . . . ထုတ်ပေးကြပါဗျာ"

"မင်း . . . ဘာခိုးလာလို့လဲ ကြက်လား၊ ဘဲလား၊ ပြောလေကွာ"

"လုပ် . . . လုပ်ပါဗျာ . . . ထုတ်ပေးကြပါ၊ မြန်မြန်လုပ်ပါဗျာ"

ဒီမှာပဲ ရဲပုလိပ်သားက ကျားကြီးရဲ့ ခါးပိုက်ဆောင်ကြီးကို ဆွဲ၍ ဖြေချလိုက်သောအခါ . . .

"အမလေးဗျ"

"ဟာ"

"အလိုလေးတော့ လုပ်ကြပါဦး . . . တော့"

"အား . . . အား . . . အမလေး . . . လုပ်ပါဦးဗျ"

"ဟာ . . . မြွေကြီးဟ . . . မြွေဟောက်ကြီးဟ"

ကျားကြီး၏ ခါးပိုက်ဆောင်ပွင့်သွားသောအခါ အထဲမှသက်ကောက်ဝတ်ခန့်ရှိသော မြွေဟောက်ကြီးသည် မြေပြင်သို့ ထွက်လာပြီး ကျားကြီးရှေ့မှာ ပါးပျဉ်းထောင်သောအခါ လူမိုက်ကျားကြီး ငယ်သံပါအောင် အော်လိုက်တော့သည်။

ဝိုင်းကြည့်သူများလည်း ကြောက်လန့်ပြီးပြေး၍ အဝေးအဝေးလှမ်းလှမ်းမှ ကြည့်နေကြ၏။

"ကိုရဲကြီး . . . လုပ်ပါဗျာ။ ကယ် . . . ကယ်ပါဦးဗျ . . .



www.burmeseclassic.com

www.burmeseclassic.com



အမလေးဗျ"

မြွေဟောက်ကြီးသည် ပါးပျဉ်းကိုထောင်ပြီး ကျားကြီးရဲ့နှာရောင်ကြားကို မျက်လုံးရဲရဲနှင့်စိုက်ကြည့်ကာ ပေါက်မလိုဟန်လုပ်လိုက်ရာ . . .

"သေပြီဟ"

"အမလေးဗျ"

"ဟာ . . . ဟာ"

ကျားကြီး ကြောက်လန့်၍ ချေးရော၊ သေးရောပါ ထွက်တော့၏။

ဒီမှာပဲ ရဲသားကြီးက တုတ်တစ်ချောင်းကောက်ပြီး ခြောက်လှန့်လိုက်မှ မြွေဟောက်ကြီးသည် ရှူးခနဲ အသံပြုပြီး ဆာဒူးသူတော်စင်ကြီးရှိရာ တောင်ကုန်းပေါ်သို့ တက်သွားသည်ကို အားလုံး ထူးဆန်းစွာ မြင်လိုက်ကြရလေသည်။

ကျားကြီးသည် ဆီးကင်းခန့် ချွေးသီးများ ပြိုက်ပြိုက်ကျရင်း အသားများ တုန်နေ၏။

သူ ဒီခါးပိုက်ဆောင်ထဲမှာ ငွေအကြွေများ ထည့်ယူလာကာ အသားများတုန်နေ၏။

ဒီမှာ ရဲသားလုပ်သူက -

"ကျားကြီး"

"ဗျာ . . . ဗျာ"

"မင်း . . . ဒီပိုက်ဆံတွေဘယ်က ခိုးလာတာလဲ . . . အမှန်အတိုင်းပြော"

"ဖို့ . . . ဟိုတောင်ကုန်းဂဝ္ဂ ဆာဒူးကြီးဆီက . . . "





"ဟာ"

"ဘုရား . . . ဘုရား"

"မိုက်လှချေလား ကျားကြီးရာ"

"မင်း . . . ဆာဒူးကြီးကို ဘာလုပ်ခဲ့သေးလဲ . . . ပြောနော်"

"ဟို . . . ဟို . . . ဓား . . . ဓားနဲ့ လည်ပင်းကို ခုတ်ခဲ့ပါတယ်"

"တိရစ္ဆာန်ကောင်ကွာ"

"သူတော်စင်ကြီးကိုများ ဓားနဲ့ခုတ်သတဲ့"

"ဟေ့ကောင် . . . လူမိုက် . . . မြွေကိုက်သေဖို့ ကောင်းတယ်မှို့"

"မင်းကို ဘယ်သူဖမ်းပြီး ကြိုးနဲ့ချည်ခဲ့တာလဲ"

"မသိဘူး . . . ခင်ဗျာ"

"ဟ . . . ဘာလို့ မသိရမှာလဲကွ၊ ပြောနော်"

"ကျုပ် ဒီညောင်ပင်အောက်မှာ ဖြူဖြူကြီးက ကျောကို လက်ဝါးနဲ့ရိုက်ချပြီး မေ့သွားချိန်မှာ နွယ်ကြိုးနဲ့ချည်ခဲ့တာနေမှာ"

"အဲဒီလူကိုရော မှတ်မိလား"

"ဟင့်အင်း"

"ဘာလို့ မမှတ်မိရတာလဲ လူလိမ်ရ . . . ဟင်"

"ဒီ . . . ဒီ ညောင်ကိုင်းပေါ်က ခုန်ချတာမို့ဗျ"

"ဟော"

"ဟာ"

"ဒါ . . . ဒါဆို . . . ဘုရား . . . ဘုရား . . . ဒါ . . . ဒါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမြွေဟောက်ကြီးကရော"

"အဲဒီ ဖြူဖြူကြီးပဲ ထည့်သွားသလား မသိဘူးဗျာ . . . အား"

သည့်နောက် သူက ရဲသားလုပ်သူကို သူကျူးလွန်ခဲ့သည့် ပြစ်မှုနှင့် ဖြစ်စဉ်အစအဆုံးကို ပြန်ပြောပြလိုက်သောအခါ ကြားရသူများ လွန်စွာတုန်လှုပ် ချောက်ချားပြီး လန့်သွားကြ၏။

ဒါနှင့်အတူ ဓားခုတ်ခံရသည့် သူတော်စင်အဘိုး ဆာဒူးကြီးကိုလည်း သနားသွားကြ၏။

"လာ . . . မင်း . . . အဲဒီကို လိုက်ပြ"

ရဲသားက ခြေထောက်ကြိုးကိုဖြေပြီး ခရီးသွားသက်သေများနှင့် ဆာဒူးကြီးနေထိုင်ရာ တောင်ကုန်းဂဝ်ဂူကျောင်းရှိရာသို့ တက်ခဲ့လိုက်ကြသည်။

ဂူရှေ့သို့ ရောက်သောအခါ လူအများ အံ့သြသွားကြကုန်၏။

အကြောင်းကား . . .

နေထွက်ပြူ ဂူပေါက်ဝမှ ဖြူစင်ဝတ်စုံနှင့် နေထွက်ရာအရပ်ကို မျက်နှာမူပြီး . . .

"ဗုတ်ဆံ . . . သရဏံ . . . ဂစ္ဆာမိ

ဓမ်ံ . . . သရဏံ . . . ဂစ္ဆာမိ

သံဃံ . . . သရဏံ . . . ဂစ္ဆာမိ" ဟူသော သရဏဂုံကို ရွတ်ဖတ်နေသော ဆာဒူးသူတော်စင်ကြီးကို တွေ့လိုက်ရသောကြောင့် ဖြစ်၏။

အားလုံးထက်ပို၍ အံ့သြရသူကား . . .

ဂါထာမန္တန်ကို အသံထိန်းပြီး ရေရွတ်နေသော လူ့ဆန်းသည်





ဆာဒူးအဘိုးအိုကြီးကို မသေမပျောက် တွေ့လိုက်ရသောကြောင့် ဖြစ်လေသတည်း။

+ + + + + + +

မောင်ညိုမှိုင်း (သန်လျင်)

www.burmeseclassic.com